# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၅၊အမှတ်(၂)၊၂၀၁၈ခုနှစ်(ဧပြီ-မေ-ဇွန်)

"FROM DATA TO POLICY"



STANDARD OF LIVING




"Better Data, Better Statistics, Better Lives"

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ / ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၅၊ အမှတ်(၂)၊ ၂၀၁၈ ခုနှစ်၊ ဧပြီ - မေ - ဇွန်


## မာတိကာ


| | | |
|---|---|---|
| **ကဗျာကဏ္ဍ** | | |
| တာဝန်ထမ်းသောပုခုံးများ | မြမိုးဖြူ | ၁ |
| သတိ......မိတ်ဆွေ | ညို(CSO) | ၂ |
| **ဆောင်းပါးကဏ္ဍ** | | |
| မြန်မာပြည်သူများ၏ ဘဝတိုးတက်ရေး၊ ပြည်သူ့အသံ နားထောင်ပေး | ဒေါက်တာဝါဝါမောင် | ၃ |
| တစ်ဦးချင်းလုပ်ဆောင်မှုမှသည် ပေါင်းစည်းလုပ်ဆောင်ခြင်းဆီသို့ | သန်းဇော် | ၉ |
| ကျင့်ဝတ်နှင့်လုပ်ငန်းခွင် | ဒေါက်တာညီညီမောင် | ၁၂ |
| အနာဂတ်စက်မှုခေတ်ပြောင်းတော်လှန်ရေး၏ အကျိုးသက်ရောက်မှုများ | ဒေါက်တာပင်လုံအေး | ၁၆ |
| Data Measurement Level ဆိုသည်မှာ | ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ) | ၂၀ |
| SMEs ကဏ္ဍများ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းတာဝန်ယူကြပါစို့ | ဒေါက်တာမင်းဇော်ဦး | ၂၃ |
| ကိန်းဂဏန်းအသုံးပြုသူနှင့် ပံ့ပိုးပေးသူများအကြား ဆက်ဆံရေး (Data User and Provider Relationship) | ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့) | ၂၆ |

| | | |
|---|---|---|
| မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲအကြောင်း သိကောင်းစရာများ | မေမွန် (ဗဟိုစာရင်းအင်းအဖွဲ့) | ၂၉ |
| ဒစ်ဂျစ်တယ်မားကတ်တင်းနှင့် ဈေးကွက်ကိုထိုးဖောက်ခြင်း | စန်းယုအောင် | ၃၆ |
| အမည်ခံ GDP နှင့် အမှန် GDP | ဉာဏ်ဖြိုး (မုံရွာစီးပွားရေးတက္ကသိုလ်) | ၄၁ |
| ဝင်ငွေခွန်တစ်ပြေးညီဖြစ်ရေးဆောင်ရွက်သင့်သောအာဆီယံ | သိန်းမြင့်ဝေ | ၄၄ |
| အကျိုးရှိသောပြည်ပအကူအညီအထောက်အပံ့များ ဖြစ်ပေါ်လာရေး | ဒေါ်နွယ်နွယ်ဝင်း | ၄၈ |
| အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် သက်မွေးပညာ၏အခန်းကဏ္ဍ | ဒေါက်တာညီ | ၅၂ |
| ဘဝအထွေထွေ (၈) | ကျော်ဒွန်း ညွှန်ကြားရေးမှူး(ငြိမ်း) | ၅၆ |
| ဆိုရှယ်မီဒီယာ Facebook သုံးခြင်းဖြင့် ရရှိခဲ့သောအကျိုးကျေးဇူးများ | မယ်သန့် | ၆၀ |
| ပလတ်စတစ်ညစ်ညမ်းမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြစို့ | မယု(စက်မှု) | ၆၅ |
| အခမဲ့ပညာရေးနှင့် ထိရောက်သောအကျိုးရလဒ်များရရှိရေး | သိန်းသိန်းစံ | ၆၈ |
| နှိုးစက်များ၏ ဒိုင်ယာရီ | ဝင်းဝင်းဝါ | ၇၁ |
| အမှတ်တမဲ့များမှ အမှတ်တရများ | နှင်းသန့်ဖြူ (ဗဟိုစာရင်းအင်းအဖွဲ့) | ၇၅ |

# တာဝန်ထမ်းသောပခုံးများ



အရွေ့တစ်ခုအားအင်စုလို့
ရှေ့သို့မှန်းရည် သွားမည်ကြံသော်
အောင်မြင်ဖို့ရာအချက်ချာကား
ညီညာရန်းစုအားပြုမှု၊
ဖြဖြညီညာကြိုးစားရာမည့်
လူလတ်လူရွယ် လူငယ်စုံတို့
လမ်းမှန်မနေးဖြောင့်စေရေးတွက်
စီမံညွှန်ကြားခေါင်းဆောင်ကောင်းများ၊
ခေါင်းဆောင်ကောင်းနောက်
ရည်သွေးတောက်လျက်
ကိုယ်ကျင့်သိက္ခာပြည့်စုံစွာဖြင့်
သာစွလူတော် လူကောင်းမော်တို့
ရွှင်လန်းကြည်လင် လိုက်စေချင်၊
လိုက်ပါဝန်ထမ်း စေတနာစွမ်းဖြင့်
မိမိဝန်တာ ကျေပွန်အောင်သာ
တစ်ဦးချင်းကပခုံးကြွလျှင်
မကြာမတင် ရောင်နီမြင်၍
အရဏ်သစ်သို့ ရောက်မည်သာ။

**မြမိုးဖြူ**

# သတိ....မိတ်ဆွေ




အို…မိတ်ဆွေ
သင့်အတိတ်က အရိပ်လိုပါ
ခိုနားခိုက်မှာ သမိုင်းစိုက်ဖို့
အားထုတ်ကာလုပ် အကျိုးမယုတ်။
အို…မိတ်ဆွေ
ယခုလက်ရှိ သင့်အသိက
ရာနှုန်းအပြည့် အမှန်မသိ
ထို့ကြောင့်မာန တဒင်္ဂကို
ပန်းတိုင်စိုက်ထူ မင်းမမူနဲ့။
အို…မိတ်ဆွေ
တတ်သိသမျှ ပမာဏကို
ဖလှယ်ကာသုံး အရာအားလုံး
စေတနာထားကာ ဖြန့်ဝေပါလေ
ကောင်းကျိုးအထွေထွေ။
အို…မိတ်ဆွေ
လောကလူ့ဘုံ ရခဲကြုံလို့
တွေ့ဆုံခဏ ဤဘဝတွင်
မိမိတွက်ရော အများတွက်ပါ
ကောင်းကျိုးမျှော်လျက်
စုပေါင်းထမ်းရွက် နိုင်ငံ့အတွက်။

**ညို** (CSO)



# မြန်မာပြည်သူများ၏ ဘဝတိုးတက်ရေးပြည်သူ့အသံနားထောင်ပေး

|ဒေါက်တာဝါဝါမောင်|

မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းအား ပွင့်လင်း၍ နိုင်ငံရေးရင့်ကျက်မှုရှိသည့် အပြန်အလှန် လေးစားတတ်ပြီး အားလုံးပါဝင်နိုင်သည့် ခေတ်မီလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရောက်ရှိအောင် ဦးတည်၍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယခုအခါ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်သစ်ဆီသို့ ဦးတည်ရာတွင် ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းစဉ်များ အား ပြည်သူအပါအဝင် ဖွံ့ဖြိုးမှုတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ၊ သက်ဆိုင်သူများနှင့် အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု (People-centered Development)မူဝါဒကို အကောင် အထည်ဖော်ဆောင်ရန်၊ မြန်မာပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် ပြည်သူ့ အကျိုး ပြုလုပ်ငန်းများ ဖော်ထုတ်နိုင်ရန် ပြည်သူ့အသံအား နားထောင်ပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ပြည်သူ့အသံ နားထောင်ရေးအတွက် ကျပန်းနမူနာ ကောက်ယူခြင်းဖြင့် ကဏ္ဍအသီးသီးအတွက် စစ်တမ်းများ ကောက်ယူ ဆောင်ရွက်နိုင်ပါ သည်။ မိမိတို့ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် ကမ္ဘာ့ဘဏ် (WB) တို့မှ ငွေကြေးနှင့် နည်းပညာအကူအညီများရယူ၍ မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်း (၂၀၁၇) အား Quarter လေးခုဖြင့် ၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံး ဆောင်ရွက် ခဲ့ပါသည်။

အဆိုပါစစ်တမ်းအား မကောက်ယူမီ စစ်တမ်းမေးခွန်းလွှာပြင်ဆင်ခြင်း လုပ်ငန်းများ၊ စစ်တမ်းနည်းပညာ၊ လွှမ်းခြုံနိုင်မည့် နယ်ပယ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲ သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး စမ်းသပ်ကောက်ယူမှုများအား သုံးကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါသည်။ ကောက်ယူရန်အတွက် အထူးလေ့ကျင့်သင်တန်းပေးထားသော အဖွဲ့များအား မြန်မာနိုင်ငံအနှံ့အပြားသို့ စေလွှတ်တာဝန်ပေးကာ ကောက်ယူခဲ့ပါသည်။ အထူးတာဝန်ပေးထားသည့် ဝန်ထမ်းများအား အဆိုပါစစ်တမ်း လုပ်ငန်းဆောင်ရွက်ချိန်အတွင်း ဌာန၏ ပုံမှန်လုပ်ငန်းများအား တာဝန်ပေးအပ် ခြင်းမရှိဘဲ အဆိုပါစစ်တမ်းအလုပ်ကိုသာ တစ်နှစ်ပတ်လုံး စူးစိုက်ဇောက်ချ လုပ်ကိုင်စေပါသည်။

မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) သည် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများ မည်ကဲ့သို့ နေထိုင်နေကြကြောင်းကို ဘက်ပေါင်းစုံမှ လေ့လာသည့် စစ်တမ်းတစ်ခုဖြစ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်သူတို့၏ နေထိုင်မှုအခြေအနေကို သိရှိနိုင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နိုင်ငံ၏ လူမှု၊ စီးပွားဖွံ့ဖြိုးမှုအတွက် မူဝါဒများနှင့် စီမံချက်များ ချမှတ်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) များ အကောင်အထည်ဖော်ဆောင်ရေးအတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ၊ ညွှန်ကိန်းများရရှိနိုင်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ မြို့နယ်အလိုက်၊ မြို့ပြ၊ ကျေးလက် ခွဲခြား၍ စားသုံးသူဈေးဆန်းကိန်း (CPI) နှင့် ငွေကြေး ဖောင်းပွမှုနှုန်း တွက်ချက်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် အမျိုးသားစာရင်းစနစ် (SNA) တွက်ချက်ရန်အတွက် စုစုပေါင်း စားသုံးမှုကုန်ကျစရိတ်တို့ကို ခန့်မှန်းနိုင်ရန် ရည်ရွယ်၍ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) (Myanmar Living Conditions Survey - MLCS) ကို ကောက်ယူခဲ့ပါသည်။

အဆိုပါ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) ကို မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးရှိ မြို့နယ်ပေါင်း ၃၃၀ တွင် အိမ်ထောင်စုပေါင်း ၁၃၀၀၀ ကျော်အား Quarter လေးခုလုံး ကောက်ယူခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ဒုတိယအပတ်တွင် ပြီးစီးခဲ့ပြီး အချက်အလက်များရေးသွင်းကာ စိစစ်၍ လူမှု၊ စီးပွားအခြေအနေများ ဖော်ပြနိုင်ရေးအတွက် ညွှန်ကိန်းများ တွက်ချက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် မေလကုန်တွင် အဓိကညွှန်ပြချက် အစီရင်ခံစာနှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် လူမှု၊ စီးပွားရေးအခြေအနေ အစီရင်ခံစာတို့ကို ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဤစစ်တမ်းတွင် လူများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ရရှိသောဝင်ငွေအား စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် မိသားစု၏ အခြားကိစ္စနှင့် လိုအပ်ချက်များအတွက် သုံးစွဲပုံဆိုင်ရာ အချက်အလက်များကို ကောက်ယူစုဆောင်းပါသည်။ စုဆောင်းရရှိသော အချက်အလက်များအား အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများအား ချမှတ်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ၏ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေး၊နိုင်ငံလုံးဆိုင်ရာ ဘက်ညီဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရေးနှင့် လူမှု၊ စီးပွားဆိုင်ရာ ညွှန်ကိန်းများ တွက်ချက်နိုင်ရေးတို့အတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ဖော်ပြပါပုံအနေဖြင့် စစ်တမ်းစတင်ဆောင်ရွက်စဉ် ကတည်းက ပြည်သူများနှင့် စစ်တမ်းတွင် ပါဝင်ပတ်သက်သူများအားလုံးသို့ အသိပညာပေးဆောင်ရွက်ခဲ့သည့်ပုံဖြစ်ပါသည်။

အောက်ပါ လွယ်ကူရိုးရှင်းသည့် မေးခွန်းများနှင့် စစ်တမ်းအကြောင်းအရာအား တင်ပြလိုပါသည်။

## (က) မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းအား မည်သည့်နေရာများတွင် ကောက်ယူခဲ့ပါသနည်း။

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် စစ်တမ်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ခရိုင်အားလုံးနှင့် မြို့နယ်အားလုံးနီးပါးတွင် ကောက်ယူခဲ့သဖြင့် မြို့ပြ၊ ကျေးလက်၊ တောင်ပေါ်၊ မြေပြန့်ဒေသအားလုံး အကျုံးဝင်ပါသည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ အိမ်ထောင်စုပေါင်း ၁၃၈၂၄ ကို ကောက်ယူရန် ရည်ရွယ်ခဲ့သော်လည်း ဖြေကြားမှုပျက်ကွက်ခြင်းများရှိခဲ့သဖြင့် အိမ်ထောင်စုပေါင်း ၁၃၇၃၀ ကိုသာ ကောက်ယူနိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤစစ်တမ်း

အပေါ် တုံ့ပြန်မှုမှာ ၉၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။

ဤစစ်တမ်း၏ လွှမ်းခြုံမှုမှာ ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောနှင့် ‘ဝ’ ဒေသမှလွဲ၍ ကျန်နယ်မြေအားလုံးအား လွှမ်းခြုံနိုင်မှုရှိခဲ့ပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်း ဒေသနှင့် ‘ဝ’ဒေသတို့တွင် နယ်မြေလုံခြုံရေးကြောင့် စစ်တမ်းမေးမြန်းခွင့် မရရှိခဲ့သော်လည်း အဆိုပါဒေသများတွင် အလားတူ လူမှုအသိုင်းအဝိုင်းများရှိသည့် စစ်တမ်းကောက်ဒေသအား အစားထိုးဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်း စစ်တမ်းကောက်ယူသည့်ဒေသ (Enumeration Area- EA) ပေါင်း ၁၁၄၅ ခု ရှိခဲ့ပါသည်။

## (ခ) စစ်တမ်းအား မည်သူမှ ကောက်ယူခဲ့ပါသနည်း။

မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့မှ ဦးဆောင်ကာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့မှ ငွေကြေးနှင့် နည်းပညာအကူအညီများရယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စစ်တမ်းကောက်ယူရန်အတွက် အထူးလေ့ကျင့်သင်တန်းပေးထားသော အဖွဲ့များအား မြန်မာနိုင်ငံ အနှံ့အပြားသို့ စေလွှတ်တာဝန်ပေးကာ ကောက်ယူခဲ့ပါသည်။

> ”
> **မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအား အခြေခံသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ပြည်သူတို့၏ ဝင်ငွေနှင့် အလုပ်အကိုင်များသည် ရာသီအလိုက် အပြောင်း အလဲများ မည်သို့ဖြစ်ပေါ်နေသည်ကို**

## (ဂ) စစ်တမ်းမေးခွန်းသည် မည်သည့်နယ်ပယ်များအား ကောက်ယူခဲ့သနည်း။

စစ်တမ်းမေးခွန်းသည် အိမ်ထောင်စုများ၏ လူဦးရေအရွယ်အစား၊ ဝင်ငွေ၊ အသုံးစရိတ်၊ မည်သည့်ကုန်စည်များအား မည်သည့်ဈေးနှုန်းဖြင့် ဝယ်ယူစားသောက်သည် စသည်ဖြင့် ရာသီအလိုက် အလုပ်အကိုင် အကြောင်းအရာ၊ မှီခိုသူဦးရေ၊ ကျောင်းသား၊ ပညာရေးနှင့် ကျန်းမာရေး၊ မီးနှင့် စွမ်းအင်အသုံးပြုမှု၊ ရေရရှိမှု၊ သန့်ရှင်းသည့် အိမ်သာအသုံးပြုမှု စသည့်အိမ်အကြောင်းအရာများ၊ ဒေသလမ်းပန်းဆက်သွယ်ရေး၊ ပိုင်ဆိုင်မှု၊ နည်းပညာအသုံးပြုနိုင်မှု၊ မသန်စွမ်းသူ ရှိ၊ မရှိ၊ ရွှေ့ပြောင်းနေထိုင်လာသူ ဟုတ်၊ မဟုတ် စသည့် အကြောင်းအရာများအား သုံးလတစ်ကြိမ် Quarterly မေးမြန်းဆောင်ရွက်ထားခြင်း ဖြစ်သည်။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအားအခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်သူတို့၏ ဝင်ငွေနှင့် အလုပ်အကိုင်များသည် ရာသီအလိုက် အပြောင်းအလဲများ မည်သို့ဖြစ်ပေါ်နေသည်ကို သိရှိစေနိုင်ပါသည်။

## (ဃ) စစ်တမ်းအားမည်သည့်အချိန်မှ စတင်ကောက်ယူခဲ့ပြီး မည်သည့်အချိန်တွင် ပြီးဆုံးခဲ့သနည်း။

စစ်တမ်းအား ၁၂ လတိုင်အောင် တစ်နှစ်ပတ်လုံး ကောက်ယူခဲ့ပြီး ကွင်းဆင်းစစ်တမ်း ကောက်ယူမှုများအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင်စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ Field များတွင် ရေးသွင်းခဲ့သည့် စာရင်းအချက်အလက်များအား ပြန်လည်စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ ညွှန်ကိန်းများ တွက်ချက်ခြင်း၊ အစီရင်ခံစာရေးသားခြင်း၊ စာရင်းအချက်အလက် အသုံးပြုသူများ၊ စစ်တမ်းတွင် ပါဝင်ပတ်သက်သူ အားလုံးနှင့် ဆွေးနွေးပွဲဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## (င) စစ်တမ်းမှ ရရှိသောရလဒ်များအား မည်သို့ အသုံးပြုမည်နည်း။

၂၀၁၈ ခုနှစ် မေလကုန်ပိုင်းတွင် စစ်တမ်းရလဒ်များအဖြစ် အဓိကညွှန်ပြချက်အစီရင်ခံစာ ရရှိမည်ဖြစ်ပြီး

နိုင်ငံတော်အစိုးရမှ မြန်မာပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများနှင့် အစီအစဉ်များကို ရေးဆွဲချမှတ်ရာတွင် တွေ့ရှိချက်များအား ထည့်သွင်း စဉ်းစား အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန် နောက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေအနေများအပါအဝင် မြန်မာနိုင်ငံ၏ လူမှုစီးပွား အခြေအနေအား တင်ပြသည့် အစီရင်ခံစာအား ထုတ်ပြန်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စစ်တမ်းမှရရှိသည့် အချက်အလက်များကို အသုံးပြုခြင်းဖြင့် သုတေသနပညာရှင်များအနေဖြင့် မြန်မာနိုင်ငံရှိ လူနေမှုအခြေအနေများကို ပိုမို၍အသေးစိတ် ဆန်းစစ်လေ့လာနိုင်မည်ဖြစ်ပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများမှလည်း မြန်မာနိုင်ငံအတွင်းရှိ အားနည်းချက်ရှိသူများ၏ လိုအပ်ချက်များအတွက် အသိပေးရှင်းလင်းဆွေးနွေးမှုများကို ပြုလုပ်ပေးနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အိမ်ထောင်စုများ၏ စားသုံးမှုပုံသဏ္ဌာန် အပြောင်းအလဲအလိုက် ထုတ်လုပ်မှုပုံစံအား လိုက်ပါပြောင်းလဲနိုင်မည်၊ ကျေးလက်ဒေသများတွင် ဝင်ငွေတိုးတက်ရေးအတွက် မည်သည့်ဒေသများတွင် မည်သည့်ထုတ်လုပ်မှုပုံစံနှင့် လိုက်လျောညီထွေမှု ရှိနိုင်သည်၊ လယ်ယာနှင့် လယ်ယာမဟုတ်သော စီးပွားရေးလုပ်ဆောင်ချက်များအား မည်သည့်ဒေသတွင် မည်သို့ဖော်ထုတ်နိုင်မည်၊ ထုတ်လုပ်မှုမှ ပြည်သူများ၏ စုစုပေါင်းစားသုံးမှုအား ချန်လှပ်၍ ကျန်ရှိနေသော ထုတ်ကုန်များအား ပို့ကုန်အဖြစ် တင်ပို့ရာတွင် ခန့်မှန်းသည့် ကိန်းဂဏန်းများ အနီးစပ်ဆုံး မှန်ကန်စေခြင်း၊ ဝင်ငွေ၏ မည်သည့်ရာခိုင်နှုန်းကို အစားအစာ စရိတ်အတွက် အသုံးပြုပြီး မည်သည့်ရာခိုင်နှုန်းအား ဝန်ဆောင်မှုအတွက် အသုံးပြုသနည်း၊ အလုပ်လက်မဲ့နှုန်း၊ ထို့အပြင် သန့်ရှင်းသော သောက်သုံးရေ လိုအပ်နေသည့် ဒေသများ၊ သန့်ရှင်းမှုနှင့် အိမ်သာသုံးစွဲမှုအတွက် အသိပညာမြှင့်တင်ရန် လိုအပ်မည့် နယ်ပယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လျှပ်စစ်မီးသုံးစွဲမှု၊ မည်သည့် စွမ်းအင်ဇာစ်မြစ်ကို အသုံးပြုနေကြသည်၊ အမျိုးသားဓာတ်အားလိုင်းမှ မီးရယူသုံးစွဲနေသည့် အိမ်ထောင်စု အရေအတွက်နှင့် off-Grid မှ လျှပ်စစ်ရယူသုံးစွဲနေသည့် အိမ်ထောင်စုများ၊ စွမ်းအင်ဇာစ်မြစ်



အသီးသီးမှ အသုံးပြုနေသည့် အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း၊ အလားတူပင် ကလေးများ ကျောင်းဝင်မှုနှုန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အတန်းအလိုက် ကျောင်းထွက်နှုန်း၊ ကျန်းမာရေး ဝန်ဆောင်မှု လိုအပ်ချက်များ စသည်ဖြင့် လူမှု၊ စီးပွားအခြေအနေတို့ကို ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။

## (စ) ဤကဲ့သို့သော စစ်တမ်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကောက်ယူခြင်း ဖြစ်ပါသလား။

မြန်မာနိုင်ငံတွင် ယခင်က အိမ်ထောင်စုစစ်တမ်း အမျိုးမျိုးကို ကောက်ယူခဲ့ဖူးပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်)၊ အိမ်ထောင်စု ဝင်ငွေနှင့် စားသုံးမှုစစ်တမ်း (၁၉၈၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း)နှင့် မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအခြေအနေ စစ်တမ်း(၂၀၁၅ ခုနှစ်) တို့ဖြစ်ပါသည်။

မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းသည် ယခင်က ဆောင်ရွက်ခဲ့သော အိမ်ထောင်စု စစ်တမ်းအားလုံးကို တစ်ခုတည်းအဖြစ် ပေါင်းစည်းကာ ပိုမိုကျစ်လျစ်ခိုင်မာကောင်းမွန်သော ဒီဇိုင်းပုံစံ၊ နည်းစနစ်များဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

## (ဆ) စစ်တမ်းနှင့်ပတ်သက်၍ စာရင်းအင်း အရည်အသွေးအား မည်သို့ ထိန်းချုပ်ပါသနည်း။

စစ်တမ်း၏ Master Sampling Frame အား ၂၀၁၄ လူဦးရေနှင့် သန်းခေါင်စာရင်းမှ လူဦးရေအားလုံးအား လွှမ်းခြုံမိစေရန် အသုံးပြုထားခြင်း၊ စစ်တမ်းမေးခွန်းလွှာ

အား ကျွမ်းကျင် ပိုင်နိုင်အောင် လေ့ကျင့်ပေးထားသည့် မေးခွန်းလွှာ မေးမြန်းသူများအား အသုံးပြုခြင်း၊ သက်ဆိုင်ရာ နယ်မြေအလိုက် ဘာသာစကားကျွမ်းကျင်သူ ဘွဲ့ရ နယ်မြေခံများအား အသုံးပြုထားခြင်း၊ စစ်တမ်းတွင် မေးခွန်းမေးမြန်းသူ၊ စာရင်းအချက်အလက်များ ရေးသွင်းသူ၊ ကြီးကြပ်သူများဟူ၍ နယ်မြေအသီးသီးတွင် အစုအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဗဟိုစာရင်းအင်းအဖွဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများမှလည်း ဆက်သွယ်ဆောင်ရွက်ရေး ကိစ္စရပ်များအား တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

အထူးတာဝန်ပေးထားသည့် ဝန်ထမ်းများအား အဆိုပါစစ်တမ်းလုပ်ငန်း ဆောင်ရွက်ချိန်အတွင်း ဌာန၏ ပုံမှန်လုပ်ငန်းများအား တာဝန်ပေးအပ်ခြင်းမရှိဘဲ အဆိုပါ စစ်တမ်းအလုပ်ကိုသာ တစ်နှစ်ပတ်လုံး စူးစိုက်ဇောက်ချ လုပ်ကိုင်စေခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် စစ်တမ်းကြီးကြပ်ရေးအဖွဲ့မှ Spot Check များဖြင့် စစ်တမ်းအရည်အသွေးနှင့် ကောက်ယူပုံများအား စစ်ဆေးခြင်း၊ ပထမအကြိမ် ကွင်းထဲတွင် သွင်းယူခဲ့သည့် အချက်အလက်များအား ရုံးချုပ်တွင် ချက်ချင်းပြန်လည်စိစစ်သည့် Double Data Entry စနစ်အား အသုံးပြုထားခြင်း၊ UNDP နှင့် World Bank မှ ပံ့ပိုးပေးထားသည့် ကျွမ်းကျင်သူများကလည်း ကွင်းထဲမှ အချက်အလက်ရေးသွင်းမှုများအား စဉ်ဆက်မပြတ် စစ်ဆေးခြင်း၊ GPS စနစ်အား အသုံးပြုခြင်း၊ သက်ဆိုင်ရာစိန်ခေါ်မှုနှင့် အခက်အခဲများအား ဖြေရှင်းနိုင်ရေးအတွက် Survey Network ထားရှိ၍ ရုံးချုပ်နှင့် ဆက်သွယ်ဆောင်ရွက်စေပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ UNDP နှင့် World Bank တို့မှ တာဝန်ရှိသူများအနေဖြင့် သုံးလတစ်ကြိမ် စစ်တမ်းတိုးတက်မှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် အခက်အခဲ စိန်ခေါ်မှုများအား ဖြေရှင်းညှိနှိုင်းသည့် အစည်းအဝေး ကျင်းပဆောင်ရွက် ခဲ့ခြင်းတို့ဖြင့် စစ်တမ်း၏ အရည်အသွေးကို ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

## (၉) စစ်တမ်းနှင့်စပ်လျဉ်း၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအား ဖော်ပြပါ။

စစ်တမ်းမေးခွန်းလွှာသည် အပိုင်း (၁၃) ပိုင်း ပါဝင်ပြီး မေးမြန်းရာတွင် နှစ်နာရီကျော် ကြာမြင့်သည့်အတွက် စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားနိုင်ရေးအတွက် အိမ်ထောင်စုများကို နားလည်အောင် စည်းရုံးရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသအတော်များများတွင် စစ်တမ်းအား စိတ်ပါလက်ပါ ဖြေဆိုမှုများ ကြုံတွေ့ရသော်လည်း ရန်ကုန်ကဲ့သို့ မြို့ကြီးပြကြီးများတွင် အချိန်ပေးဖြေဆိုမှု မပြုလိုသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ စစ်တမ်းကို သုံးလတစ်ကြိမ် Four Quarters ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး နေရာအနှံ့ကောက်ခံသည့်အတွက် နေပူမိုးရွာ မရှောင် ဆောင်ရွက်ခဲ့ပါသည်။ ကားလမ်းမပေါက်၍ သွားလာရ ခက်ခဲသည့်ဒေသများ၊ အထူးသဖြင့် မိုးတွင်း၌ ချင်းပြည်နယ်တွင် မိုးကြီးခြင်း၊ တောင်ပြိုခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ယာဉ်များ ရွှံ့နွံများနစ်ခြင်း၊ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စက်လှေဖြင့် ခရီးသွားရသဖြင့် လေမုန်တိုင်းနှင့်ကြုံခြင်း၊ မိုးကြီး၍ လှိုင်းကြီးခြင်း၊ ရှမ်းပြည်နယ် လားရှိုး၊ မူဆယ်ဒေသများ၊ ကချင်ပြည်နယ် အထက်ပိုင်း ဒေသများတွင် တိုက်ပွဲနှင့်နယ်မြေမအေးချမ်းမှု၊ မငြိမ်သက်မှုများအကြား စစ်တမ်းအား ကြိုးစား ကောက်ယူခဲ့ရခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကြုံတွေ့ခဲ့ရ၍ စစ်တမ်းကိစ္စ အကျိုးအကြောင်းများ ရှင်းလင်းပြောဆိုရခြင်း၊ အချို့သောတိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် စစ်တမ်းကောက်ယူရာတွင် လူစိမ်း၊ မျက်နှာစိမ်း ပါဝင်နေသည့်အတွက် နှစ်သက်မှုမရှိဘဲ ရန်ပြုခံရခြင်း စသည်ဖြင့် အသက်အန္တရာယ်များအကြားမှ လူထုဆက်ဆံရေးဖြင့် အဆင်ပြေအောင် ပြောဆို ဆက်ဆံ၍ ကောက်ခံဆောင်ရွက်ခဲ့ပါသည်။ မည်သို့ဆိုစေ စာရင်းအင်းအချက်အလက်များ၏ အရေးပါမှုနှင့် ပြည်သူ့အသံနားထောင်၍ ပြည်သူလိုအပ်သော အချက်အလက်များ ဖော်ထုတ်ရေး၏ အရေးပါမှုတို့ကို ပညာပေးမြှင့်တင်မှုများစွာ ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်ပါသည်။

## (၁၀) စစ်တမ်းနှင့် စပ်လျဉ်း၍ နည်းပညာ လွှဲပြောင်းမှု ရရှိနိုင်ပါသလား။

မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်တွင် ဖွံ့ဖြိုးမှု အကူအညီများအား ရရှိနေချိန်တွင် နည်းပညာလွှဲပြောင်းမှုကို

ကောင်းစွာဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် စစ်တမ်းနည်းပညာ၊ စစ်တမ်းအား စီမံခန့်ခွဲအုပ်ချုပ်ပုံ၊ စာရင်းအင်း အချက်အလက်များအား အရည်အသွေး ပြည့်ဝမှုအတွက် စိစစ်ဆောင်ရွက်သည့် အလေ့အကျင့်၊ ညွှန်ကိန်းများ တွက်ချက်ခြင်း၊ အချက်အလက်များ စိစစ်ဆောင်ရွက်ရာတွင် Softwareအသုံးပြုမှု၊ GPSအသုံးပြုမှု၊ တွက်ချက်ရရှိပြီးသော ကိန်းဂဏန်းများ၊ ညွှန်ကိန်းများအား သုံးသပ်ခြင်း၊ အစီရင်ခံစာရေးသားခြင်း စသည့် နယ်ပယ်များတွင် နည်းပညာလွှဲပြောင်းမှုများ ရရှိစေပါသည်။ စစ်တမ်းဆောင်ရွက်သည့် ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီးသို့ သွားရောက်ဆောင်ရွက်ရသည့်အတွက် ဒေသန္တရနယ်မြေနှင့်ဆိုင်သော အတွေ့အကြုံ ဗဟုသုတများလည်း ရရှိစေပါသည်။

## (ည) စစ်တမ်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်နှင့် ထုတ်ပြန်ကြေညာမည့်အချိန်၊ အခြား သိလိုသည့် အချက်အလက်များရှိပါက မည်သို့ရရှိနိုင်မည်နည်း။

စစ်တမ်းနှင့်ပတ်သက်၍ အဓိက ညွှန်ကိန်းများအား တွက်ချက်ထုတ်ပြန် ကြေညာပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုညွှန်ကိန်း၊ မညီမျှမှု ညွှန်ကိန်းများအပါအဝင် လူမှု၊ စီးပွားအခြေအနေ အစီရင်ခံစာအား ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်တွင် ထုတ်ပြန်ကြေညာရန် အစီအစဉ်ရှိပါသည်။ စစ်တမ်းအစီရင်ခံစာအား Hard Copy နှင့်အတူ Soft Copy အား ဗဟိုစာရင်းအင်းအဖွဲ့ ဝက်ဘ်ဆိုက် www.mmsis.gov.mm တွင်လည်းကောင်း၊ ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mopf.gov.mm တွင်လည်းကောင်း Downloadရယူနိုင်အောင် တင်ပြမည် ဖြစ်ပါသည်။

စစ်တမ်းနှင့်ပတ်သက်သော ဆောင်ရွက်မှု အချက်အလက်များအား ဗဟိုစာရင်းအင်းအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့၏ အွန်လိုင်းရှိ ဝက်ဘ်ဆိုက်များတွင် ရရှိနိုင်ပါသည်။ သီးသန့်မေးမြန်းလိုသော မေးခွန်းများရှိပါက dgcsomopf@gmail.com အီးမေးလ်သို့ ပေးပို့မေးမြန်းနိုင်ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့်လည်း ပူးပေါင်း၍ စာတမ်းများ ဆက်လက်ပြုစု ထုတ်ဝေသွားမည် ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်ရေး၊ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ပြည်သူများကို အကျိုးပြုသည့် အမျိုးသားစီးပွားရေးစနစ်တစ်ရပ် ဖြစ်ထွန်း ပေါ်ပေါက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်စေရန် ဒီမိုကရေစီစနစ် ရှင်သန်ရေးနှင့်အတူ အမြစ်တွယ်ခိုင်မာရေး၊ မတူညီကွဲပြားမှုများရှိနေသည့် လူ့အဖွဲ့အစည်းအတွင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားနားလည်မှု၊ လူများစုမှ လူနည်းစု၏ လိုလားချက်များကို အလေးထား အသိအမှတ်ပြုရေး၊ ပွင့်လင်းလွတ်လပ်ပြီး တည်ငြိမ်မှုရှိသည့် နိုင်ငံရေးဖြစ်စဉ်နှင့်အတူ ဖွံ့ဖြိုးမှု အသီးအပွင့်များအား နိုင်ငံသားအားလုံး ပါဝင်ခံစားနိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းတိုးတက် မြင့်မားလာရေးနှင့် နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ဒေသတွင်း စီးပွားရေး အဆောက်အအုံ၊ ကမ္ဘာ့စီးပွားရေး အဆောက်အအုံနှင့် ပြန်လည်ချိတ်ဆက်မိရေးဟူသည့် လုပ်ငန်းစဉ်များမှာ အလွန်အရေးပါသည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ "မြန်မာပြည်သူများ၏ဘဝ တိုးတက်ရေး ပြည်သူ့အသံနားထောင်ပေး" ခြင်းဖြင့် မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) မှ ပြည်သူဗဟိုပြုမူဝါဒကို ဖော်ဆောင်၍ အထက်ဖော်ပြပါ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအား ဆောင်ရွက်ရာတွင် လူမှု၊ စီးပွားဖွံ့ဖြိုးရေးအတွက် မူဝါဒများ ဖော်ထုတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ပါရန် မူဝါဒဆိုင်ရာ ထောက်ခံချက်များအား ဖော်ထုတ်သွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ယခုအခါ စစ်တမ်း၏ အစီရင်ခံစာ (မူကြမ်း) ပြီးစီးနေပြီဖြစ်ပြီး တရားဝင်ထွက်ရှိပြီးပါက စစ်တမ်းတွေ့ရှိချက်များကို ကောက်နုတ်၍ ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။



# တစ်ဦးချင်းလုပ်ဆောင်မှုမှသည် ပေါင်းစည်းလုပ်ဆောင်ခြင်းဆီသို့

♦သန်းဇော်


## လုပ်ငန်းစုနှင့် လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်လာမှု

လုပ်ငန်းစုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခုအတွင်း တူညီသော နယ်ပယ်တစ်ခုရှိ ကုမ္ပဏီများ၊ အထူးပံ့ပိုးပေးသူများ၊ ဝန်ဆောင်မှုပေးသူများနှင့် ပေါင်းစပ်အဖွဲ့အစည်းများ၏ ပထဝီနယ်မြေအနေအထားအရ အပြန်အလှန် ဆက်စပ်မှုရှိခြင်းဖြစ်သည်။ လုပ်ငန်းစုများသည် ယှဉ်ပြိုင်နိုင်စွမ်းနှင့်အတူ ကုန်ထုတ်လုပ်မှုကိုပါ တိုးစေသည်။ လုပ်ငန်းစုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆင့်မြှင့်တင်မှုသည် အစိုးရ၊ ကုမ္ပဏီများနှင့် အခြားသောအဖွဲ့အစည်းများအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးမူဝါဒ၏ အရေးကြီးသောလားရာတစ်ခုဖြစ်ပြီး မက်ခရိုစီးပွားရေးတည်ငြိမ်ရေး၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၊ ဈေးကွက်ဖန်တီးပေးရေးနှင့် ထုတ်လုပ်မှုစရိတ် လျှော့ချရေးတို့ကို ဆောင်ရွက်ပေးပါသည်။

## စိုက်ပျိုးရေးလုပ်ငန်းစု

စိုက်ပျိုးရေးလုပ်ငန်းစုဆိုသည်မှာ တူညီသောရည်မှန်းချက်နှင့် အကျိုးအမြတ်ကို မျှဝေခံစားရန် စိုက်ပျိုးရေးလုပ်ငန်းများ၊ တစ်ဦးတည်းလုပ်ငန်းများ၊ စိုက်ပျိုးရေးအဖွဲ့အစည်းများနှင့် အေဂျင်စီများ စုစည်းထားသည့် လယ်ယာလုပ်ငန်းအဖွဲ့ဖြစ်ပါသည်။

## စိုက်ပျိုးရေးလုပ်ငန်းစု




## လုပ်ငန်းစုဖွဲ့စည်းပုံ

လုပ်ငန်းစုများကို

* သမားရိုးကျမဟုတ်သော ကွန်ယက်ဆက်သွယ်မှု
* လုပ်ငန်းလုပ်ကိုင်သောအဖွဲ့ သို့မဟုတ် အထူးလုပ်ငန်းအဖွဲ့
* ဥပဒေပြုရေးကော်မတီ သို့မဟုတ် ကော်မရှင်အဖွဲ့
* အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့အစည်းများ
* သမဝါယမအသင်းအဖွဲ့များ
* စီးပွားဖက်လုပ်ငန်းများ
* အကျိုးအမြတ်အတွက် လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများအဖြစ် ဖွဲ့စည်းနိုင်ပါသည်။

## ဆောင်ရွက်နိုင်သော အကြောင်းအရာများ

အောက်ပါလုပ်ငန်းစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

- သုတေသနနှင့် ဖွံ့ဖြိုးရေးကို ပူးတွဲလုပ်ကိုင်နိုင်ခြင်း
- အလုပ်သမားဆိုင်ရာ အစီအစဉ်များကို ပူးတွဲလုပ်ကိုင်နိုင်ခြင်း
- ဈေးကွက်ရှာဖွေသော ကိစ္စရပ်များတွင် ပူးတွဲလုပ်ကိုင်နိုင်ခြင်း
- ဖက်စပ်လုပ်ငန်း၊ အကျိုးတူ ပူးပေါင်းလုပ်ငန်း လုပ်ကိုင်နိုင်ခြင်း
- ပေါင်းစည်းစီမံခန့်ခွဲနိုင်ခြင်း
- စိုက်ပျိုးရေးအကျိုးထိရောက်မှုကို လေ့လာနိုင်ခြင်း
- အင်ပါယာဇုန် ထူထောင်နိုင်ခြင်း

## လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးအမြတ်များနှင့် ကောင်းကျိုးများ

လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှုမှ ရရှိနိုင်သော အကျိုးအမြတ်များနှင့် ကောင်းကျိုးများမှာ-

- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အသိုက်အဝန်းကို ဖြစ်ပေါ်စေခြင်း
- သယံဇာတအရင်းအမြစ်များ စုစည်းမှု/လုပ်ငန်းကြီး ထုတ်လုပ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း
- တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်ရန်ခက်ခဲသော ကိစ္စများကို အုပ်စုဖြင့် လုပ်ကိုင်အောင်မြင်နိုင်ခြင်း
- လူထုဆက်သွယ်ရေးကို ကောင်းမွန်စေခြင်း
- ဒေသအမှတ်အသားကို ဖြစ်ပေါ်စေခြင်း
- လုပ်ငန်းကြီးတစ်ခုလုံးကို စုဖွဲ့နိုင်ခြင်း
- အပြန်အလှန် ထောက်ပံ့ပေးနိုင်ခြင်း
- ရှုထောင့်အမျိုးမျိုးဖြင့် ဆန်းစစ်နိုင်ခြင်း
- လုပ်ငန်းကြီးများ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းတို့ ရရှိနိုင်ပါသည်။

## ပြည်တွင်းစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်များ

- စဉ်ဆက်မပြတ် စိုက်ပျိုးလာသော ဧရိယာ
- လယ်ယာနှင့် အစားအစာရရှိနိုင်မှု
- အစားအစာရရှိနိုင်သည့် အစီအစဉ်များ
- အစားအစာများ ခွဲဝေသုံးစွဲမှု
- ရွှေ့ပြောင်းနိုင်သော စိုက်ခင်းများ
- ဒေသသီးနှံများ ဝယ်ယူမှုအစီအစဉ်
- စိုက်ပျိုးရေးလုပ်ငန်းပြခန်းများကို စိစစ်သုံးသပ်ဆောင်ရွက်ခြင်းမှ စိုက်ပျိုးရေးလုပ်ငန်းစု ဖွံ့ဖြိုးမှုကို ဖန်တီးနိုင်ပါမည်။

## သတိထားရမည့်အချက်များ

အောက်ပါအချက်များကို ထိရောက်စွာ ကိုင်တွယ်နိုင်ရန် လိုအပ်သည်။

- လုပ်ငန်းမောင်ပိုင်စီးခြင်း
- အဖွဲ့အစည်းမှ ခွဲထွက်ခြင်း

- လုပ်ငန်းတွင်းပြိုင်ဆိုင်ခြင်း
- ပုံသေဈေးနှုန်းသတ်မှတ်ခြင်း
- အလေအလွင့်များပြားခြင်း
- အချို့သောကိစ္စရပ်များတွင် တစ်ဦးတည်း ဆောင်ရွက်ခြင်းသည် ပို၍ထိရောက်၍ ပို၍စွမ်းရည် ပြည့်ဝခြင်း။

## စိုက်ပျိုးရေးလုပ်ငန်းစုများသည် အဘယ့်ကြောင့် ၎င်းတို့ရှိနေသောနေရာတွင် ရှိရသနည်း။

- ပထဝီနယ်မြေအနေအထားအရလည်းကောင်း
- မြေဆီသြဇာကောင်းမွန်သော အခြေအနေအရလည်းကောင်း
- သမိုင်းကြောင်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများနှင့် အခြားသောဒေသခံများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအရလည်းကောင်း တည်ရှိနေခြင်းဖြစ်ပါသည်။

## စိုက်ပျိုးရေးလုပ်ငန်းစု ဖွဲ့စည်းရန်လိုအပ်ချက်များ

စိုက်ပျိုးရေးလုပ်ငန်းစု ဖွဲ့စည်းရန်လိုအပ်ချက်များမှာ-

- ရည်မှန်းချက်၊ ဦးတည်ချက်
- အဖွဲ့အစည်းဆိုင်ရာမူဘောင်
- ကောင်းမွန်သောဦးဆောင်မှု
- ပြည်သူများကိုကိုယ်စားပြုနိုင်မှု
- အစည်းအဝေးများပုံမှန်ကျင်းပခြင်း
- ဦးစားပေးကိစ္စများ
- ထုတ်လုပ်မှုစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း
- မတူကွဲပြားမှုများကို ဆောင်ရွက်ရာတွင် တွန့်ဆုတ်မှုမရှိခြင်းတို့ ဖြစ်ပါသည်။

## မဖြစ်သင့်သော စိုက်ပျိုးရေးလုပ်ငန်းစုဖွဲ့စည်းမှု

စီးပွားရေးလုပ်ငန်းများ ဒေါင်လိုက်ပူးပေါင်းထားသော သို့မဟုတ် အလျားလိုက် ပူးပေါင်းထားသော လုပ်ငန်းမျိုးမဖြစ်ရပါ။

လုပ်ငန်းအားလုံးကို ထိန်းချုပ်နိုင်ခြင်းသည် ဒေါင်လိုက်ပူးပေါင်းခြင်းဖြစ်ပြီး ပြိုင်ဆိုင်သူအားလုံးကို ထိန်းချုပ်နိုင်ခြင်းသည် အလျားလိုက် ပူးပေါင်းခြင်း ဖြစ်သည်။

## အောင်မြင်သော စိုက်ပျိုးရေးလုပ်ငန်းစု အကြောင်းရင်းများ


စိုက်ပျိုးရေးလုပ်ငန်းစု အဖွဲ့ဝင်များတွင်

- ယေဘုယျအားဖြင့် ပထဝီဝင်အနေအထားအရ နီးနီးကပ်ကပ် တည်ရှိခြင်း
- အကျိုးအမြတ်အား မျှဝေခံစားခြင်း
- အခက်အခဲများကို ပူးပေါင်းဖြေရှင်းခြင်း
- အများအပြား အလုပ်ခန့်ထားနိုင်ခြင်း
- လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု အသိုက်အဝန်းကို လေးစားခြင်း
- တိကျပြတ်သားစွာ စီမံခန့်ခွဲနိုင်ခြင်းတို့ ရှိရမည်။

## စိုက်ပျိုးရေးလုပ်ငန်းစု မအောင်မြင်နိုင်သော အကြောင်းရင်းများ

- တိကျသောရည်မှန်းချက်၊ ဦးတည်ချက်မရှိခြင်း
- လုပ်ငန်းခွဲထွက်မှုကို မဟန့်တားနိုင်ခြင်း
- စီမံကိန်းနှင့်ပတ်သက်သည့် စိတ်ကူးစိတ်သန်းများ အားနည်းခြင်း
- ခေါင်းဆောင်မှု အားနည်းခြင်း
- အရင်းအမြစ် လိုအပ်မှုရှိခြင်း
- လက်တွေ့ပေါ်တွင် အခြေမခံခြင်း
- ပုဂ္ဂိုလ်ရေးအတ္တစွဲရှိခြင်း
- ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျစ်လျူရှုခြင်းတို့သည် လုပ်ငန်းစုကို ပြိုကွဲစေသော အချက်များ ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းစုကို တိကျသောရည်မှန်းချက်၊ ကောင်းမွန်သော စီမံခန့်ခွဲမှု၊ မှန်ကန်သော စီမံကိန်းများ ရေးဆွဲနိုင်ပြီး ပါဝင်သူများအကြား အပြန်အလှန်နားလည်ယုံကြည်မှုတို့ဖြင့် စိုက်ပျိုးရေး လုပ်ငန်းစု (သို့) စိုက်ပျိုးရေးလုပ်ငန်း ပေါင်းစည်းမှုဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးကြပါစို့ဟု တင်ပြလိုက်ရပါသည်။



# ကျင့်ဝတ်နှင့် လုပ်ငန်းခွင်

ဒေါက်တာညီညီမောင်

## နိဒါန်း

ဝန်ထမ်းအဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများစသည့် မည်သည့် လုပ်ငန်း အဖွဲ့အစည်းတွင်မဆို ထမ်းဆောင်ရသည့် ရာထူးအဆင့်အလိုက် မိမိတို့ လုပ်ဆောင်ရမည့် အခိကတာဝန်များကို မပျက်မကွက် ထမ်းဆောင်ရမည်ဖြစ်သလို လုပ်ငန်းဆိုင်ရာကျင့်ဝတ်များကို စောင့်ထိန်းလုပ်ဆောင်ခြင်းဟာ လောကကောင်းကျိုး လုပ်ဆောင်ရာမှာ ပိုမိုထိရောက်မှုရှိမှာလည်း ဖြစ်ပါတယ်။

ကျင့်ဝတ်ဆိုရာဝယ် မတူကွဲပြားသော လုပ်ငန်းသဘာဝကို အခြေခံလျက် စောင့်ထိန်းရမည့် ကျင့်ဝတ်များ ရှိပြီးဖြစ်သည်ကို အဖွဲ့အစည်းဝင်အများစုက စောင့်ထိန်းလိုက်နာရန် သတိမေ့လျော့ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ စာရေးသူအနေဖြင့် ဌာနအဖွဲ့အစည်းများအတွင်း သက်ဆိုင်ရာ ရာထူးအဆင့်အလိုက်၊ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသော ကျင့်ဝတ်များ လိုက်နာခြင်းသည် လူ့လောကအတွင်း အလိုက်သင့်လိုက်ပါနိုင်သကဲ့သို့ လောကကောင်းကျိုး အကျိုးများစေရန်နှင့် ယနေ့ မြန်မာနိုင်ငံတွင် ပေါ်ပေါက်နေသော အဂတိတရား ချွတ်ယွင်းမှုများကြောင့် ဖြစ်ပေါ်လျက်ရှိသော ဆိုးကျိုးများကို လျော့ကျရာတွင် အထောက်အကူပြုစေရန်အတွက် သတိ၊ အသိနှင့်ယှဉ်၍ လုပ်ဆောင်နိုင်စေရန် နှိုးဆော်ပေးလိုသော ဆန္ဒအရင်းခံဖြင့် တင်ပြရခြင်းလည်း ဖြစ်ပါသည်။

## ကျင့်ဝတ်ဟူသည်

ကျင့်ဝတ်ကို အဓိပ္ပာယ်ဖွင့်ကြရာတွင် **နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ဌာနအဖွဲ့အစည်းများမှ စည်းမျဉ်းစည်းကမ်းများ၊ လူမှုအဖွဲ့အစည်းများမှ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံသားတစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတစ်ဦး၊ တာဝန်ရှိ ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာဆောင်ရွက်ခြင်းဟု** ဆိုလိုသည်။ အဓိပ္ပာယ် သတ်မှတ်ချက်ကို ကြည့်လျှင်ပင် အထင်အရှားမြင်ရသည့် အချက်သည် လူမှုအဖွဲ့အစည်းအတွင်းနှင့် ဌာနဆိုင်ရာအဖွဲ့အစည်း (စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများအပါအဝင်) များအတွင်း နိုင်ငံတော်မှ ချမှတ်ထားသော သို့မဟုတ် အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်ရန် ချမှတ်ထားသော လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံသားတစ်ဦး စောင့်ထိန်းရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်မှာ ပေါ်လွင်လှပါသည်။

မည်သည့်အဖွဲ့အစည်းအတွင်းတွင်မဆို လိုက်နာရန် ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာလျက် လုပ်ငန်းရည်မှန်းချက် ပေါက်မြောက်မှုရှိစေရန် လုပ်ဆောင်ခြင်းသည် အဖွဲ့အစည်းအတွင်း၊ လုပ်ငန်းခွင်အတွင်း ထိရောက်သော၊ အဂတိတရားကင်းသော ပေါက်မြောက်အောင်မြင်ခြင်းသို့ မလွဲမသွေ ရောက်ရှိစေနိုင်ခြင်းကို တွေ့ကြရပေမည်။

## ကျင့်ဝတ်လိုက်နာခြင်း/ မလိုက်နာခြင်းတို့၏ အကျိုးနှင့်အပြစ်

နိုင်ငံတစ်နိုင်ငံ၏အသက်သည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာတတ်သော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများ၊ အဖွဲ့အစည်းများနှင့် တည်ဆောက်ထားမှုသာ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ ရေရှည် တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ပညာရေးစနစ်သည်လည်း နိုင်ငံ့သားကောင်းဖြစ်စေရန်အတွက် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်ကြံအားထုတ်တတ်အောင် ကူညီထောက်ပံ့ပေးနိုင်သော ပညာရေးအခြေခံကောင်းများကို မွေးထုတ်တွန်းအားပေးနိုင်သော စနစ်ဖြစ်ရပေမည်။ တစ်ချိန်က ဘုန်းတော်ကြီးသင်ကျောင်းများမှ လောကနီတိကို သင်ကြားပေးခြင်းများ၊ ခေတ်ကို တက်လှမ်းနိုင်သောပညာရေးကို လက်လှမ်းမီအောင် သင်ကြားပေးနိုင်ခဲ့ပြီး မြန်မာ့ပညာရေးစနစ်ကို သယ်ယူပို့ဆောင်ပေးခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ ယနေ့မျက်မှောက်ခေတ် အနေအထားတွင်လည်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အခန်းကဏ္ဍသည် မေးမှိန် ပျောက်ကွယ်သွားခြင်းမရှိဘဲ ဆက်လက်ရှင်သန်နေသည်။ တစ်ဖက်တစ်လမ်းမှလည်း နိုင်ငံတော်မှ အားပေးချီးမြှောက်လျက်ရှိနေသည်ကို တွေ့ရှိရပေမည်။

ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ခြင်းသည် ချမှတ်ထားသော လိုက်နာဖွယ်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တကူးတက လိုက်နာကျင့်ကြံစရာမလိုဘဲ အလိုလို လိုက်နာကျင့်ကြံပြီး ဖြစ်သည်ကိုလည်း သတိမူသင့်လှပေသည်။

စာရေးသူ တက္ကသိုလ် တက်ရောက်စဉ်က ပါမောက္ခချုပ်တစ်ဦးက မိန့်မှာဖူးသည်။ တက္ကသိုလ်မှာ မူလကတော့ ဘာစည်းမျဉ်းစည်းကမ်းမှ မထုတ်ပါဘူး၊ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကလာတဲ့ ကျောင်းသား/ သူ ဟူသမျှဟာ ထူးခြားတဲ့ဖြစ်ရပ်မျိုးတွေ ရှိမည်မထင်ပါဘူး။

**ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ခြင်းသည် ချမှတ်ထားသော လိုက်နာဖွယ်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တကူးတက လိုက်နာ ကျင့်ကြံစရာမလိုဘဲ အလိုလို လိုက်နာကျင့်ကြံပြီး ဖြစ်သည်ကိုလည်း သတိမူသင့်လှပေသည်။**

ဘာသာရေး အဆုံးအမအောက်မှာ ကြီးပြင်းလာသူတို့အဖို့ ယဉ်ကျေးပြီးသားဖြစ်မှာပါ။ ဒါပေမဲ့ လိုအပ်လာရင်တော့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်မှာပါ။ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်ရင်တော့ အရေးယူ လုပ်ဆောင်မှာပါ။ မှတ်သားဖို့က **လိုအပ်တယ်လို့ ယူဆတဲ့ အချိန်မှာ စည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်မှာပါ။** ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှာ ကျင့်သားရပြီးသား လူပုဂ္ဂိုလ်များအနေဖြင့် မည်မျှသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများထုတ်စေဦး ပူပင်သောကပွားဖွယ်ရာမရှိပေ၊ မိမိနိစ္စဂူဝ ဆောင်ရွက်နေကျ အပြုအမူတိုင်းသည်ပင် သတ်မှတ်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အလိုလို လိုက်နာပြီးသား ဖြစ်နေပေလိမ့်မည်။

မြန်မာ့လူ့အဖွဲ့အစည်းကို သေချာလေ့လာလျှင် ဘာသာတရားများ၏ အဆုံးအမအောက်တွင် လောကနီတိ အတိုင်း မိဘ၊ ဆရာ၊ အကြီးအကဲ၊ သားသမီး၊ တပည့် စသည့် ကျင့်ဝတ်များနှင့် ကြီးပြင်းရှင်သန်ခဲ့ကြသူချည်းသာ ဖြစ်ပေသည်။ ထို့အတူ သက်ဆိုင်ရာ လုပ်ငန်းခွင်အလိုက် စောင့်ထိန်းလိုက်နာရမည့် လုပ်ငန်းခွင်ဆိုင်ရာ လူမှုရေးစည်းကမ်း၊ လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားလေ့ ရှိပြီး လိုက်နာဆောင်ရွက်ရန်လည်း အမြဲတစေ တိုက်တွန်းမှု များလည်း ရှိသည်ကို တွေ့ကြရပေမည်။

**စည်းကမ်းလိုက်နာဘေးကင်းကွာ** ဆိုသည့် အတိုင်း မည်သည့်လူ့အဖွဲ့အစည်း၊ မည်သည့် ဌာနအဖွဲ့အစည်းတွင်မဆို လိုက်နာရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို အတိအကျ ထုတ်ပြန်ထားပြီး၊ လုပ်ငန်းဆောင်တာများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပါအဝင် စေတနာထား လုပ်ဆောင်တတ်သော ဝန်ထမ်းကောင်းများ၊ လူပုဂ္ဂိုလ်များ တည်ရှိနေခြင်းသည် ယင်းဌာနမှ ရှေ့ဆက်လုပ်ဆောင်မည့် ရည်မှန်းချက်/ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်နိုင်စေရန်အတွက် ၉၀ ရာခိုင်နှုန်း သေချာပြီးဖြစ်သည်ဟုဆိုသည်။ **ဦးဆောင်သူတွင် ဦးဆောင်သူကျင့်ဝတ်နှင့်အညီ အုပ်ချုပ်လျက် ကျောသားရင်သားမခွဲခြားဘဲ စီမံကွပ်ကဲရန် လိုအပ်သကဲ့သို့ နောက်လိုက်ကောင်းတို့ မည်သည့်အထက်မှ ပေးအပ်သော လမ်းညွှန်ချက်ကို လိုက်နာရမည့် စည်းကမ်းဘောင်နှင့် စိတ်စေတနာတို့ ပေါင်းစပ်**

**”**

**မြန်မာ့လူ့အဖွဲ့အစည်းကို သေချာလေ့လာလျှင် ဘာသာတရားများ၏ အဆုံးအမအောက်တွင် လောကနီတိ အတိုင်း မိဘ၊ ဆရာ၊ အကြီးအကဲ၊ သားသမီး၊ တပည့် စသည့် ကျင့်ဝတ်များနှင့် ကြီးပြင်းရှင်သန်ခဲ့ကြသူချည်းသာ ဖြစ်ပေသည်။**

**အကောင်အထည်ဖော်ပြီး အတူတွန်းနိုင်ကြမည်ဆိုလျှင် ယင်းအဖွဲ့အစည်းသည် အောင်မြင်မှုကို မလွဲမသွေ ပိုင်ဆိုင်နိုင်စေမည်ဖြစ်ပြီး အောင်မြင်ပေါက်မြောက်မှုအတွက် အတားအဆီးများကို အတူဖြတ်ကျော်နိုင်မည်လည်း ဖြစ်ပေသည်။** တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အစုအဖွဲ့လိုက် သတ်မှတ်ထားသော ဥပဒေကို မကျော်လွန်ဘဲ လိုက်နာလျက် ဌာနအဖွဲ့အစည်းမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို မလွန်ကျူး မဖောက်ဖျက်ဘဲ လိုက်နာဆောင်ရွက်နေသမျှ မိမိဌာန၊ မိမိနိုင်ငံအတွက် အကျိုးများပေမည်။ နမူနာ ကောင်းများစွာလည်း ကြုံဖူးကြမည်ဖြစ်သည်။ အနီးစပ်ဆုံး စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ကြည့်လျှင် စည်းကမ်းတကျ နေထိုင်ကျင့်ကြံတတ်ကြသည်ကို တွေ့ရှိရပေသည်။ ထို့အတူ စည်းကမ်းလိုက်နာတတ်သော အကျင့်များကို ငယ်စဉ်ကျောင်းသားလူငယ်ဘဝမှ လေ့ကျင့်ပျိုးထောင်ပေးသော နိုင်ငံများတွင် သာတူညီမျှ စိတ်ဓာတ်အပါအဝင် တကူးတက လိုက်နာရန် မလိုအပ်တော့ဘဲ စည်းကမ်းတကျ နေထိုင်ကျင့်သုံးနေသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ဂျပန်နိုင်ငံမှ ကလေးငယ်များကို လေ့လာကြည့်လျှင် ခိုကပ်သည့်အကျင့် လုံးဝမရှိဘဲ မိမိကိုယ်ကို မိမိတာဝန်ယူတတ်သော အမူအကျင့်များကို တွေ့မြင်နိုင်သည်။ အဖွဲ့အစည်းများမှ သတ်မှတ်ထားသော လိုက်နာရမည့်

စည်းမျဉ်းစည်းကမ်းများကို မဖောက်ဖျက်ဘဲ လိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများသည် ငယ်စဉ်ကလေးဘဝကပင် လေ့ကျင့်ပျိုးထောင်ပေးသင့်သော အလေ့အထဖြစ်သည်မှာ ဧကန်မလွဲပင် ဖြစ်ပေတော့သည်။

## ကျင့်ဝတ်လိုက်နာခြင်း၊ လုပ်ငန်းခွင်နှင့် အဂတိတရားလိုက်စားခြင်း

ကျင့်ဝတ်လိုက်နာတတ်သော ပတ်ဝန်းကျင်ကောင်းတွင် ငယ်စဉ်မှပင် လိုက်နာကျင့်ကြံတတ်သော အလေ့အကျင့်ကောင်းများဖြင့် ရှင်သန်ခဲ့သော လူ့အဖွဲ့အစည်းအတွင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အလေ့အကျင့်ကောင်းများလည်း သင်ပြစရာမလိုအပ်ဘဲ ရှင်သန်နိုင်သည်ကို တွေ့ရမည် ဖြစ်သည်။ ထို့အတူ လုပ်ငန်းခွင် လက်တွေ့ဝင်ရောက်သည့်အခါတွင်လည်း အဖွဲ့အစည်းအတွင်းမှ ပြုမူလိုက်နာကျင့်သုံးရမည့် လုပ်ငန်းခွင်စည်းကမ်းများကို ကျင့်သုံးလိုက်နာတတ်ခြင်းနှင့်စည်းစနစ်တကျ ပြုမူပြောဆိုတတ်ခြင်းအပါအဝင် ခွဲခြားဆက်ဆံတတ်သော မကောင်းသည့် အလေ့အထများလည်း ကင်းစင်လျက် မသမာသော နည်းလမ်းများဖြင့် အဖွဲ့အစည်းမှ သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းများကို ကျူးလွန်ဖောက်ဖျက်လျက် မလျော်ဩဇာသုံးကာ မိမိတို့ လုပ်ပိုင်ခွင့်ကို အသုံးချ၍ အဂတိလိုက်စားခြင်းများလည်း ကင်းဝေးလာနိုင်မည်လည်း ဖြစ်သည်။


သတ်မှတ်ထားသော အဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းနှင့် ခိုင်မာသော အခြေခံစိတ်ဓာတ်ကောင်းများ ရှိသူများအဖို့ မည်သည့်နေရာ၊ မည်သူမျှ၊ မည်သည့် အဖွဲ့အစည်းမှသည် တွန်းတိုက်လှုပ်ရှားစေကာမူ လုပ်ငန်းလုပ်ပိုင်ခွင့်ကို အသုံးချလျက် အဂတိလိုက်စားခြင်းများ ပြုလုပ်ကြမည်မဟုတ်ပေ။ အဖွဲ့အစည်းတစ်ခု ရည်မှန်းချက်ပေါက်မြောက် အောင်မြင်ခြင်းသည် အဖွဲ့အစည်းအတွင်း လိုက်ပါဆောင်ရွက်နေကြသည့် တာဝန်ယူမှုရှိသည့် ပုဂ္ဂိုလ်တိုင်း၏ စည်းကမ်းတကျ တာဝန်ကျေပွန်မှုနှင့် သတ်မှတ်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းဖြင့် စိတ်ဓာတ်ခွန်အားအပြည့်ဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်ခြင်းကြောင့်သာ အဖွဲ့အစည်းအနေဖြင့် အောင်မြင်မှုရရှိကြခြင်းသာ ဖြစ်သည်။ ထိုသို့သော အဖွဲ့အစည်းအတွင်း လုပ်ငန်းခွင်သွက်လက်မှု အပါအဝင် အဂတိတရားလိုက်စားခြင်းများလည်း နည်းပါးမည်ဖြစ်ပေသည်။ သို့ရာတွင် အဂတိတရားကင်းစင်စေလိုလျှင်မူ ဦးဆောင်သူ၏ မူဝါဒလမ်းစဉ်နှင့် ကျောသားရင်သားမခွဲခြားတတ်သောစိတ်ဓာတ်၊ တစ်နည်းဆိုရသော် အကြီးအကဲ ကျင့်ဝတ်လိုက်နာစောင့်ထိန်းတတ်သူဖြစ်မှသာ လုပ်ငန်းခွင်တွင် အဂတိတရား လိုက်စားမှု လျော့ပါးသက်သာပေမည်။

## နိဂုံး

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အဂတိတရားကင်းစင်သော ပတ်ဝန်းကျင်ကောင်းတစ်ခု၊ ပျော်ရွှင်သော လုပ်ငန်းခွင်များ တည်ဆောက်နိုင်ရန်မှာ ကျင့်ဝတ်လိုက်နာတတ်သော အလေ့အကျင့်ကောင်းများ ရှင်သန်စေရန်မှာ လောကနီတိကို အခြေခံသင်ကြားပေးရုံအပြင် တာဝန်ယူမှုရှိသော အလေ့အကျင့်ကောင်းများ ထုံမွမ်းစေရန်အတွက် တာဝန်ယူမှုရှိသော နိုင်ငံရေးအလေ့အကျင့်၊ တာဝန်ခံသည့်အဆင့်အလိုက် တာဝန်ယူတတ်သောစိတ်ဓာတ်၊ ခိုင်မာသောစိတ်ဓာတ်နှင့် လူ့အဖွဲ့အစည်းအတွင်း လိုက်နာရန်သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို မဖောက်မပြန် လိုက်နာဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများကို အသိတရား၊ သတိတရား လက်ကိုင်ပြုလျက် ဆောင်ရွက်ကြရပေမည်။

အဆင့်အတန်းခွဲခြားမှုကင်းစင်လျက် ဘာသာရေးအဆုံးအမများ၊ နိုင်ငံသားတိုင်းလိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများကို တကူးတက လိုက်နာနေသည် မဟုတ်ဘဲ စည်းကမ်းတကျနေသားကျနေသည့် လူ့အဖွဲ့အစည်းအဖြစ် ရှင်သန်လာမည်ဆိုလျှင် ကမ္ဘာ့အပျော်ရွှင်ဆုံး နိုင်ငံများတွင် ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထိပ်တန်းနိုင်ငံတစ်ခု မလွဲဧကန်ဖြစ်လာပေလိမ့်မည်။

# အနာဂတ် စက်မှုခေတ်ပြောင်း တော်လှန်ရေး၏ အကျိုးသက်ရောက်မှုများ



|ဒေါက်တာပင်လုံအေး|

ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သော စက်မှုတော်လှန်ရေးများသည် လူသားတို့၏သမိုင်း စာမျက်နှာသစ်များကို တစ်ချပ်ပြီးသည်နှင့်တစ်ချပ် ဆွဲခွာဖွင့်လှစ်နိုင်ခဲ့သည်။ ထိုခေတ်ကာလ၏ တီထွင်ဆန်းသစ်မှု အသီးအပွင့်များသည် ယနေ့ခေတ်လူသားများကို နည်းလမ်းအသွယ်သွယ်ဖြင့် အကျိုးပြုလျက်ရှိသည်။ ထိုကဲ့သို့ လူသားတို့၏ဘဝ နေထိုင်မှုကို အဆင်ပြေချောမွေ့စေခဲ့သော ထိုခေတ်ပြောင်း တော်လှန်ရေး အဆင့်ဆင့်ကို လေ့လာရသော်-

## ပထမ စက်မှုခေတ်ပြောင်းတော်လှန်ရေး

ရှေးဦးစက်မှုတော်လှန်ရေးသည် ၁၈ ရာစုနှောင်းပိုင်းတွင် ဗြိတိန်မှ စတင်ခဲ့သည်။ ဗြိတိသျှသည် ဓာတုထုတ်ကုန်များ၊ သံသတ္တုများ၊ စက်ရက်ကန်းချည်မျှင်နှင့် အထည်အလိပ်များအား လူသားလုပ်အားဖြင့် အနည်းငယ်ခန့်သာ ထုတ်လုပ်ကြရာမှ စက်ရုံကြီးများတည်ဆောက်၍ ထုတ်လုပ်လာကြသည်။ ထို့နောက် ဥရောပနှင့် အမေရိကတိုက်အထိ ပျံ့နှံ့သွားကာ အနောက်နိုင်ငံများသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ခဲ့သည်။ ကျေးလက်ဒေသများသည် မြို့ပြများအဖြစ် အသီးသီးဖွံ့ဖြိုးလာကာ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ခဲ့ကြသည်။ ထိုကာလ စက်မှုတော်လှန်ရေး၏ အထင်ရှားဆုံး ပြုပြင်ပြောင်းလဲမှုမှာ ရေနွေးငွေ့သုံး အင်ဂျင်ဖြစ်ကာ ခရီးသွားလုပ်ငန်းများလည်း တွင်ကျယ်ခဲ့သည်။

## ဒုတိယ စက်မှုခေတ်ပြောင်းတော်လှန်ရေး

၁၈၇၀ မှ ၁၉၁၄ ခုနှစ် ကာလဝန်းကျင်တွင် ဒုတိယ စက်မှုခေတ်ပြောင်းတော်လှန်ရေး ပေါ်ပေါက်ခဲ့သည်။ သံမဏိ၊ ရေနံထုတ်လုပ်ရေးစသည့် လုပ်ငန်းများအပြင် လျှပ်စစ်ဓာတ်အားကို တီထွင်နိုင်ခဲ့ကြပြီး လောကကို အလင်းဆောင်နိုင်ခဲ့ကြသည်။ ထုတ်ကုန်များအား Mass Productionအဖြစ် ပိုမို ထုတ်လုပ်နိုင်ခဲ့ကြပြီး တယ်လီဖုန်း၊ လျှပ်စစ်မီးသီး၊ ဓာတ်ပုံရိုက်ကူးခြင်း အတတ်ပညာတို့နှင့် အင်ဂျင်စက်ခေါင်းများကိုလည်း တီထွင်နိုင်ခဲ့ကြသည်။

## တတိယ စက်မှုခေတ်ပြောင်းတော်လှန်ရေး


တတိယ စက်မှုခေတ်ပြောင်း တော်လှန်ရေးကာလ အား ၁၉၈၀ မှ မျက်မှောက်ခေတ်ထိ သတ်မှတ်သည်။ ဒုတိယ ခေတ်ပြောင်းတော်လှန်ရေးကာလမှ တီထွင်ဆန်းသစ်ခဲ့မှု များသည် Analogစနစ်ဖြစ်ပြီး တတိယခေတ်ပြောင်းကာလ တွင် Analog မှ Digital သို့ ပြောင်းလဲနိုင်ခဲ့သဖြင့် လူသား တို့၏ နေ့စဉ်ဘဝနေထိုင်မှုပုံစံသည် လျင်မြန်သိသာစွာပင် တိုးတက်ခဲ့သည်။ တစ်ကိုယ်ရည်သုံး ကွန်ပျူတာ၊ အင်တာ နက် ကွန်ယက်ချိတ်ဆက်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများသည် ကမ္ဘာကို ရွာဖြစ်စေခဲ့ သည်။

## စတုတ္ထ စက်မှုခေတ်ပြောင်းတော်လှန်ရေး

၂၀၁၆ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ၊ Davos- Klosters တွင် ကျင်းပခဲ့သော World Economic Forum နှစ်ပတ်လည် အစည်းအဝေးတွင် 4th Industrial Revolution- 4 IR ဟူသော စကားရပ်အား စတင်မိတ်ဆက်ခဲ့သည်။ လူသား များသည် 4IRကာလတွင် Digital Electronics နည်းပညာ များအား လူသားတို့နှင့် တစ်သီးတစ်ခြားစီ ရှိနေရာမှ လူ့ခန္ဓာ ကိုယ်သို့ ထည့်သွင်းစိမ့်ဝင်စေလျက် နေ့စဉ်ဘဝနေထိုင်မှု ပုံစံများအား ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိကြသည်။ စက်ရုပ် နည်းပညာများ၊ လူလုပ်အသိဉာဏ် Artificial Intelligence၊ အက်တမ်မော်လီကျူးများအဆင့်ထိ အသေးစိတ်နိုင်သည့် အလွန်သေးငယ်သော အတိုင်းအတာ၊ နာနိုနည်းပညာ၊ ကွမ်တမ်တွက်ချက်ခြင်း၊ ဇီဝနည်းပညာ၊ မျိုးရိုးဗီဇပြုပြင် ခြင်း၊ သုံးဖက်မြင်ပုံစံထုတ် 3D Printing၊ ကွန်ပျူတာဖြင့် ထိန်းချုပ်သည့် မောင်းသူမဲ့ယာဉ်အမျိုးမျိုးနှင့် ရုပ်ဝတ္ထု ပစ္စည်းများ၊ ယာဉ်ယန္တရားများနှင့် အိမ်အသုံးအဆောင်များ အား အင်တာနက်ကွန်ယက်ဖြင့် အလွယ်တကူ ချိတ်ဆက်၍ ဆော့ဖ်ဝဲလ်၊ အာရုံခံ Sensor စနစ်၊ နောက်ဆုံး ပေါ် အီလက် ထရွန်နစ်နည်းပညာဖြင့် အချက်အလက် ထိန်းချုပ်စနစ် များအား ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိကြသည်။

## 4 IR ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

4 IR ၏ ပြောင်းလဲတိုးတက်မှုနှုန်းသည် ခေတ် ဟောင်းမှ စက်မှုတော်လှန်ရေးများနှင့် အသွင် ခြားနားစွာ အဆမတန် လျင်မြန်ပြောင်းလဲ တိုးတက်လျက်ရှိသည်။ ကမ္ဘာ့လူသန်းပေါင်းများစွာသည် အလွန်တိုတောင်းသော အချိန်အတွင်း အင်တာနက်ကွန်ယက်မှတစ်ဆင့် စီးပွားရေး




**လုပ်သားအင်အားစုနေရာတွင် စက်ပစ္စည်း အစားထိုး လုပ်ကိုင်လာမှုများကြောင့် အလုပ်အကိုင်/ လုပ်သားအင်အားဈေးကွက် ပျက်ပြားသွား မည်ဖြစ်သည်။**

ပူးပေါင်းဆောင်ရွက်မှုများအား ချိတ်ဆက်ကာ လူသားတို့၏ ဘဝနေထိုင်မှုအား ပြောင်းလဲနိုင်တော့မည် ဖြစ်သည်။

အခွင့်အလမ်းများအနေဖြင့် 4 IR သည်လည်း အခြားစက်မှုတော်လှန်ရေး၏ ရလဒ်များကဲ့သို့ပင် လူသားတို့၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း တိုးတက်လာဖွယ် အခြေအနေရှိသည်။ နည်းပညာ ဆန်းသစ်မှု အကူအညီဖြင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ၏ ကုန်ကျစရိတ်များအား လျှော့ချနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်မှုပုံစံနှင့် ကမ္ဘာ့သွင်းကုန် ကွင်းဆက်သည် ပိုမိုထိရောက်မှု ရှိလာမည်ဖြစ်ကာ ဈေးကွက်အသွင်သစ်တစ်ရပ် ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

4IR ၏ စိန်ခေါ်မှုများအနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံများအကြား မညီမျှမှုများ ကြီးမားစွာ ကွာဟလာမည်ဖြစ်သည်။ နည်းပညာသည် ဝင်ငွေအဆင့်အတန်းဖြစ်ကာ 4IRကာလတွင် ဆန်းသစ် တီထွင်လုပ်ငန်းရှင်များ၊ Stake-holder များနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဓိက အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ လုပ်သားအင်အားစုနေရာတွင် စက်ပစ္စည်းအစားထိုး လုပ်ကိုင်လာမှုများကြောင့် အလုပ်အကိုင် / လုပ်သားအင်အားဈေးကွက် ပျက်ပြားသွားမည်ဖြစ်သည်။ ထို့ကြောင့် လုပ်သား ဈေးကွက်သည် Low Skill / Low Pay နှင့် High Skill / High Pay ဟူ၍ အနိမ့်အမြင့် သိသာစွာ ကွဲပြားမှုကြောင့် အလယ်အလတ်အဆင့် လုပ်သားအင်အားမှာ ရှားပါးသွားမည် ဖြစ်သည်။

## အစိုးရများအား အကျိုးသက်ရောက်နိုင်မှု

ရုပ်ပိုင်းဆိုင်ရာ၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဇီဝဗေဒဆိုင်ရာ အလွှာသုံးခု ရောနှောစုဝေးကာ 4 IR ပေါ်ပေါက်လာမည်ဖြစ်ရာ နည်းပညာသစ်များ၏ စကြီတစ်ရပ်အဖြစ် ပေါ်ထွန်းလာကာ အုပ်ချုပ်သူ လူတန်းစားအား သိသာစွာ အကျိုးသက်ရောက်နိုင်မည် ဖြစ်သည်။ အစိုးရအဖွဲ့အစည်းတစ်ရပ်၏ နိုင်ငံသားများအနေဖြင့် အရည်အသွေးမြင့် ပိုမိုစွမ်းဆောင်နိုင်စွမ်းရှိလာနိုင်ပြီး ၎င်းတို့၏ အတွေးအခေါ်၊ ယူဆချက်များသည် ပြည်သူ့ရေးရာအုပ်ချုပ်မှု အခန်းကဏ္ဍများတွင် အကျိုးဖြစ်ထွန်းမှုရှိပြီး အစိုးရများအကြား ချိတ်ဆက် ညှိနှိုင်းလာနိုင်မည်ဖြစ်သည်။

**ဇီဝလက်နက်များအား အလွယ်တကူ ကိုင်စွဲလာနိုင်သည့် နည်းပညာ ဖွံ့ဖြိုးတိုးတက် လာမှုတွင် ကိုယ်မင်းကိုယ်ချင်းပုံသဏ္ဍာန်၊ တစ်သီးပုဂ္ဂလ နှင့် အုပ်စုငယ်လေးများသည် နိုင်ငံသားများနှင့် အုပ်ချုပ်သူ အစိုးရအပေါ် ပိုမိုခြိမ်းခြောက်လာမည်ဖြစ်ကာ ပြည်သူများ အနေဖြင့် ကြီးလေးစွာ စားဘဝတွင် အကြောက်တရားများဖြင့် သာ**

တစ်ဆက်တည်းမှာပင် အစိုးရများသည် ခေတ်မီနည်းပညာ အကူအညီဖြင့် ပြည်သူများအပေါ် စောင့်ကြည့်မှုစနစ် ပိုမိုလွှမ်းခြုံလာနိုင်မည်ဖြစ်သည်။ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ အားကောင်းလာသည်နှင့်အမျှ နိုင်ငံသားတို့အား သတင်းအချက်အလက်အင်အားဖြင့် ပိုမိုထိန်းချုပ်လာနိုင်စွမ်းရှိလာမည်ဖြစ်သည်။ သို့သော် လက်ရှိအနေအထားအရ အစိုးရများအနေဖြင့် ပြည်သူလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မူဝါဒရေးဆွဲခြင်းစသော ကိစ္စရပ်များတွင် အစိုးရ၏ ဗဟိုချုပ်ကိုင်မှုစနစ် မှေးမှိန်လာမည်ဖြစ်ပြီး နိုင်ငံသားများမှ အစိုးရအပေါ် ဖိအားပေးမှုများနှင့် ရင်ဆိုင်လာရမည်ဖြစ်သည်။

အစိုးရနှင့် ပြည်သူ့အာဏာပိုင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အသီးသီး၏ ရပ်တည်မှုအတွက် ပွင့်လင်းမြင်သာမှုအဆင့်၊ လိုက်လျောညီထွေဖြစ်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မူဝါဒချမှတ်သူများအနေဖြင့် အုပ်ချုပ်မှုယန္တရားအား ခြိမ်းခြောက်လာနိုင်သည့် အခက်အခဲများအား

ထိရောက်သည့် တုံ့ပြန်မှုများကို ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုသို့ မလုပ်ဆောင်နိုင်ပါက ဗဟိုထိန်းချုပ်မှုစနစ် အားပျော့လာမည်ဖြစ်ပြီး အစိုးရအနေဖြင့် စီးပွားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။

4IRသည် နိုင်ငံသားတို့၏ သဘာဝ၊ အပြည်ပြည်ဆိုင်ရာ လုံခြုံရေးတို့အပေါ် ထိရောက်နိုင်စွမ်းနှင့် ပဋိပက္ခ၏ သဘောသဘာဝနှစ်ရပ်လုံး၏ အကျိုးသက်ရောက်မှုပေါ်တွင် မူတည်မည်ဖြစ်သည်။ စစ်မက်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးသည် နည်းပညာ ဆန်းသစ်မှုအပေါ်တွင် များစွာမူတည်ပါသည်။ 4 IR ကာလ ဆိုက်ဘာစစ်ပွဲတွင် စစ်နှင့် ငြိမ်းချမ်းရေး၊ ယှဉ်ပြိုင်လိုစိတ်နှင့် အကြမ်းဖက်ခြင်းတို့သည် ရောယှက်နေမည်ဖြစ်သည်။ ဇီဝလက်နက်များအား အလွယ်တကူ ကိုင်စွဲလာနိုင်သည့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုတွင် ကိုယ်မင်းကိုယ်ချင်းပုံသဏ္ဍာန်၊ တစ်သီးပုဂ္ဂလနှင့် အုပ်စုငယ်လေးများသည် နိုင်ငံသားများနှင့် အုပ်ချုပ်သူအစိုးရအပေါ် ပိုမိုခြိမ်းခြောက်လာမည်ဖြစ်ကာ ပြည်သူများအနေဖြင့် ကြီးလန့်စာစားဘဝတွင် အကြောက်တရားများဖြင့်သာ ရင်ဆိုင်ကြရမည်ဖြစ်သည်။

သို့သော် ကောင်းကျိုးများအနေဖြင့် ကာကွယ်ရေးနည်းစနစ်များအား ပိုမိုကောင်းမွန်လာ မည်ဖြစ်ရာ ရန်သူကိုရှာဖွေရာတွင် ယခင်ကထက် ပိုမိုတိကျလာကာ ခြိမ်းခြောက်မှုများအား လျှော့ချနိုင်မည်ဖြစ်သည်။

## 4 IR ၏ အနာဂတ်

စက်မှုခေတ် ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးနှင့် အပြစ်များသည် နိုင်ငံသားများ၊ စားသုံးသူများနှင့် ရင်းနှီးမြှပ်နှံသူ လူသားအားလုံးပေါ်တွင် မူတည်ပါသည်။ ထို့ပြင် လူသားတို့၏ ကိုယ်ပိုင် ရပ်တည်မှုနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်၊ နိုင်ငံအပေါ် ချုပ်ကိုင်လွှမ်းမိုးနိုင်မှု၊ နည်းပညာအား သုံးစွဲမှု အသွင်သဏ္ဍာန်၊ အလုပ်လုပ်ချိန်နှင့် အပန်းဖြေမှုတို့အပြင် အသက်မွေးဝမ်းကြောင်းပုံစံ၊ ပင်ကိုယ် အရည်အသွေး မြှင့်တင်ခြင်း၊ လူသားအချင်းချင်းနှင့် သဘာဝတရားအပေါ် မည်ကဲ့သို့ တုံ့ပြန်သည် စသော အချက်အလက်များပေါ်တွင်သာ မူတည်ပါသည်။

ထို့ကြောင့် အခွင့်အရေးနှင့် စွမ်းအားများကို အမိအရဆုပ်ကိုင်၍ လူသားအားလုံး အကျိုးဖြစ်ထွန်းစေမည့် 4IR၏ အနာဂတ်အား ပုံဖော်ကြရန် လိုအပ်သည်။ ထို့အပြင် နည်းပညာဖြင့် ကမ္ဘာတစ်ဝန်း အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် အလုံးစုံပြည့်ဝသည့် လူ့အသိုက်အဝန်း ပေါ်ပေါက်လာရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် ယနေ့ခေတ်ထိတိုင် မူဝါဒရေးဆွဲသူအများစုသည် ခေတ်ဟောင်းမှ အတွေးအခေါ်များနှင့် တစ်သမတ်တည်း တွေးခေါ်ခြင်းကဲ့သို့ အယူအဆများ ပိတ်မိလျက်ရှိနေရာ မိမိတို့အားလုံး၏ အနာဂတ်အား တီထွင်ကြံဆမှုများဖြင့် ထုဆစ်ပုံဖော်ရာတွင် ဖြစ်လာနိုင်ဖွယ်ရှိသော အခက်အခဲများအား မဟာဗျူဟာနည်းလမ်းကျကျ ထည့်သွင်း စဉ်းစားကြရန် အထူးလိုအပ်မည်ဖြစ်သည်။


လူသားများ၏ အခန်းကဏ္ဍသည်သာ အရာရာဖြစ်သည်နှင့်အညီ မိမိတို့၏ အနာဂတ်အား စက်မှုခေတ်ပြောင်းတော်လှန်ရေးများဖြင့် ထုဆစ်ပုံဖော်ရာတွင် လူသားများ၏ အခန်းကဏ္ဍအား ထည့်သွင်း စဉ်းစားရန်နှင့် အရည်အသွေးများ မြှင့်တင်ရန် အထူးလူသားတစ်ရပ်လုံး အကျိုးဖြစ်ထွန်းစေမည့် စက်ရုပ်များအား အလေးထားသည့် 4 IR တွင် လူသားများ၏ အခန်းကဏ္ဍအား ယုတ်လျော့လာစေမည်ဟု မှတ်ယူမည်ဆိုပါက အဆိုးမြင်တစ်ရပ်သာ ဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် ပြောင်းလဲရန် တာဆူနေပြီဖြစ်သော စက်မှုခေတ်ပြောင်း တော်လှန်ရေးသည် ယခင် ခေတ်ပြောင်းတော်လှန်ရေးများကဲ့သို့ပင် လူသားများအား အကျိုးပြုပြောင်းလဲခြင်းသာ ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

**မှီငြမ်း**

The Fourth Industrial Revolution: Professor Klaus Schwab

Wikipedia

The Fourth Industrial Revolution: what it means, how to respond



# Data Measurement Level ဆိုသည်မှာ

ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)

၁။ သုတေသန ပညာရှင်များအနေဖြင့် analyzed data များအပေါ် အခြေခံပြီး Project Report များ ရေးသားခြင်းဖြစ်ပါသည်။ သို့သော် အဆိုပါ data များကို analyze မလုပ်မီ ပထမဦးစွာ data များကို Measurement Level အလိုက် define လုပ်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ တွက်ချက်မှုများတွင် သင့်လျော်သည့် တွက်ချက်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂။ ထို့ကြောင့် data များကို Measurement Level အလိုက် ခွဲခြားကြည့်မည်ဆိုပါက (၄)မျိုး ခွဲခြားနိုင်သည်။ ၄င်းတို့မှာ -

(က) Nominal Level

(ခ) Ordinal Level

(ဂ) Interval Level နှင့်

(ဃ) Ratio Level တို့ဖြစ်ပါသည်။

**Nominal Level** ဆိုသည်မှာ variable တစ်ခုကို အမည်သတ်မှတ်ရုံ/အမျိုးအစား သတ်မှတ်ရုံသာ လုပ်ဆောင်ခြင်းဖြစ်သည်။ မည်သည်က ကြီးသည်/ ငယ်သည် စသည့် logical order စီစဉ်၍ မရပါ။

ဥပမာ- မောင်မောင်၊ အောင်အောင်၊ လှလှ စသည့် အမည်များ။ ကချင်၊ ကယား၊ ကရင်၊ ချင်း စသည့် လူမျိုးအမည်များ အပါအဝင် အခြားသော အမည်နာမ

အဖြစ်သာ သတ်မှတ်ထားသည့် အမည် ဟူသမျှတို့သည် Nominal Level သာဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အမည်များတွင် မည်သည့်အမည်က ပိုကြီးသည်/ငယ်သည် ဟု logical order အရ ခွဲခြား၍ မရဘဲ အမည်တစ်ခုအနေဖြင့်သာ သတ်မှတ်ထားသောကြောင့် ဖြစ်သည်။

ထို့ပြင် အားကစားသမားများ၏ ကျောနံပါတ်များကို define လုပ်မည်ဆိုပါကလည်း Nominal Level သာ ဖြစ်မည်။ ဥပမာ ဘောလုံးအားကစားနည်းကို လေ့လာကြည့်မည်ဆိုလျှင်လည်း ဂိုးသမား (goal keeper)၏ ကျောနံပါတ် (၁)မှာ အသင်းထဲတွင် အတော်ဆုံးဖြစ်သဖြင့် ပေးထားခြင်းမျိုးမဟုတ်ဘဲ အဆိုပါ ကျောနံပါတ် (၁) သည် ဂိုးသမားဟု ကိုယ်စားပြုခြင်းသာဖြစ်သည်။

SPSS data set တည်ဆောက်ရာတွင် category data များကို data entry ဆောင်ရွက်ရာတွင် လည်းကောင်း၊ data analyze ဆောင်ရွက်ရာတွင်လည်းကောင်း လွယ်ကူစေရန် အဆိုပါ category data များကို numerical data ပုံစံ ပြောင်းလဲလေ့ရှိကြောင်းတွေ့ရသည်။

ထို့ကြောင့် အဆိုပါ numerical data များသည် အမြင်အားဖြင့်သာ ကိန်းဂဏန်း အသွင်ဆောင်နေခြင်း ဖြစ်သော်လည်း အဆိုပါ ကိန်းဂဏန်းများကို မည်သည့် ကိန်းဂဏန်းက ကြီးသည်/ငယ်သည် သတ်မှတ်၍ မဖြစ်နိုင်သကဲ့သို့ အဆိုပါ ကိန်းဂဏန်းများကို ပေါင်းခြင်း/ နုတ်ခြင်း ဆောင်ရွက်မည်ဆိုပါကလည်း အဓိပ္ပာယ်မရှိပါ။ ထို့ကြောင့် အဆိုပါ ကိန်းဂဏန်းများသည် အမည်နာမ တစ်ခုကိုသာ ကိုယ်စားပြုခြင်း ဖြစ်သည်။

**SPSS data set တွင် Nominal Level အဖြစ် တွေ့နိုင်သည့် ဥပမာ ပုံစံအမျိုးအစားများမှာ -**

(က) **Sex :** Male = 1, Female =2

(ခ) **Ethnic:** Kachin = 1, Kayar = 2, Kayin = 3, Mon = 4 . . .etc. .

(ဂ) **Marital Status**: Single = 1, Married = 2, Divorce = 3, Window = 4

(ဃ) **Region:** Yangon = 1, Mandalay =2, Ayeyarwaddy = 3 . . .etc. . တို့ဖြစ်ကြပါသည်။

**Ordinal Level** ဆိုသည်မှာ logical order အရ မည်သည်က ကြီးသည်/ငယ်သည်ဟု ခွဲခြား၍ရပါသည်။ သို့သော် ပမာဏ မည်မျှ ကြီးသည်/ငယ်သည်ဟု တွက်ချက်၍ မရပါ။

ဥပမာ - တက္ကသိုလ် တစ်ခုတွင် "tutor", "Assistant Lecture", "Lecture", "Associated Professor" and "Professor" တို့သည် အမည်နာမ သတ်မှတ်ချက်မျှသာ မဟုတ်ဘဲ ရာထူးအလိုက် မည်သည့် ရာထူးက ကြီးသည်/ငယ်သည်ကို ခွဲခြား၍ ရပါသည်။ သို့သော် ရာထူး တစ်နေရာနှင့် တစ်နေရာ ပမာဏ မည်မျှ ကွာခြား သည်/ ကြီးသည်ကို တွက်ချက်၍ မဖြစ်နိုင်ပါ။

ထို့ပြင် အချို့ project များတွင် opinion မေးခွန်းများအတွက် likert scale အရ "strongly agree", "agree", "neither agree nor disagree", "dis-agree", "strongly dis-agree" တို့သည် တစ်ခုနှင့် တစ်ခု ကြိုက်နှစ်သက်မှုအရ logical order စီစဉ်၍ ရသော်လည်း ပမာဏ မည်မျှ ကွာခြားသည်ကို ဖော်ပြနိုင်စွမ်း မရှိပါ။ ထို့ကြောင့် အဆိုပါ variable မျိုးကို Ordinal Level အဖြစ် သတ်မှတ်ရမည်ဖြစ်သည်။

**SPSS data set တွင် Ordinal Level အဖြစ် တွေ့နိုင်သည့် ဥပမာ ပုံစံအမျိုးအစားများမှာ -**

strongly agree = 1, agree = 2, neither agree nor disagree= 3, disagree =4, strongly disagree =5

tutor = 1, Assist Lecture = 2, Lecture = 3, Associated Professor = 4, Professor =5

**Interval Level** ဆိုသည်မှာ ကိန်းဂဏန်းတစ်ခုနှင့် တစ်ခုတို့ကြားတွင် တူညီသည့် ခြားနားချက်/ ကွာခြားချက် ရှိသော variable မျိုးကို သတ်မှတ်ပါသည်။

ဥပမာ - အပူချိန်ကို တိုင်းတာမည်ဆိုပါက 31˚ F နှင့် 33˚F တို့အကြားတွင် 2 ˚F ကွာခြားသကဲ့သို့ 34˚F နှင့် 36˚F တို့အကြားတွင်လည်း 2˚F ကွာခြားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အဆိုပါ variable မျိုးကို Measurement

Levelသတ်မှတ်မည်ဆိုပါက Interval Levelသာဖြစ်မည်။

ထို့ပြင် ဖိနပ် sizeကို လေ့လာကြည့်မည်ဆိုပါက လည်း Interval Levelသာဖြစ်မည်။ အဘယ့်ကြောင့်ဆိုသော် ဖိနပ်sizeတစ်ခုနှင့် တစ်ခု အကြား ကြီးသွား/ရှည်သွားသည့် Interval သည် တူညီသည်ဖြစ်သည်။ (size No. 6 နှင့် size No. 7 သည် 10 cm ကွာခြားမည်ဆိုပါက size No. 8 နှင့် size No. 9 ကြား၊ size No. 11 နှင့် size No. 12 ကြားတို့၏ ခြားနားချက်သည်လည်း 10 cm သာဖြစ်မည်။)

တဖက်တွင်လည်း ဖိနပ် size No. 12သည် ဖိနပ် size No. 6 ထက် (၂)ဆ ကြီးမသွား/ရှည်မသွားပါ။ ထို့ကြောင့် ဖိနပ် size ကို အချိုး/အဆအနေဖြင့် ပြော၍ မရဘဲ intervalအနေဖြင့်သာ သတ်မှတ်နိုင်ပါသည်။

**Ratio Level**ဆိုသည်မှာ ကိန်းဂဏန်းတစ်ခုနှင့် တစ်ခုတို့ ကြားတွင် အချိုး/အဆအနေဖြင့် ပြောနိုင်သော variable မျိုးကို သတ်မှတ်ကြသည်။

ဥပမာ – ဝင်ငွေ၊ အသုံးစရိတ်၊ အိမ်ထောင်စုဝင် အရေအတွက်၊ ဖြေဆိုသူ၏ အသက် စသည့် variableမျိုးကို Ratio Level အဖြစ်သတ်မှတ်နိုင်သည်။ အဘယ်ကြောင့် ဆိုသော် ဦးအောင်အောင်သည် တစ်လ (၅)သိန်း ရရှိပြီး ဒေါ်တင်တင်သည် တစ်လ (၁၀)သိန်းရရှိမည်ဆိုပါက ဒေါ်တင်တင်ရရှိသည့် ဝင်ငွေသည် ဦးအောင်အောင် ရရှိသည့် ဝင်ငွေ၏ (၂)ဆ ရှိသည်ဟု ပြောနိုင်သည်။

ထို့ပြင် ဦးအောင်အောင်အနေဖြင့် ယခုလ အလုပ် မလုပ်နိုင်ပါက ဝင်ငွေမရှိ (zero income)ဖြစ်မည်။ (One of the properties of ratio level is "The point 0 reflects the absence of the characteristic")

SPSS data set တွင် Interval နှင့် Ratio ကို ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ Scaleအဖြစ်သာ တစ်စုတစ်စည်း တည်း သတ်မှတ်ထားကြောင်းတွေ့ရသည်။ Scale (Nominal and Ordinal) သည် numerical typeဖြစ်သည့် အတွက် အဆိုပါ data ကို SPSS data set တွင် သီးခြား သတ်မှတ်ရန် မလိုပါ။

၃။ Variable တစ်ခုကို Measurement Levelသတ်မှတ်ချက်အပေါ် မူတည်ပြီး Data analyze လုပ်နိုင်သည့် ပုံစံ ကွာခြားသွားပါသည်။

ဥပမာ – Measure of central tendency တွက်မည်ဆိုပါက scale levelသတ်မှတ်ထားရှိသည့် data ကို mean (သမတ်ကိန်း)၊ median (အလယ်ကိန်း) နှင့် mode (ကြိမ်များကိန်း) တို့ဖြင့် တွက်ချက်ဖော်ပြနိုင်သော်လည်း၊ Ordinal Level သတ်မှတ်ထားရှိသည့် data ကို median (အလယ်ကိန်း) နှင့် mode (ကြိမ်များကိန်း) တို့ဖြင့်သာ တွက်ချက်ဖော်ပြနိုင်ပြီး၊ Nominal Levelသတ်မှတ်ထား ရှိသည့် dataကို mode (ကြိမ်များကိန်း) တစ်ခုတည်းဖြင့်သာ တွက်ချက်ဖော်ပြနိုင်ပါသည်။

သို့သော် အချို့ marketing project report များတွင် likert scale (Ordinal Level ထားရှိသည့် data) ကို mean (သမတ်ကိန်း) တွက်ချက် ဖော်ပြလေ့ရှိကြောင်း လည်း တွေ့ရတတ်ပါသည်။

Basic Statistical analysis တစ်ခုအနေဖြင့် –

| | Nominal | Ordinal | Scale |
|---|---|---|---|
| **Mean** | | | - |
| **Median** | | - | - |
| **Mode** | - | - | - |

၄။ ထို့ကြောင့် variable များကို analyze မလုပ်မီ –

(က) မည်သည့် Measurement Level သတ်မှတ်သင့် သည်။

(ခ) မည့်သည့် statistical methods များကို အသုံးပြုပြီး analyze လုပ်မည် ကို analyze လုပ်သူများအနေဖြင့် ကြိုတင် သုံးသပ်ထားသင့်ပါကြောင်း တင်ပြအပ်ပါ သည်။

# SMEs ကဏ္ဍများ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းတာဝန်ယူကြပါစို့

ဒေါက်တာမင်းဇော်ဦး

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် နှစ်ဆန်းမှာ အသစ်အဆန်းပမာ တစ်ခေတ်ဆန်းလာသော အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်အတွင်းရှိ မြို့နယ်များမှ လူငယ်လုပ်ငန်းရှင်များကို ဖိတ်ခေါ်ကာ ၎င်းတို့လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်တတ်စေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများ၊ ဝင်ငွေစီးဆင်းမှုတွက်ချက်ပုံ၊ ဈေးကွက်ရှာဖွေပုံ၊ ချေးငွေရယူနိုင်မည့် နည်းလမ်းများ၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုလုံးကို အစီအစဉ်ရေးဆွဲနည်းစသည့် အခြေခံစီးပွားရေးဆိုင်ရာကိစ္စများ စနစ်တကျ ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၂၁ ရက်မှ ၃၀ ရက်နေ့အထိ (၁၀) ရက်ကြာ သင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သည်။ ၎င်းနောက် မေလ (၂) ရက်နေ့တွင် တတ်မြောက်မှု စွမ်းရည်ပြိုင်ပွဲ ကျင်းပပေးခြင်း၊ မေလ ၃ ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအကြောင်း၊ SMEs အသင်းဝင်လျှောက်ထားပုံ၊ နိုင်ငံတကာ အထောက်အပံ့အကူအညီများ တောင်းခံရယူနိုင်ပုံများ အစရှိသည်တို့ကို စာရေးသူအနေဖြင့် ရှင်းလင်းဆွေးနွေး ဆောင်ရွက်ခဲ့မှုများအား အပိုင်းလိုက် တင်ပြသွားမှာ ဖြစ်ပါတယ်။



## ရည်ရွယ်ချက်

DaNa Facility၊ UK Aid နှင့်မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ ထောပတ်၊ ကော်ဖီနှင့် ဝဥသီးနှံများ တန်ဖိုးမြှင့် ကွင်းဆက် အဆင့်မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းရှိ တောင်ပေါ်သူ/ သားများ၏ စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များသို့ ချေးငွေများ ပေးအပ်နိုင်ရေး ရည်ရွယ်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ မင်းတပ်မြို့ရှိ Green Land ဘော်ဒါဆောင်ခန်းမ၌ စီးပွားရေးအစီအစဉ်များ ရေးဆွဲခြင်းသင်တန်း (Business Planning Training)အား ပို့ချခဲ့ကြပါတယ်။ အဆိုပါသင်တန်းသို့ မင်းတပ်မြို့နယ်၊ မတူပီ မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များမှ လုပ်ငန်းရှင် (၂၃) ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်း၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် စီးပွားရေးအစီအစဉ်အား စနစ်တကျ ရေးဆွဲ ဆောင်ရွက်တတ်စေနိုင်ရေး ရည်ရွယ်၍ သင်ကြားပို့ချခဲ့ကြပါတယ်။

## ပြိုင်ပွဲကျင်းပခြင်း

ဆက်လက်၍ ၂၀၁၈ ခုနှစ် မေလ ၂ ရက်နေ့တွင် စီးပွားရေးအစီအစဉ် (Business Plan)ပြိုင်ပွဲအား မင်းတပ်မြို့၊ အထက(၁) ကျောင်းခန်းမ၌ ပြုလုပ်ကျင်းပခဲ့ပါတယ်။ စီးပွားရေး အစီအစဉ်များ ရေးဆွဲခြင်းသင်တန်းသို့ တက်ရောက်ခဲ့ကြသော မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့နယ်များမှ သင်တန်းသား လုပ်ငန်းရှင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ဒီပြိုင်ပွဲတွေမှာ သင်တန်းသားလုပ်ငန်းရှင်များမှ ၄င်းတို့ အတွေ့အကြုံများနှင့်ယှဉ်၍ သင်တန်းမှ ပို့ချခဲ့သည့် နည်းလမ်းများဖြင့် အကောင်းဆုံး ရှင်းလင်းတင်ပြသွားနိုင်သည်ကို တွေ့ရှိခဲ့ရပါတယ်။

## ဆွေးနွေးပွဲကျင်းပခြင်းနှင့် ဆုချီးမြှင့်ခြင်း

၄င်းနောက် ၂၀၁၈ ခုနှစ် မေလ ၃ ရက်နေ့တွင် “အသေးစား၊ အလတ်စားလုပ်ငန်းများ (SMEs) အကြောင်း သိကောင်းစရာ”၊ “ကုမ္ပဏီများ တည်ထောင်မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာ”၊ “ချင်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအကြောင်း” ဆွေးနွေးပွဲအား မင်းတပ်မြို့၊ အ.ထ.က (၁) ခန်းမမှာပဲ ထပ်မံပြုလုပ်ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး၊ ဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက အဖွင့်အမှာစကား ပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးမှ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ဥပဒေအရ ရရှိနိုင်သောခံစားခွင့်များ၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စများ၊ ကုမ္ပဏီမှတ်ပုံတင်ရခြင်းအကြောင်းနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ Mr. Peter Brimble (DaNa Facility) မှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါတယ်။ ထို့နောက် စီးပွားရေး စီမံကိန်းရေးဆွဲခြင်း ပြိုင်ပွဲတွင် ဆုရ ရှိသူများအား ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအကြောင်း၊ SMEs ချေးငွေ တင်သွင်းလျှောက်ထားခြင်းအကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအား ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးခဲ့ရာ ကုမ္ပဏီ (၈)ခုအား နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

## ဘဏ်ချေးငွေလျှောက်ထားပုံများနှင့် ဆွေးနွေးမေးမြန်းခြင်း

ဆက်လက်၍ ဧရာဝတီ တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် Responsible Business Fund (RBF)မှ တာဝန်ရှိသူများက အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ချေးငွေ၊ နည်းပညာနှင့် ဈေးကွက်စသည်တို့ ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါတယ်။ တက်ရောက်လာသူများမှ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြပြီး DICA၊ SMEs၊ A Bank၊ RBF တို့မှ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားပေးခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲသို့ လူဦးရေ (၁၅၀) ဦးခန့် တက်ရောက်ခဲ့ပါတယ်။

## လုပ်ငန်းရှင်များ၏ အခက်အခဲ

ပြည်နယ်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များသည် SMEs ချေးငွေ၊ ဘဏ်ချေးငွေ၊ အခြားထောက်ပံ့ငွေများ လျှောက်ထားရာတွင် လိုအပ်သောအထောက်အထားများ တင်ပြနိုင်ရန် အခက်အခဲများရှိနေသည်ကို တွေ့ရှိရပါသည်။ ဥပမာ-မြေပိုင်ဆိုင်ကြောင်း အထောက်အထား (ပုံစံ-၇)၊ ဂရန်မြေဖြစ်ကြောင်း တင်ပြနိုင်သူမရှိကြပေ။ သို့ဖြစ်၍ ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေချေးယူနိုင်ခြင်းမရှိသည့် အခက်အခဲများ တွေ့ရပါတယ်။

ပြည်နယ်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင် အများစုမှာ-

(၁) လယ်ယာမြေလုပ်ပိုင်ခွင့် အထောက်အထား ပိုင်ဆိုင်ကြောင်း အထောက်အထား (ပုံစံ-၇) မရှိခြင်း

(၂) အိမ်ခြံမြေပိုင်ဆိုင်မှုအထောက်အထား(ဂရန်မြေ) တင်ပြနိုင်မှုမရှိခြင်း

(၃) အခြားစက်ပစ္စည်း၊ ယာဉ်ယန္တရားပိုင်ဆိုင်မှုမရှိခြင်း

အထက်ဖော်ပြပါအခြေအနေများ ရှိနေသောကြောင့် SMEs ချေးငွေလျှောက်ထားရန်၊ ဘဏ်ချေးငွေလျှောက်ထားရန်၊ နိုင်ငံတကာ အထောက်အပံ့အကူအညီများ လျှောက်ထားရန် တင်ပြရမည့် အထောက်အထားများ ပြည့်စုံမှုမရှိခြင်းစသည့် အခြေအနေများကြောင့် ချေးငွေချေးယူ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲများ ရှိနေသည်ကို တွေ့ရှိရပါတယ်။

## ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၇၆) တွင် "အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံသားပိုင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များ၊ ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့်နေရာ သို့မဟုတ် စီးပွားရေး လုပ်ငန်းအမျိုးအစားများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များတွင် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်" ဟု အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်နယ်တွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ အနေဖြင့် အတည်ပြုမိန့်၊ ခွင့်ပြုမိန့်များ လျှောက်ထားရယူခြင်းဖြင့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် မြေအသုံးချခွင့်များ ရရှိခံစားနိုင်မည် ဖြစ်ပါတယ်။ အဆိုပါအတည်ပြုမိန့်၊ ခွင့်ပြုမိန့်များသည် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၊ ဌာနများ၏ သဘောတူညီမှုရရှိပြီး ခွင့်ပြုပေးသော လုပ်ငန်းများဖြစ်၍ တစ်နည်းအားဖြင့် အစိုးရအဖွဲ့မှ ထောက်ခံထားသော လုပ်ငန်းများဆိုလျှင် မှားမည်မဟုတ်ပေ။ ဒါကြောင့် SMEs ချေးငွေထုတ်ချေးရေး လုပ်ငန်းစဉ်တွင် အစိုးရ၏ အာမခံလုပ်ငန်းဖြစ်လျှင် ချေးယူနိုင်သည်ဆိုသည့် အချက်အရ လုပ်ငန်းရှင်များအနေဖြင့် ချေးငွေချေးယူမှု လွယ်ကူလာမည့်အပြင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခံစားခွင့်များလည်း တစ်ပါတည်း ရရှိခံစားနိုင်မည့် နည်းလမ်းဖြစ်ပေသည်။ သို့ဖြစ်ပါ၍ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရန် SMEs လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်သောကြောင့် ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။



# ကိန်းဂဏန်းအသုံးပြုသူနှင့် ပံ့ပိုးပေးသူများအကြားဆက်ဆံရေး
## (Data User and Provider Relationship)

|ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့)|

## နိဒါန်း

ယနေ့ခေတ် နည်းပညာဖွံ့ဖြိုးမှုနှင့်အတူ ကိန်းဂဏန်းအသုံးချမှု အရှိန်အဟုန်လည်း မြင့်တက်လာပါသည်။ မိမိတို့စိတ်ဝင်စားသည့် နယ်ပယ်များအတွက် ကိန်းဂဏန်းများအသုံးပြု၍ သုတေသနပြုလုပ်ပြီး လေ့လာသုံးသပ်ဆန်းစစ်ချက်များ ပြုလုပ်ခြင်းမှ ရရှိလာသည့် ရလဒ်များဖြင့် စီမံကိန်းများနှင့် မူဝါဒများရေးဆွဲချမှတ်နိုင်ပါသည်။ ထို့ကြောင့် ကိန်းဂဏန်းအသုံးပြုသူနှင့် ပံ့ပိုးပေးသူများအကြား ဆက်ဆံရေးကောင်းမွန်ခြင်းသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။

## ကိန်းဂဏန်းပံ့ပိုးပေးသူများ၏ ဆောင်ရွက်ချက်

နိုင်ငံတကာတွင် ကိန်းဂဏန်းဇာစ်မြစ်များအနေဖြင့် မိမိတို့ ကိန်းဂဏန်းအရည်အသွေး ပြည့်ဝမှုရှိစေရေးအတွက် ကိန်းဂဏန်းမကောက်ယူမီ SWOT စိစစ်သုံးသပ်မှုများလည်း ပြုလုပ်ခဲ့ကြပါသည်။ ကိန်းဂဏန်းဇာစ်မြစ်များအနေဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာတွင် အလွန်အရေးကြီးသော ညွှန်ကိန်းများအတွက် အသုံးပြုသူများ လိုအပ်သည့် ကိန်းဂဏန်းများကို နားလည်သဘောပေါက်ခြင်းနှင့် အချိန်မီပြီးစီး ရရှိရန်အတွက်နည်းပညာ၊ ငွေကြေးနှင့် လူ အင်အားလုံလောက်မှုရှိခြင်း စသည့် အားသာချက်များ

(Strengths)စိစစ်သုံးသပ်ခြင်း၊ ကိန်းဂဏန်းကောက်ယူမည့်သူများတွင် သတ်မှတ်ထားသည့် အရည်အသွေးမပြည့်ဝခြင်း၊ လုံလောက်သော အရင်းအမြစ်မရှိခြင်းနှင့် ကိန်းဂဏန်းအသုံးပြုသူများအတွက် အချိန်မီ ပံ့ပိုးပေးနိုင်ရန် စနစ်တကျစီစဉ်ဆောင်ရွက်ထားမှုမရှိခြင်းစသည့် အားနည်းချက်များ (Weaknesses) စိစစ် သုံးသပ်ခြင်း၊ ကိန်းဂဏန်း ဖြန့်ဖြူးထုတ်ဝေနိုင်မည့် စီမံခန့်ခွဲမှုနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ (Opportunities)စိစစ်သုံးသပ်ခြင်း၊ အစိုးရကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိန်းဂဏန်းအချက်အလက်များ ရရှိရေးအတွက် ကိန်းဂဏန်းအသုံးပြုသူများနှင့် ထောက်ပံ့ပေးသူများအကြား ဆက်ဆံရေးတိုးတက် ကောင်းမွန်စေရန် အဟန့်အတားဖြစ်စေသည့် ခြိမ်းခြောက်မှုများ (Threats)ကို စိစစ်သုံးသပ်ခြင်း စသည်ဖြင့် ပြုလုပ်ကြပါသည်။

## ကိန်းဂဏန်းစီမံခန့်ခွဲမှု

တစ်နည်းအားဖြင့် ကိန်းဂဏန်းထုတ်ဝေသူများသည် ပံ့ပိုးပေးသူများ ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ကိန်းဂဏန်းစီမံခန့်ခွဲမှုများကို အောက်ပါ အချက်များအတိုင်း ဆောင်ရွက်လျက် ရှိပါသည်။

**(၁) နိုင်ငံတော်အစိုးရ (Government)**

* နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့် လိုအပ်သည့် မူဝါဒများအတွက် ကိန်း ဂဏန်းကောက်ယူခြင်း ဖြစ်သည်။

**(၂) မူရင်းကိန်းဂဏန်းနှင့် ကိန်းဂဏန်း အဓိပ္ပာယ်ဖွင့်ထားသည့် စီမံခန့်ခွဲမှု (Master Data and Metadata Management)**

* မူရင်းကိန်းဂဏန်းနှင့် ယင်းကိန်းဂဏန်းရရှိအောင် ဆောင်ရွက်ခဲ့သည့် ကိန်း ဂဏန်း အဓိပ္ပာယ်ဖွင့်ဆိုထားမှုများကို စီမံခန့်ခွဲခြင်း ဖြစ်သည်။

**(၃) အရည်အသွေးထိန်းချုပ်မှု (Quality Control)**

* ကိန်းဂဏန်းများ တိကျမှန်ကန်ရေးအတွက် စစ်ဆေးခြင်းဖြင့် အရည်အသွေးထိန်းချုပ်ခြင်း ဖြစ်သည်။

**(၄) အဓိပ္ပာယ်ပေါင်းစပ်ခြင်း (Integration Definition)**

* ကိန်းဂဏန်းအမျိုးအစားများသည် စီးပွားရေးနှင့် လူမှုရေး နယ်ပယ်အလိုက် အဓိပ္ပာယ်မျိုးစုံ ပါဝင်ပေါင်းစပ်ခြင်းဖြစ်သည်။



**(၅) ဗိသုကာပညာ (Architecture)**

* အဓိပ္ပာယ်ဖွင့်ဆိုထားသော ကိန်းဂဏန်းများကို ဗိသုကာပညာ အသုံးပြုခြင်းဖြင့် လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

**(၆) ပြောင်းလဲခြင်း (Transformation)**

* ကိန်းဂဏန်းများမှ တစ်ဆင့် မူဝါဒများအတွက် လိုအပ်သော သတင်းအချက် အလက်သွင်းအားစုများ အဖြစ် ပြောင်းလဲခြင်း ဖြစ်သည်။

**(၇) သိုလှောင်ခြင်း (Warehousing)**

* ကိန်းဂဏန်းများ အကြောင်းအမျိုးမျိုးကြောင့် ပပျောက်မှုမရှိစေရန် သိုလှောင် ထိန်းသိမ်းထားရမည် ဖြစ်သည်။

**(၈) ကိန်းဂဏန်း အချက်အလက်များ ထည့်သွင်းသည့်စနစ် (Database Systems)**

* ကိန်းဂဏန်းများ သိုလှောင်ခြင်းပြုရာတွင် ကိန်းဂဏန်းအချက်အလက်များ ထည့်သွင်းသည့်စနစ်ဖြင့် စနစ်တကျ သိမ်းဆည်းထားခြင်း ပြုလုပ်ရမည် ဖြစ်သည်။

## ကိန်းဂဏန်းအသုံးပြုသူများ၏ လိုအပ်ချက်

ကိန်းဂဏန်း အသုံးပြုသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းရည်မှန်းချက်များ အကောင် အထည်ဖော်ဆောင်ရွက်ပြီးစီးရန် ကိန်းဂဏန်း အကြောင်းအရင်းများ၏ နောက်ခံသမိုင်းသည်လည်း အရေးကြီးပါသည်။ ထို့ပြင် ကောင်းမွန်



သော ဆုံးဖြတ်ချက်များကို ချမှတ်ပေးနိုင်မည့် ယေဘုယျ လိုအပ်သည့် ကိန်းဂဏန်း အမျိုးအစား (၅) မျိုးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(၁) မှန်ကန်တိကျသော ကိန်းဂဏန်း (Truth Data)
(၂) တိုးတက်ကောင်းမွန်သော ကိန်းဂဏန်း (Improving Data)
(၃) ကြိုတင်ခန့်မှန်းနိုင်သော ကိန်းဂဏန်း (Predictable Data)
(၄) တီထွင်ဆန်းသစ်မှုကို ပြုလုပ်နိုင်သော ကိန်းဂဏန်း (Breeding-innovation Data)
(၅) ယှဉ်ပြိုင်မှုအားသာချက်ရှိသော ကိန်းဂဏန်း (Competitive advantage Data)

## နိဂုံး

ကိန်းဂဏန်းအသုံးပြုသူများအနေဖြင့် ကိန်းဂဏန်းအချက်အလက် ရရှိမှုအတွက် အခက်အခဲအမျိုးမျိုး ရှိနိုင်ပါသည်။ အချို့မှာ ကိန်းဂဏန်းဇာစ်မြစ်မှ ကိန်းဂဏန်း တောင်းခံရရှိရန် နည်းလမ်းမသိခြင်းနှင့် မည်သည့်ကိန်းဂဏန်း အမျိုးအစားများသည် မည်သည့်ဇာစ်မြစ်မှ ရရှိနိုင်သည် စသည့် ဗဟုသုတအားနည်းခြင်းတို့ကြောင့် အခက်အခဲများ ကြုံတွေ့ရခြင်းဖြစ်ပါသည်။ ယခင်အချိန်ကာလများတွင် နိုင်ငံတကာအဖွဲ့အစည်း Website များ၌ နိုင်ငံအသီးသီး၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ခေါင်းစဉ်အလိုက် ကိန်းဂဏန်းများကို ဖော်ပြထားသော်လည်း မြန်မာနိုင်ငံ၏ ကိန်းဂဏန်းရရှိမှု ဖော်ပြချက်မှာ ကွက်လပ်များ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နှစ်ပေါင်း(၃၀) ကျော်လွန်ခဲ့ပြီးမှ ၂၀၁၄ ခုနှစ်တွင် ပြန်လည်ကောက်ယူနိုင်ခဲ့ခြင်း၊ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း Demographic and Health Survey (DHS) ကိုလည်း ပထမဆုံးအကြိမ် ကောက်ယူနိုင်ခဲ့ခြင်းနှင့် အခြားအရေးကြီးသော ကဏ္ဍအသီးအသီးနှင့် စပ်လျဉ်းသည့် သန်းခေါင်စာရင်းနှင့် နမူနာစစ်တမ်း များစွာကိုလည်း ကောက်ယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ကောက်ယူစုစည်းပြီး ဗဟိုစာရင်းအင်းအဖွဲ့ ဝက်ဆိုဒ် http://www.mmsis.gov.mm တွင် ဖော်ပြလျက်ရှိပါသည်။ သက်ဆိုင်ရာ ကိန်းဂဏန်း ဇာစ်မြစ်များအနေဖြင့် မိမိတို့ကိန်းဂဏန်း ထုတ်ဝေမှုများကို ကိန်းဂဏန်းအသုံးပြုသူများ သိရှိနားလည်သဘောပေါက်စေရန် အသိပညာဗဟုသုတ ဖြန့်ဝေခြင်းများ ပြုလုပ်ပေးရမည့်အပြင် တောင်းခံလာသည့် ကိန်းဂဏန်းများကိုလည်း လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်နှင့် ကန့်သတ်အချိန်ကာလမှလွဲ၍ ပံ့ပိုးပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။ သို့မှသာလျှင် ကိန်းဂဏန်း အသုံးပြုသူနှင့် ပံ့ပိုးပေးသူများအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းဖြင့် စကားပြောနိုင်သော ကိန်းဂဏန်း (Data can speak) များမှတစ်ဆင့် ကောင်းမွန်သည့် မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြု ရေးသားတင်ပြလိုက်ပါသည်။

မှတ်ချက်။ ။ အင်တာနက်သတင်းအချက်အလက်များကို ကောက်နုတ်ဘာသာပြန်၍ စာရေးသူအာဘော်ဖြင့် ရေးသားခြင်းဖြစ်ပါသည်။

# မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲအကြောင်း သိကောင်းစရာ

မေမွန် (ဗဟိုစာရင်းအင်းအဖွဲ့)



နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအစကို လေ့လာကြည့်မည်ဆိုပါက ထိုနိုင်ငံ၏ အခြေခံစနစ်တစ်ခုဖြစ်သည့် မှတ်ပုံတင်ခြင်းစနစ်ကို လေ့လာရမည်ဖြစ်သည်။ မှတ်ပုံတင်ခြင်းစနစ်များတွင် "မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ်" သည် အခြေခံအကျဆုံးစနစ်ကြီးတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် "မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ်" ပိုမိုအားကောင်းလာစေရန်နှင့် ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အချိတ်အဆက်မိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနအပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့တို့မှ အဓိက ဦးဆောင်၍ မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် "Bloomberg Data for Health Initiative"၏ အထောက်အပံ့ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ကောင်စီရှိ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ဝမ်းတွင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ မတ်လ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ ဖိတ်ကြားထားသည့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ဗဟိုရုံးချုပ်အဆင့်တို့မှ ဧည့်သည်တော်များ ပါဝင်ပြီး မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် "Bloomberg Data for Health Initiative" မှ အဖွဲ့ဝင်များစသည်ဖြင့် အသီးသီး တက်ရောက်ခဲ့ကြပါသည်။

မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်းမှာ မြန်မာနိုင်ငံ၏ ဖွားသေစာရင်းအင်းစနစ် ပိုမိုအားကောင်းလာစေရန်၊ မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း ရာနှုန်းပြည့်လွှမ်းခြုံမှု ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ ပြည်သူလူထုမှ မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းကို ပိုမိုသိရှိပြီး လိုက်နာဆောင်ရွက်နိုင်စေရန်၊ သေဆုံးမှုတို့အား နှုတ်ဖြင့်မေးမြန်းဖော်ထုတ်ခြင်း (Verbal Autopsy-VA) နည်းဖြင့် ကောက်ယူရာတွင် နည်းပညာဆိုင်ရာ လုပ်ငန်းစွမ်းဆောင် ရည်များ တိုးတက်လာစေရန်၊ စီမံချက် မြို့နယ်များတွင်ရှိ သောကျန်းမာရေးဦးစီးဌာနမှ အခြေခံပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများအား မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းပညာများ တိုးတက်လာစေရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်သွားနိုင်ရန် စသည်တို့ကို ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် VA လုပ်ငန်းစီမံချက်မြို့နယ်များဖြစ်သည့် နေပြည်တော်ကောင်စီရှိ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ဝမ်းတွင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့မှ ဆွေးနွေးတင်ပြမှုများတွင် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များမှ ဦးဆောင်ဆွေးနွေးခြင်းများ၊ အလွတ်သဘော ဆွေးနွေးခြင်းများအပြင် အုပ်စုဖွဲ့ ဆွေးနွေးခြင်းများကို အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။ ဦးစွာပထမ မွေးဖွားမှု၊ သေဆုံးမှုတို့နှင့် ဆက်စပ်၍ စတင်ဆွေးနွေးခဲ့ကြပါသည်။

**(၁) မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းများဖြစ်သော ဖွားသေစာရင်းအင်းများ၏ နိုင်ငံတော် အဆင့် အလိုက် အသုံးဝင်မှု**နှင့် စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုသည့် အခြေခံကျသော အချက်အလက်များကို မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းများမှ ရရှိနိုင်ပြီး ထိုမှရရှိလာသော အချက်အလက်များသည် ဒေသတစ်ခု (သို့) နိုင်ငံတစ်ခု၏ မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်း အစရှိသည့် ကျန်းမာရေးအညွှန်းကိန်းများကို သိရှိနိုင်သည့်အပြင် ကျန်းမာရေး မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရာတွင်လည်း နိုင်ငံတော်၏ လူမှုအကျိုးစီးပွားကို ဖော်ဆောင်မည့် စာရင်းအင်းတစ်ရပ်အဖြစ် အသုံးဝင်ပါသည်။ ထို့အပြင် ဖွားသေမှတ်ပုံတင်ခြင်းလုပ်ငန်းသည် နိုင်ငံတော်အတွက်သာမက လူတစ်ဦးအရသော် လည်းကောင်း၊ အုပ်ချုပ်ရေးအပိုင်းမှာသော် လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်သော ရည်ရွယ်ချက်များ၊ စီမံချက်များ ချမှတ်ရာတွင်လည်းကောင်း၊ သုတေတနပြုလုပ်ငန်းများ၊ စစ်တမ်းများ ကောက်ယူခြင်းတို့တွင်လည်းကောင်း အဓိကအားဖြင့် အသုံးပြုရသည့် အချက်အလက်များဖြစ်ပါသည်။ ထိုလုပ်ငန်းကို ယခင်က သက်ဆိုင်ရာ ဌာနများတွင် မိမိတို့၏အစီအစဉ်ဖြင့် ကောက်ယူခဲ့ကြပြီး ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှု အားနည်းခဲ့သည့်အတွက် ရရှိလာသော ကိန်းဂဏန်း အချက်အလက်များသည် စာရင်းဇယားများအရ စာရင်းအင်း ပြုစုပုံအပေါ်မူတည်၍ ဌာနဆိုင်ရာများအကြားတွင် ကွဲပြားမှုများ ရှိခဲ့ပါသည်။ ထို့ကြောင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်တိကျစွာ ရရှိနိုင်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ အားလုံးအနေဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ၄င်းနောက် ဖွားသေမှတ်ပုံတင်ခြင်းအကြောင်းအား ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**ဖွားသေမှတ်ပုံတင်ခြင်း**ဆိုသည်မှာ မွေးဖွားမှုနှင့် သေဆုံးမှု ဖြစ်ပေါ်ချိန်တွင် စာရင်းပြုစုထားသော တရားဝင်မှတ်တမ်းဖြစ်ပါသည်။ ဖွားသေမှတ်ပုံတင်ခြင်း၏ အရေးကြီးဆုံး အခြေခံအချက်မှာ မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းတို့ ဖြစ်ပါသည်။ ပြီးပြည့်စုံသည့် ဖွားသေမှတ်ပုံတင်ခြင်းစနစ်သည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးမှတ်တမ်း အချက်အလက်များကို လုံခြုံစိတ်ချမှုရှိစေခြင်း၊ မပြတ်မနေ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ခြင်း၊ တရားဥပဒေအရ တရားဝင် အထောက်အထားတစ်ခုဖြစ်စေခြင်းနှင့် ကမ္ဘာ့တစ်ဝန်း အသုံးပြုနိုင်ခြင်းတို့ ဖြစ်ပါသည်။ **ဖွားသေမှတ်ပုံတင်ခြင်းစနစ် ပိုမိုကောင်းမွန်လာပါက နိုင်ငံ၏ လူဦးရေ တိုးနှုန်းကို**

**သိရှိစေရန်သာမက လူမှုစီးပွားညွှန်ကိန်းများဖြစ်သည့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်တို့ အပြင် ဖွားသေဆိုင်ရာ အညွှန်းကိန်းများဖြစ်သော တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်း၊ သားဖွားမိခင်သေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း၊ မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်းတို့နှင့် လူတို့၏ မျှော်မှန်းသက်တမ်း အစရှိသည်တို့ကို တွက်ချက် ထုတ်ပြန်ရာတွင် မှန်ကန်သည့်စာရင်းများ ပေါ်ထွန်းလာအောင် များစွာ အထောက်အကူပြုစေပါသည်။**

(၂) **ဖွားသေစာရင်းအင်းစနစ်၏ နောက်ခံသမိုင်းကြောင်း**နှင့် စပ်လျဉ်း၍လည်း စိတ်ဝင်စားဖွယ် လေ့လာသိရှိခဲ့ရသည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ခံဘဝသို့ ကျရောက်ခဲ့စဉ် အောက်မြန်မာပြည်မှစ၍ ဖွားသေစာရင်းအင်းများကို ဆောင်ရွက်ခဲ့ပြီး မွေးဖွားလျှင် (သို့) သေဆုံးမှုဖြစ်ပေါ်လျှင် မြို့ပိုင်၊နယ်ပိုင်များထံသို့အကြောင်းကြားပြီး ကျန်းမာရေး ဝန်ထမ်းများမှ မွေးဖွားမှုနှင့်သေဆုံးမှု လက်မှတ်များကို အင်္ဂလိပ်ခေတ်မှစတင်၍ ထုတ်ဝေပေးခဲ့ပါသည်။ ၁၉၃၀ ခုနှစ်တွင် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်သည့်လုပ်ငန်းကို မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် ဆောင်ရွက်နိုင်ခဲ့ပြီးနောက်တွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့ရာ ထိုစနစ်သည် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ လွတ်လပ်ရေးရပြီးသည့်အချိန် နောက်ပိုင်းမှသာ "မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ်" ကို ကျန်းမာရေးညွှန်ကြားရေးဝန်ရုံးမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၀ ခုနှစ် နောက်ပိုင်းတွင် ဗဟိုစာရင်းအင်းအဖွဲ့ရှိ ဖွားသေစာရင်းအင်းဌာနစိတ်မှ ဆက်လက်တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဖွားသေစာရင်းအင်းကို သက်ဆိုင်ရာဌာနများအကြား အသုံးပြုရမည့် ဖွားသေပုံစံများ အနေဖြင့် ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ "ဖြတ်ပိုင်းသုံးစောင်တွဲစနစ် (Tri-foil System)" ကို အစပြုကာ "ဖွားသေပုံစံ ၁၃ မျိုး" ကို ပြောင်းလဲပြင်ဆင် အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် ခေတ်စနစ်နှင့် လိုက်လျော ညီထွေမှုရှိသည့် "ဖွားသေပုံစံ ၈ မျိုး" ကို ယနေ့တိုင်အောင် အဆင့်ဆင့် ပြောင်းလဲအသုံးပြုလာခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မွေးဖွားမှုနှင့် သေဆုံးမှုတို့ကို မှတ်ပုံတင်ခြင်း၊ လက်မှတ်များ ထုတ်ပေးခြင်းတို့ကို တာဝန် ယူဆောင်ရွက်ပြီး ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ဗဟိုမှ နေ၍ ကျန်းမာရေး ဝန်ကြီးဌာနမှ တောင်းခံပေးသော စာရင်း အင်းများကို နှစ်စဉ်တွက်ချက် ထုတ်ပြန်ပြီး မြန်မာနိုင်ငံ၏ လူဦးရေစာရင်းများ၊ မွေးဖွားမှု၊ သေဆုံးမှုစာရင်းများ၊ လူဦးရေတိုးပွားမှုနှုန်း စသည်တို့ကို တွက်ချက်ထုတ်ပြန် ပါသည်။

(၃) ထို့နောက် **ဖွားသေစာရင်းအင်းစနစ်နှင့် မွေးဖွားမှုနှင့်သေဆုံးမှု စာရင်းများ၏ အရေးကြီးပုံ**ကိုလည်း အထူးတလည် တင်ပြဆွေးနွေးခဲ့ကြသည်။ မွေးဖွားမှုနှင့် သေဆုံးမှု ကိန်းဂဏန်းအချက်အလက်များကို အတိအကျ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာ ရရှိစေရေးသည် အရေးကြီးသည့်အတွက် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ရေးတွင် ကျန်းမာရေးဝန်ထမ်းများသာမက ပြည်သူလူထုနှင့်အတူ တက်ရောက်လာကြသော ဌာနဆိုင်ရာများ အားလုံးမှလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

"မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းနှင့် လက်မှတ်ထုတ်ယူခြင်း" တစ်နည်းအားဖြင့် "မွေးစာရင်း၊ သေစာရင်း" ထုတ်ယူခြင်းတို့၏ အရေးပါမှုသည် လူတစ်ဦး ချင်း (သို့) မိသားစုဝင်များအတွက်လည်းကောင်း၊ နိုင်ငံတော်/မြို့ရွာများကို အုပ်ချုပ်သူများအတွက် လည်းကောင်း၊ ကျန်းမာရေးစီမံကိန်းနှင့် မူဝါဒများ ရေးဆွဲသူများအတွက်လည်း အထောက်အကူဖြစ်စေပါသည်။ ပို၍ရှင်းလင်းစေရန် အောက်ပါဇယားဖြင့် ဖော်ပြချင်ပါသည်။

**လူတစ်ဦးချင်း (သို့) မိသားစုဝင်များအတွက်**

| မွေးစာရင်း | သေစာရင်း |
|---|---|
| ➢ ကလေးငယ်တစ်ဦး၏ ရှင်သန်နေထိုင်မှု အတွက် အမြဲတမ်းတရားဝင်နေသည့် မှတ်တမ်းအဖြစ် ရရှိနိုင်ခြင်း၊<br>➢ ကလေးအခွင့်အရေး ဖြည့်ဆည်းပေးနိုင်ခြင်း၊<br>➢ ကလေးငယ်များ ကျောင်းဝင်ခွင့် ရရှိ စေနိုင်ခြင်း၊<br>➢ သက်သေခံလက်မှတ်တစ်ခုအနေဖြင့် အသုံးပြုနိုင်ခြင်း (မိဘမျိုးရိုး၊ အသက်၊ မွေးနေ့နှင့် ကျား/မ)၊ | ➢ အမွေဆက်ခံခွင့် လျှောက်ထားနိုင်ခြင်း၊<br>➢ အသက်အာမခံ၊ ပင်စင်လျှောက်ထားနိုင်ခြင်း၊ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုများကို တရားဝင်လွှဲပြောင်းနိုင်ရန် တရားဝင် အထောက်အထားတစ်ခု အနေဖြင့် အသုံးပြုနိုင်ခြင်း၊<br>➢ သေဆုံးကြောင်း သက်သေခံ လက်မှတ်တစ်ခုအနေဖြင့် အသုံးပြုနိုင်ခြင်း။ |

| မေးစာရင်း | သေစာရင်း |
|---|---|
| ➢ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေခြင်း၊<br>➢ နိုင်ငံသား/နိုင်ငံခြားသား မှတ်ပုံတင် လျှောက်ထားရာတွင် အသုံးပြုနိုင်ခြင်း၊<br>➢ မဲပေးနိုင်ခြင်း၊<br>➢ အစိုးရရုံးနှင့် အဖွဲ့အစည်းများ၊ နိုင်ငံ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့တွင် အလုပ်လုပ်ပိုင်ခွင့် ရရှိခံစားစေနိုင်ခြင်း၊<br>➢ အိမ်ထောင်စု လူဦးရေ စာရင်းသွင်းနိုင်ခြင်း။ | |

## နိုင်ငံတော်/ မြို့ရွာများကို အုပ်ချုပ်သူများအတွက်

| မေးစာရင်း | သေစာရင်း |
|---|---|
| ➢ အိမ်ထောင်စု လူဦးရေစာရင်းသိရှိနိုင်ခြင်း၊<br>➢ မဲပေးနိုင်သော လူဦးရေကို သိရှိနိုင်ခြင်း၊<br>➢ နိုင်ငံတော်လုံခြုံရေးအတွက် အထောက်အကူပြုနိုင်ခြင်း၊<br>➢ ရပ်ရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲနိုင်ခြင်း။ | ➢ လူဦးရေစာရင်းများတွက်ချက်ခြင်းနှင့် မဲစာရင်းပြုစုခြင်း၊<br>➢ လူသေမှုများမှတစ်ဆင့် အမှုအခင်းများ ဖြစ်ပွားမှုများကို ကြိုတင်ကာကွယ်နိုင်ခြင်း၊<br>➢ သုတေသနပြုစစ်တမ်းများ ကောက်ယူနိုင်ခြင်း၊<br>➢ ကျန်းမာရေးနှင့် နောက်ဆက်တွဲ လူမှုစီးပွားဆိုးကျိုးများကို လျှော့ချနိုင်ခြင်း။ |

## ကျန်းမာရေးစီမံကိန်းများနှင့် မူဝါဒများရေးဆွဲသူများအတွက်

| မေးစာရင်း | သေစာရင်း |
|---|---|
| ➢ ကျန်းမာရေးအညွှန်းကိန်းများ တွက်ချက်နိုင်ခြင်း၊<br>➢ လူဦးရေခန့်မှန်းတွက်ချက်ခြင်း/ ကြိုတင်ခန့်မှန်းနိုင်ခြင်း၊<br>➢ လူဦးရေ ထိန်းချုပ်ခြင်း/လူမျိုးပြုန်းတီးမှုမှ ကာကွယ်နိုင်ခြင်း၊<br>➢ ကျန်းမာရေးဝန်ဆောင်မှုများပေးရန် စီမံချက်များနှင့် မူဝါဒများ ရေးဆွဲနိုင်ခြင်း။ | ➢ ကျန်းမာရေးအညွှန်းကိန်းများ တွက်ချက်နိုင်ခြင်း၊<br>➢ ကလေးမိခင် သေနှုန်းနှင့် ရောဂါသေနှုန်း ပြောင်းလဲမှုများကို စောင့်ကြည့်ထိန်းချုပ်နိုင်ခြင်း<br>➢ အသေအပျောက်များသော ရောဂါများကို ဖော်ထုတ်နိုင်ခြင်း<br>➢ ငွေ၊ လူအင်အား စသည့်အရင်းအမြစ်များ မှန်ကန်စွာ ခွဲဝေအသုံးပြုနိုင်ခြင်း၊<br>➢ ကျန်းမာရေးစီမံချက်များနှင့် ချမှတ်ထားသော မူဝါဒများ၏ ရလဒ်များကို ပြန်လည်သုံးသပ်နိုင်ခြင်း၊<br>➢ ၂၀၃၀ ခုနှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီရေး ဆောင်ရွက်ချက်များကို တိုင်းတာနိုင်ခြင်း။ |

မြန်မာနိုင်ငံတွင် ၂၀၀၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကလေးမွေးဖွားမှုနှုန်းသည် လူဦးရေ ၁၀၀၀ တွင် ၂၅ ယောက်မှ ၂၀ အောက်အထိ ကျဆင်းခဲ့ပြီး လူဦးရေတိုးနှုန်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၀ ဒသမ ၈၉ ဖြစ်နေသည့်အတွက် နောင်လာမည့်နှစ်များအတွင်း လူဦးရေတိုးပွားမှု နှုန်းသည် '၁' အောက်ကျဆင်းနေမည်ဆိုပါက အနာဂတ်လူဦးရေအတွက် စိန်ခေါ်မှုတစ်ခု ဖြစ်လာနိုင်ပါသည်။ ထို့အပြင် ဗဟိုစာရင်းအင်းအဖွဲ့၏ ၂၀၁၄ ခုနှစ်စာရင်းများတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ မွေးဖွားမှုမှတ်ပုံတင်ခြင်းလွှမ်းခြုံမှုသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၈၁ ရာခိုင်နှုန်းရရှိခဲ့ပြီး သေဆုံးမှုမှတ်ပုံတင်ခြင်းလွှမ်းခြုံမှုသည် ၅၇ ရာခိုင်နှုန်းဖြစ်သည့်အတွက် သေဆုံးမှုကို မှတ်ပုံတင်ထုတ်ယူခြင်းသည် မွေးဖွားမှုကို မှတ်ပုံတင်လာရောက်ထုတ်ယူခြင်းထက် သိသိသာသာ လျော့နည်းနေသည်ကို တွေ့နိုင်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၏ အညွှန်းကိန်း ၃၅ ရာခိုင်နှုန်း (အညွှန်းကိန်း ၈၀) သည် ဖွားသေစာရင်းမှ တွက်ချက်ရယူနိုင်သည့်အတွက် ဖွားသေစာရင်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့် ကဏ္ဍတစ်ခုလည်း ဖြစ်ပါသည်။

**(၄) ကျန်းမာရေးအညွှန်းကိန်းများအား တွက်ချက်ရာတွင် ဖွားသေစာရင်းအင်းများ၏ အရေးပါမှု**အား ဆွေးနွေးရာတွင် ကျန်းမာရေးဆရာ/ဆရာမများမှ ကောက်ယူပေးလိုက်သည့် မွေးဖွားမှုမှုကြမ်းပုံစံ (၁၀၁)နှင့် သေဆုံးမှုမှုကြမ်းပုံစံ(၂၀၁)တို့တွင်ပါရှိသော အချက်အလက်များသည် ဗဟိုစာရင်းအင်းအဖွဲ့မှ ကျန်းမာရေးအညွှန်းကိန်းများ တွက်ချက်ထုတ်ပြန်ရာတွင် အရေးကြီးသည့်အတွက် ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရပါမည်။ မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင် ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်စာအုပ်အသစ်တွင် "မွေးလက်မှတ်များကို (၁၀) နှစ်အထိ ထုတ်ပေးခြင်း" ပါဝင်နေသော်လည်း အချိန်မီမှန်ကန်သောစာရင်းများ ရရှိစေရေးအတွက် တစ်နှစ်အတွင်း မှတ်ပုံတင်နိုင်စေရန် ဆောင်ရွက်နိုင်ရေးအတွက် တွန်းအားပေးလိုပါသည်။ ကျန်းမာရေးဝန်ထမ်း ဆရာ/ဆရာမများအနေဖြင့် ကာကွယ်ဆေးထိုးသည့်အခါ မွေးစာရင်း ထုတ်ပေးခြင်းရှိ/မရှိကို ကာကွယ်ဆေးကတ်ပြား၌ အမှတ်အသားဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အချိန်လွန်မှ မွေးစာရင်းထုတ်ယူမှုကို ဟန့်တားနိုင်မည်ဖြစ်ပြီး ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

မြို့နယ်တိုင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အသီး

သီးအလိုက် ဖွားသေစာရင်းအင်းများ ကောက်ယူနိုင်ရန် “မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အဖွဲ့” ကိုလည်း ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင် အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ဟူ၍ အသီးသီး ဖွဲ့စည်းထားရှိခဲ့ပြီး လုပ်ငန်းတာဝန်များ အနေဖြင့် အိမ်ရှင် (သို့) အရွယ်ရောက်ပြီးသူသည် မွေးဖွားမှု (သို့) သေဆုံးမှု ဖြစ်ပေါ်သည့်နေ့ရက်မှ (၃)ရက်အတွင်း လာရောက်တိုင်ကြားရန် ညွှန်ကြားစာများနှင့် ကြပ်မတ် ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။ လစဉ် အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့်အတူ ဗဟို စာရင်းအင်းအဖွဲ့တို့မှ ပူးပေါင်း၍ စာရင်းများအား ကောက် ယူစုစည်းတင်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မှန်ကန်သော စာရင်းဇယားများရရှိနိုင်ရေးသည် တိကျ သေချာသည့် စီမံကိန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် များစွာ အထောက်အကူပြုပါ သည်။ ဖွားသေစာရင်းအင်းမှတ်ပုံတင်ခြင်းလုပ်ငန်း ပိုမို အားကောင်းစေရန် မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် “Bloomberg Data for Health Initiative” အဖွဲ့မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ တို့နှင့် အဓိက ပူးပေါင်းဆောင်ရွက်နေသည့်အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ အချင်းချင်းမှလည်း ဝိုင်းဝန်း ကူညီပံ့ပိုးပေးရန်နှင့် ပါဝင်ဆောင်ရွက်ပေးရန် လိုအပ် ပါသည်။

လက်ရှိတွင် **သေဆုံးမှုတို့အား နှုတ်ဖြင့်မေးမြန်းဖော်ထုတ်ခြင်း** (Verbal Autopsy-VA) နည်းဖြင့် ဆေးရုံ/ဆေးခန်းပြင်ပတွင် သေဆုံးခြင်းများအပေါ် သေဆုံးရသည့် အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်နေပါသည်။ အခြားနိုင်ငံများတွင် “Digital Identification System” နံပါတ်စနစ်ဖြင့် ဆောင်ရွက်နေမှုများအပေါ် မြန်မာနိုင်ငံအနေဖြင့် ထိုသို့ပြောင်းလဲဆောင်ရွက်သွားရန် အစီအစဉ်များလည်း ညှိနှိုင်းဆွေးနွေးနေပါသည်။ မွေးဖွားမှုနှင့် သေဆုံးမှုတို့မှ ကိန်းဂဏန်း အချက်အလက်များကို ရရှိစေရန် ပြည်သူလူထုမှ မွေးဖွားမှု၊ သေဆုံးမှုဖြစ်ပေါ်တိုင်း အသိပေး အကြောင်းကြားနိုင်ရန်၊ မှတ်ပုံတင်နိုင်ရန်အတွက် ဌာနဆိုင်ရာများမှ ပူးပေါင်းပါဝင်၍ တိုက်တွန်း ပြောကြားဆောင်ရွက်ရန်လိုအပ်ပါသည်။ ပြည်သူလူထုအတွင်း သေစာရင်းလာရောက် ထုတ်ယူမှုသည် မွေးစာရင်းထက် အလွန်နည်းပါးသည့်အတွက် သေဆုံးမှုမှတ်ပုံတင်ခြင်းအား ပြည်သူများမှ လာရောက်တိုင်ကြားထုတ်ယူနိုင်ရန် အထွေထွေအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများမှ ကျန်းမာရေးဝန်ထမ်းများသို့ သတင်းပေးခြင်းနှင့် ကူညီစောင့်ရှောက်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် လက်တွဲကာ အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်ရန်လိုအပ်လုပါသည်။ ထို့အပြင် မြို့နယ်ကျန်းမာရေးဌာနအနေဖြင့် မိခင်နှင့် ကလေးသေဆုံးခြင်းများကို (၃)လလျှင် တစ်ကြိမ် Review လုပ်၍ Response ပေးခြင်းများ အစီရင်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်နေသည့်အတွက် ပြည်သူလူထုမှ သေဆုံးမှုအား လာရောက်တိုင်ကြားခြင်းအပိုင်းတွင် ကျန်းမာရေးဝန်ထမ်းအင်အားနှင့် ရာခိုင်နှုန်းအပြည့် မရနိုင်သည့်အတွက် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးတို့၏ ပါဝင်မှုများသည် အင်အားတစ်ရပ်သဖွယ် ဖြစ်ပါသည်။

Verbal Autopsy လုပ်ငန်းသည် စီမံချက်ပုံစံမဟုတ်ဘဲ လစဉ်ပုံမှန်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ရာနှုန်းပြည့်လွှမ်းခြုံမှုရရှိရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နာရေးကူညီမှုအသင်းများဖြင့် အားလုံးပူးပေါင်း ဆောင်ရွက်သွား ရမည်ဖြစ်ပြီး သေဆုံးရသည့်အကြောင်းရင်းများအား ဖော်ထုတ်နိုင်ခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးအခြေခံ အချက်အလက်များသည် ကျေးလက် ကျန်းမာရေးဌာနခွဲများအလိုက် မြို့နယ်/တိုက်နယ် ဆေးရုံများတွင် ကျန်းမာ ရေး စောင့်ရှောက်မှုပေးနေမှုများအား ပံ့ပိုးပေးနေပါသည်။ မြန်မာနိုင်ငံတွင် သေဆုံးမှုအများဆုံး ဖြစ်ပွားရသည့် အကြောင်းရင်းများအား တင်ပြရာတွင် ယခု ဆောင်ရွက်မည့် Verbal Autopsy လုပ်ငန်းသည် ဆေးရုံ/ဆေးခန်းပြင်ပတွင် သေဆုံးရသော အကြောင်းအရင်းများကို ယခင် ထက် ပိုမိုတိကျစွာ သိရှိလာနိုင်မည်ဖြစ်သည့်အတွက် သေဆုံးမှု အများဆုံး ဖြစ်ပွားနိုင်သည့် ရောဂါများကို ကြို

တင်ကာကွယ်ခြင်းစီမံကိန်းများဖြင့် သေဆုံးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ကြပါသည်။

**မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ်ဖွံ့ဖြိုးတိုးတက်မှုအတွက်နည်းပညာအကူအညီပေးခြင်း**နှင့် စပ်လျဉ်း၍ သင်တန်းပို့ချပေးမှုအပိုင်းများကို သက်ဆိုင်ရာ စီမံချက် မြို့နယ်များတွင် တာဝန်ယူဆောင်ရွက်ပေးပြီး လက်ရှိဖွားသေစာရင်းအင်းလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်မှုများအပေါ် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၏ တွက်ချက်မှုစာရင်းများအရ မွေးဖွားမှု မှတ်ပုံတင်ခြင်း လွှမ်းခြုံနိုင်မှု ရာခိုင်နှုန်းသည် ၈၁ ရာခိုင်နှုန်းရှိပြီး သေဆုံးမှုမှတ်ပုံတင်ခြင်းသည် ၅၇ ရာခိုင်နှုန်းဖြစ်ပါသည်။ ထို့အပြင် ဆေးရုံ/ဆေးခန်းသေဆုံးမှု၏ ၁၆ ရာခိုင်နှုန်းကိုသာ အဓိကရောဂါဖြင့် သေဆုံးရသည့်အကြောင်းအရင်းများကို သိရှိရပြီး ကျန်ရှိသော ဆေးရုံ/ဆေးခန်းပြင်ပသေဆုံးမှု ၈၄ ရာခိုင်နှုန်းသည် သေဆုံးရသောအကြောင်းရင်းကို ဆရာဝန်ဖြင့် စစ်ဆေးခြင်းမရှိသော သေဆုံးမှုဖြစ်နေသည်ကို တွေ့ရပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအနှံ့အပြားတွင် သေစာရင်းမှတ်ပုံတင်ခြင်း လွှမ်းခြုံမှုနှင့် သေဆုံးရသည့်အချက်အလက်များ၏ အရည်အသွေးကိုလေ့လာရာ၌ မြန်မာနိုင်ငံသည် အလွန်အားနည်းနေသည့်အဖွဲ့တွင် ပါဝင်နေပါသည်။ ထို့ကြောင့် မိတ်ဖက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Bloomberg Data for Health Initiative အဖွဲ့မှ သေဆုံးရသည့် အကြောင်းရင်းများနှင့် ပတ်သက်၍ ပိုမိုတိကျသေချာစေရန် ဆေးရုံ/ဆေးခန်း ပြင်ပသေဆုံးမှု ၈၄ ရာခိုင်နှုန်းကိုသာ အဓိကထား၍ Verbal Autopsy နည်းပညာဖြင့် သေဆုံးရသည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်သွားရန် နည်းပညာအကူအညီများ ပံ့ပိုးပေးရာ၌ Tablet ဖြင့် သေဆုံးမှု အချက်အလက်များ ကောက်ခံခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ ၁၄ မြို့နယ်တို့တွင် ၂၀၁၇ ခုနှစ်မှ ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ခြင်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ထပ်တိုးမြို့နယ် ၂၈ မြို့နယ်တို့တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရရှိလာသော အချက်အလက်များအား ခြောက်လတစ်ကြိမ် ပြန်လည် ဆန်းစစ်သုံးသပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး VA သင်ရိုးညွှန်းတမ်းကို အခြေခံ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး သက်ဆိုင်ရာမြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် "မွေးဖွားမှု၊ သေဆုံးမှုများနှင့် ပတ်သက်၍ ရပ်ရွာလူထုအား အသိပညာပေးရန် မည်သူက တာဝန်ယူမည်၊ မည်သည့်အချိန်တွင် စတင်လုပ်ဆောင်ကြမည်၊ မည်သူတို့နှင့် ပူးပေါင်း ဆောင်ရွက်သွားကြမည်၊ ရပ်ရွာများမှ သားဖွားဆရာ/ဆရာမများထံ အကြောင်းကြားရန် မည်သူက တာဝန်ယူမည်၊ တစ်ဦးနှင့်တစ်ဦး မည်သို့ အသိပေးချိတ်ဆက် လုပ်ဆောင်သွားကြမည်ကို" အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

**ရှေ့ပြေးစမ်းသပ်ဆောင်ရွက်သည့်မြို့နယ်များ**

| | |
|---|---|
| စစ်ကိုင်းတိုင်းဒေသကြီး | (မြင်းမူမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ အရာတော်မြို့နယ်၊ မြောင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်) |
| မကွေးတိုင်းဒေသကြီး | (ကမ္မမြို့နယ်၊ မြို့သစ်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ရေစကြိုမြို့နယ်၊ စလင်းမြို့နယ်) |
| မွန်ပြည်နယ် | ( ပေါင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်) |

**တိုးချဲ့စီမံချက်မြို့နယ်များ**

| | |
|---|---|
| ကချင်ပြည်နယ် | (မြစ်ကြီးနားမြို့နယ်၊ ဗန်းမော်မြို့နယ်) |
| ကယားပြည်နယ် | (လွိုင်ကော်မြို့နယ်၊ ဒီမောဆိုးမြို့နယ်) |
| ကရင်ပြည်နယ် | (ဘားအံမြို့နယ်၊ မြဝတီမြို့နယ်) |
| ချင်းပြည်နယ် | (ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်) |
| ရှမ်းပြည်နယ် | (တာချီလိတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ ကလောမြို့နယ်၊ လွိုင်လင်မြို့နယ်၊ လားရှိုးမြို့နယ်၊ ကျောက်မဲမြို့နယ်) |
| ရခိုင်ပြည်နယ် | (ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဖြူမြို့နယ်) |
| ရန်ကုန်တိုင်းဒေသကြီး | (သန်လျင်မြို့နယ်၊ သုံးခွမြို့နယ်) |
| မန္တလေးတိုင်းဒေသကြီး | (ညောင်ဦးမြို့နယ်၊ ဝမ်းတွင်းမြို့နယ်) |
| ဧရာဝတီတိုင်းဒေသကြီး | (ဟင်္သာတမြို့နယ်၊ ပုသိမ်မြို့နယ်) |
| ပဲခူးတိုင်းဒေသကြီး | (နတ်တလင်းမြို့နယ်၊ ဒိုက်ဦးမြို့နယ်) |
| တနင်္သာရီတိုင်းဒေသကြီး | (ထားဝယ်မြို့နယ်၊ မြိတ်မြို့နယ်) |
| နေပြည်တော်ကောင်စီ | (တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်) |

မြန်မာနိုင်ငံတွင် ဆေးရုံ/ဆေးခန်းပြင်ပတွင် သေဆုံးသူများ၏ သေဆုံးရသည့် အကြောင်းရင်းများကို ပိုမိုတိကျစွာ ရှာဖွေဖော်ထုတ်နိုင်စေရန် Verbal Autopsy နည်းဖြင့် သေဆုံးမှုစာရင်းများအား ကောက်ယူနိုင်ရန်

ကျန်းမာရေးဝန်ထမ်းများကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ မတ်လမှစတင်၍ သက်ဆိုင်ရာမြို့နယ်များတွင် သေဆုံးမှုတို့အား နှုတ်ဖြင့် မေးမြန်းဖော်ထုတ်ခြင်း (Verbal Autopsy) ဆင့်ပွား သင်တန်းအား ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Verbal Autopsy နည်းလမ်းဖြင့် ကောက်ယူရရှိထားသော သေဆုံးမှုဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာမြို့နယ် ဗဟိုစာရင်းအင်းအဖွဲ့မှတစ်ဆင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနသို့ လစဉ်ပေးပို့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဖွားသေစာရင်းအင်းကဏ္ဍတွင် ပြည့်စုံမှန်ကန်သော စာရင်းအင်းများ ရရှိနိုင်ရေးအတွက် ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်း လာစေရန် ဆောင်ရွက်သင့်ပါသည်။ "Verbal Autopsy" နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည် ဖွားသေ စာရင်းအင်း များအား ကောက်ခံပေးနေသော သားဖွားဆရာမများ၏ အလုပ်တာဝန်များကို လျော့နည်းစေခြင်းအတွက်သာမက၊ သက်ဆိုင်ရာမြို့နယ်များအလိုက် ဖြစ်ပွားနေသည့် သေဆုံးမှု အများဆုံးအကြောင်းအရင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ပေးနိုင်ပြီး ရောဂါကြိုတင် ကာကွယ်နိုင်ခြင်း ကျန်းမာရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာ နှင့် မူဝါဒများ ချမှတ်ရာတွင် များစွာအထောက်အကူပြုစေပါ သည်။ ထို့ကြောင့် "Verbal Autopsy" လုပ်ငန်းနှင့် ဆက်စပ် နေသည့် ဌာနဆိုင်ရာများဖြစ်ကြသော "အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အမျိုးသား မှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေး ဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့" တို့အပြင် လူမှုရေး အသင်းအဖွဲ့များ၏ ပံ့ပိုးကူညီမှုတို့ဖြင့် လုပ်ငန်း လည်ပတ်မှု ပိုမိုအားကောင်းလာအောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန်လိုအပ်ပါသည်။ ပြည်သူ့ရေးရာ မှတ်ပုံ တင်ခြင်းနှင့် ဖွားသေစာရင်းအင်းစနစ်ကို ပိုမိုအားကောင်း လာအောင် မှန်ကန်တိကျ၍ အရည်အသွေးရှိသော ဖွားသေ စာရင်းများ ရရှိနိုင်ရန်အတွက် ဌာနဆိုင်ရာများအကြား ပူးပေါင်း ဆောင်ရွက်မှု အားကောင်းလာအောင် အောက်ခြေ အဆင့်တွင် စာရင်းနှစ်ထပ်ဖြစ်ခြင်းကို ဂရုပြု ဆောင်ရွက် စေရန် လုပ်ငန်းစောင့်ကြည့် အကဲဖြတ်စစ်ဆေးခြင်းများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သတင်း အချက်အလက်များသည် ပြည်သူ့ရေးရာ မှတ်ပုံတင်ခြင်းနှင့် ဖွားသေစာရင်းအင်းစနစ်ကို အားကောင်းလာစေရန်အတွက် ပြည်သူလူထု အသိပညာပေးခြင်းလုပ်ငန်းကို မြှင့်တင် ဆောင်ရွက်ရန်၊ မှန်ကန်တိကျသော စာရင်းအင်းများ အချိန် နှင့် တစ်ပြေးညီရရှိနိုင်ရန်၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည် ရွယ်ချက်များအတိုင်း မြန်မာနိုင်ငံ၏ ဖွားသေစာရင်းအင်း ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအပြင် ပြည်သူ့ရေးရာမှတ်ပုံ တင်ခြင်းစနစ်ကို ကျယ်ပြန့်စွာ အသုံးပြုနိုင်ပါက ဖွားသေ စာရင်းအင်းနှင့် ပတ်သက်သော သုသေသနစစ်တမ်းများ၊ ပြည်သူလူထုအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး နှင့် လူမှုရေးစာရင်းများအတွက် အထောက်အကူ ဖြစ်စေ ခြင်းသာမက ပြည်သူလူထုအတွက် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းများကို ကိန်းဂဏန်း၊ စာရင်းဇယားများ အရနည်းပညာ အထောက်အပံ့များဖြင့် အကျိုးရှိစွာ ဆောင် ရွက်နိုင်မည်ဖြစ်ပါသည်။ လက်ရှိဆောင်ရွက်နေသည့် "Verbal Autopsy" နည်းလမ်းဖြင့် အသုံးပြုဆောင်ရွက်နေ ခြင်းသည် ဆေးရုံ/ဆေးခန်းပြင်ပတွင်ဖြစ်ပွားသည့် သေဆုံးရသည့်အကြောင်းရင်းများကို ယခင်ကထက် ပိုမို တိကျစွာ ဖော်ထုတ်ပေးနိုင်သည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်များတွင် အလေ အလွင့်နည်းပါးသည့် မှန်ကန်သောစီမံချက်များ ဖြစ်ပေါ် လာမည့်အပြင် ဗဟိုစာရင်းအင်းအဖွဲ့နှင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည့်အတွက် ဗဟုသုတနှင့် အတွေ့အကြုံများ၊ စိန်ခေါ်မှုများအား ကျော်လွှားရန် နည်းလမ်းများအား ရရှိပါသဖြင့် အကျိုးရှိသော အလုပ်ရုံ ဆွေးနွေးပွဲတစ်ခု ဖြစ်ပါကြောင်း သိမှတ်ဖွယ်ရာအဖြစ် ရေး သားတင်ပြအပ်ပါသည်။

မှီငြမ်း။ မွေးဖွားမှုနှင့်သေဆုံးမှု ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲမှ ကောက်နုတ်ချက်များ




# ဒစ်ဂျစ်တယ် မားကတ်တင်းနှင့် ဈေးကွက်ကို ထိုးဖောက်ခြင်း

စန်းယုအောင်

ဒီဘက်ခေတ်နယ်ပယ်စုံ၊ စီးပွားရေးကဏ္ဍစုံမှာ ခေတ်စားလာတာကတော့ ဒစ်ဂျစ်တယ်နည်းနဲ့ ဈေးကွက်ချဲ့ထွင်ခြင်း (Digital Marketing) ပါပဲ။ ခေတ်သစ် ဈေးကွက်ချဲ့ထွင်မှုတွေမှာ အထောက်အပံ့ဖြစ်စေဖို့ အင်တာနက်သုံးတာတွေ၊ အခြား ဒစ်ဂျစ်တယ် မီဒီယာတွေသုံးတာတွေ၊ နည်းပညာအသုံးပြုတာတွေဟာ တစ်ရှိန်ထိုးမြင့် တက်လာပြီး အညွှန်းမျိုးစုံ၊ ဗန်းစကားမျိုးစုံနဲ့ အတော်လေးကို ရှုပ်ထွေးလာပါတယ်။ အဲဒီလိုသုံးနေတာတွေကိုပဲ ဒစ်ဂျစ်တယ်နည်းနဲ့ ဈေးကွက်ချဲ့ထွင်ခြင်း၊ အင်တာနက်မှာ ဈေးကွက်ချဲ့ထွင်ခြင်း၊ အီလက်ထရောနစ်နည်းနဲ့ ဈေးကွက်ချဲ့ထွင်းခြင်း စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုလာကြရာ ယနေ့ခေတ်အခါ ဒစ်ဂျစ်တယ်နည်းနဲ့ ဈေးကွက်ချဲ့ ထွင်ခြင်း ဆိုတဲ့ အသုံးကို ပိုမိုသုံးလာကြပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာတွေ၊ ဒစ်ဂျစ်တယ်မီဒီယာတွေသုံးပြီး မိမိမျှော်မှန်းထားတဲ့ ဈေးကွက် လွှမ်းမိုးမှုရောက်အောင်လုပ်တာဟာ ဒစ်ဂျစ်တယ်နည်းနဲ့ ဈေးကွက်ချဲ့ထွင်ခြင်းပါပဲ။ တကယ့် လက်တွေ့မှာတော့ ပုံစံမျိုးစုံရှိနေတဲ့ အွန်လိုင်းကုမ္ပဏီတွေ၊ မိုဘိုင်းလ်အပလီကေးရှင်းတွေ၊ ဆိုရှယ် မီဒီယာက Page တွေကို စီမံခန့်ခွဲတာကို ဆိုလိုပါ တယ်။ ဒါတွေသုံးရခြင်းကတော့ စားသုံးသူအသစ်တွေ ရလိုတာအပြင်၊ ရှိပြီးသား စားသုံးသူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတဲ့ ဝန်ဆောင်မှုကို ထိထိရောက်ရောက်ပေးနိုင် ဖို့ပဲဖြစ်ပါတယ်။ ဒါဟာ မိမိရဲ့စားသုံးသူနဲ့ ရေရှည်ဆက်လက် လက်တွဲသွားဖို့ များစွာအထောက်အကူပြုပါတယ်။

ဒါပေမဲ့ တစ်ဖက်မှာလည်း မိမိမျှော်မှန်းတဲ့ဈေးကွက်ရဖို့ကတော့ လုပ်နေကျ TV ကြော်ငြာတွေ၊ ပုံနှိပ်မီဒီယာကြော်ငြာတွေ၊ တိုက်ရိုက်မေလ်းပို့ပြီး ကြော်ငြာတာတွေကိုလည်း မေ့ထားလို့မရသေးဘဲ အားလုံးပူးပေါင်းပြီး နည်းလမ်းပေါင်းစုံနဲ့ ဈေးကွက်ချဲ့ထွင်ခြင်း (multi-channel marketing) ကို သုံးဖို့တော့ လိုအပ်ပါတယ်။

ဒီလိုမျိုး နည်းလမ်းပေါင်းစုံနဲ့ ဈေးကွက်ချဲ့ထွင်ခြင်း(multichannel marketing) တွေ လုပ်တဲ့နေရာမှာတော့ ဒီဂျစ်တယ်နည်းနဲ့ ဈေးကွက်ချဲ့ထွင်ခြင်းဟာ အထက်မှာ ပြောခဲ့သလိုပဲ ယနေ့အခါမှာတော့ အရေးကြီးတဲ့ အစိတ်အပိုင်းကနေ ပါဝင်နေပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဖုန်းသုံးတဲ့သူတွေ များလာသလို အဲဒီထဲမှ အင်တာနက် သုံးတဲ့သူတွေလည်း အတော်များလာတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ယနေ့ခေတ်အခါမှာ ဖွံ့ဖြိုးလာတဲ့နည်းပညာတွေနဲ့အတူ လုပ်ငန်းကြီး/ငယ်မရွေး၊ ဒစ်ဂျစ်တယ်နည်းနဲ့ ဈေးကွက်ကို ထိုးဖောက်လာကြပါတယ်။ ဒါ့အပြင် လူငယ်လုပ်ငန်းရှင်လေးတွေ၊ အိမ်ထောင်ရှင်မတွေ၊ ကလေး မေမေတွေလည်း အိမ်မှာနေရင်း ဒစ်ဂျစ်တယ်နည်းပညာတွေသုံးပြီး အသေးစား၊ အလတ်စား စီးပွားရေးတွေ လုပ်လာတာ အများအပြားတွေ့ရပါတယ်။ အများစုကတော့ မြို့ကြီးတွေမှာပါ။ အထူးသဖြင့် ရန်ကုန်မြို့မှာ စက်ဘီးတစ်စီး၊ အိတ်တစ်လုံးနဲ့ Delivery Service လုပ်နေတဲ့ သူတွေကို အများအပြားတွေ့လာရသလို၊ ကုန်စည်ပို့ဆောင်တဲ့ ကားဂိတ်တွေမှာလည်း အရင်လို အများကြီးမှာမှ ပို့တော့တာမျိုးမဟုတ်ဘဲ တစ်ဦးတစ်ယောက်ချင်းစီ မှာယူမှုတွေအတွက်လည်း ပေးပို့ဆောင်ရွက်နေတာတွေ တစ်နေ့တခြား တိုးပွားလာနေပါတယ်။ လူတွေရဲ့ဝယ်ယူမှုပုံစံတွေကလည်း အရင်လို ဆိုင်တွေ၊ စူပါမားကတ်တွေကို သွား၊ ပစ္စည်းကြည့်ပြီး ဝယ်မှ စိတ်တိုင်းကျတယ်ဆိုတာမျိုးကနေ အွန်လိုင်းပေါ်မှာ ဝယ်ယူတာတွေလည်း မှန်မှန်လေး တိုးလာနေပါတယ်။ ကျွန်တော့်ရဲ့ အိမ်သူသက်ထားကလည်း ဒီလိုအသေးစား လုပ်ငန်းလေးတွေ လုပ်လာတော့ သူ့အတွက်လည်း အကြံဉာဏ်လေးတွေ ပေးလို့ရအောင် ဈေးကွက်ချဲ့ထွင်တဲ့ နည်းလမ်းလေးတွေ ရှာဖွေပေးရင်း တွေ့ရှိတာလေးတွေကို ပြန်လည်မျှဝေလိုက်ပါတယ်။

တကယ်တော့ စီးပွားရေးလုပ်ငန်းတစ်ခု ကြီးထွားလာဖို့ဆိုတာ လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတော့လည်း မဟုတ်ပြန်ပါဘူး၊ သေချာပေါက် ဖြစ်နိုင်ပါတယ်။ ပထမဆုံးတော့ တကယ့်လက်တွေ့မှာလည်း အကောင်အထည်ဖော်နိုင်ပြီး၊ အမြတ်လည်း ရနိုင်အောင်လုပ်နိုင်တဲ့ စိတ်ကူးတွေတော့ ရှိနေရမှာပါ။ အဲဒီနောက်မှာတော့ အမြတ်ရနိုင်မယ့် အခွင့်အလမ်းတွေ တွေ့အောင်ရှာရပါမယ်။ ဒါ့အပြင် ဘယ်သူတွေကို ရောင်းမှာလည်းဆိုတဲ့ တိကျတဲ့ သတ်မှတ်ချက်လည်း ရှိနေရပါမယ်။ ဝယ်ယူသူတွေအတွက်လည်း တစ်စုံတစ်ရာတော့ အကျိုးကျေးဇူးရှိဖို့လည်း လိုပါမယ်။ စီးပွားရေး တိုးတက်လာဖို့ လုပ်တဲ့အခါ မှန်ကန်တဲ့ ဈေးကွက်ဗျူဟာမရှိဘဲ အမြတ်ရဖို့မရှိသလို ကြွေးမြီကင်းကင်းနဲ့နေဖို့လည်း မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ မှန်ကန်တဲ့ ဈေးကွက်ဗျူဟာတွေနဲ့ အလုပ်လုပ်ပြီဆိုရင်တော့ စီးပွားရေးက တစ်ဟုန်ထိုး တိုးတက်ဖို့သာရှိပါတယ်။ ဒီလိုဖြစ်ဖို့ကလည်း မိမိပြောချင်တဲ့၊ ပေးချင်တဲ့ အချက်အလက်တွေကိုလည်း မိမိပေးချင်တဲ့၊ မိမိရည်မှန်းထားတဲ့ သူတွေဆီ ဘယ်လိုရောက်အောင် လုပ်မလဲ၊ ဝယ်ယူသူတွေသိအောင် ထိထိရောက်ရောက် ဘယ်လိုလုပ်မလဲဆိုတာတွေကို အထူးသတိပြု ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီနေ့ခေတ်အခါမှာတော့ လူမှုကွန်ရက်တွေ၊ လူတွေအင်တာနက်မှာ ရှာဖွေတဲ့အခါ မိမိထုတ်ကုန်/ရောင်းချမယ့်

”

**ယနေ့ခေတ်စီးပွားရေးမှာ လူမှုကွန်ရက်တွေကို ပစ်ပယ်ထားလို့ မရပါဘူး။ အဲဒီလိုနေရာတွေမှာ ပဋ္ဌလက်ဆန်ဆန် ပြောင်းလဲမှုတွေ ဖြစ်ပေါ်သွားစေတယ်လို့တောင် ဆိုကြပါတယ်။ အချို့လုပ်ငန်းတွေက ဒီလူမှုကွန်ရက်တွေ ပေါ်မှာပဲ လုံးဝမှီခိုပြီး တည်ထောင်ထားကြပါတယ်။**

ပစ္စည်းကို အလွယ်တကူ ရှာဖွေတွေ့ရှိအောင် လုပ်တဲ့နည်းတွေ၊ ဘလော့တွေ၊ အင်တာနက်သုံးသူတွေက မိမိကြော်ငြာကို တစ်ချက်ကလစ်နှိပ်ပြီး ဝင်ကြည့်တိုင်း ပိုက်ဆံပေးရတဲ့ နည်းတွေ စသည်ဖြင့် နည်းလမ်းပေါင်းစုံကနေတစ်ဆင့် မိမိ ရည်မှန်းထားတဲ့ စားသုံးသူတွေဆီကို ပေးချင်တဲ့အချက်အလက်တွေ အလျင်အမြန်နဲ့ကို ရောက်အောင်လုပ်လို့ရနေပါပြီ။ မြန်မာပြည်မှာတော့ လုပ်ငန်းငယ်လေးတွေအများစုက စားသုံးသူဆီ တိုက်ရိုက်ရောက်အောင် လုပ်တာထက် ရောင်းသူအချင်းချင်း ကုန်သွယ်မှုလုပ်ကြတာ ပိုများသလား ထင်မိပါရဲ့။ မိမိထုတ်ကုန်၊ ဒါမှမဟုတ် မိမိရောင်းချမယ့် ပစ္စည်းကို ဝယ်ယူထားသူဆီ ဘယ်လိုရောက်အောင် လုပ်မလဲဆိုတာထက် မိမိဆီကတစ်ဆင့် ပြန်လည်ရောင်းချသူတွေဆီက ရာခိုင်နှုန်းတစ်ခုကို မျှော်လင့်တယ်လို့ ဆိုရပါမယ်။ ဥပမာ-ဝယ်သူတစ်ယောက်ဟာ City Mart လိုနေရာမှာ A ဆိုတဲ့ ပစ္စည်းတစ်ခုကိုရှာတယ်၊ ကြည့်တယ်၊ ပြီးတော့ တန်းဝယ်သွားတယ်ဆိုတာ ဝယ်သူဟာ ဒီပစ္စည်းအကြောင်းကို သိနေပြီးသားဖြစ်လို့ပါပဲ။ သဘောကတော့ အဲဒီ A ဆိုတဲ့ ပစ္စည်းအကြောင်းက ဝယ်သူဆီရောက်ရှိနေပြီးသား ဖြစ်လို့ပါ။ အဲဒီလိုရောက်ဖို့ ဆိုတာလည်း အထက်မှာပြောပြထားတဲ့ မှန်ကန်တဲ့ ဈေးကွက်ဗျူဟာက အလွန်အရေးကြီးလှပါတယ်။

ဒီလိုလုပ်ဖို့ဟာလည်း လုပ်ငန်းငယ်လေးတွေအတွက် အရင်းအနှီးကြီးတယ်လို့ ဆိုချင်ဆိုနိုင်ပေမယ့်လည်း စားစရိတ်သက်သက်သာသာနဲ့ လုပ်တဲ့နည်းတွေလည်း ရှိပါတယ်။

ဈေးကွက်တိုးချဲ့မယ့် နည်းဗျူဟာတွေတော့ သုံးပါရဲ့ မိမိရောင်းအားကို တက်စေမယ့် နည်းဗျူဟာ၊ မိမိပေးချင်တဲ့ အချက်အလက်ကို ထိထိရောက်ရောက် မပေးနိုင်ရင်တော့ အရောင်းမြှင့်တင်ရေးမှာသုံးတဲ့ ပိုက်ဆံတွေကတော့ ဘာအကျိုးကျေးဇူးမှမရဘဲ ကုန်သွားပါပြီ။

ဒါကြောင့် ဈေးကွက်မြှင့်တင်ရေးကို အထောက်အကူပြုမယ့် ဈေးကွက်မဟာဗျူဟာတွေထဲကမှ မြန်မာနိုင်ငံက အသေးစား၊ အလတ်စားလုပ်ငန်းငယ်လေးတွေနဲ့ ကိုက်မယ်လို့ယူဆတဲ့ အချက်အချို့ကို မျှဝေချင်ပါတယ်။

## (၁) လူမှုကွန်ရက်တွေကိုသုံးခြင်း

ယနေ့ခေတ်စီးပွားရေးမှာ လူမှုကွန်ရက်တွေကို ပစ်ပယ်ထားလို့ မရပါဘူး။ အဲဒီလိုနေရာတွေမှာ ပဋ္ဌလက်ဆန်ဆန် ပြောင်းလဲမှုတွေ ဖြစ်ပေါ်သွားစေတယ်လို့တောင် ဆိုကြပါတယ်။ အချို့လုပ်ငန်းတွေက ဒီလူမှုကွန်ရက်တွေ ပေါ်မှာပဲ လုံးဝမှီခိုပြီး တည်ထောင်ထားကြပါတယ်။ ပထမတော့ ဟုတ်ပါ့မလားဆိုပြီး စိုးရိမ်စရာဖြစ်ပေမယ့်၊ အချိန်ရလာတဲ့အခါ ဒီလူမှုကွန်ရက်တွေမှာ ဘယ်အချိန်မှာ ဘယ်ပို့စ်ကိုတင်ရမယ်ဆိုတာ တဖြည်းဖြည်း ပိုပြီးနားလည်လာမှာဖြစ်ပါတယ်။

ငွေကြေးတတ်နိုင်မယ်ဆိုရင်တော့ လူမှုကွန်ရက်မှာ ဈေးကွက်ဗျူဟာလုပ်ဖို့ ကျွမ်းကျင်သူတစ်ယောက်ကို ခေါ်ယူခန့်ထားနိုင်ပေမယ့်၊ မိမိဘာသာလုပ်ရင်လည်း ရနိုင်တဲ့ အနေအထားပါ။ မှန်မှန်ကန်ကန်ဆောင်ရွက်ဖို့ပဲလိုတာပါ။ မိမိထုတ်ကုန် တစ်နည်း ရောင်းချမယ့်ပစ္စည်းအကြောင်း ပြောပြပါ။ ပို့စ်တင်ပါ။ မိမိထုတ်ကုန်၊ ဒါမှမဟုတ် ရောင်းချမယ့်ပစ္စည်းနဲ့ဆိုင်ပြီး ဝယ်သူတွေအတွက် တစ်စုံတစ်ရာအကျိုးရှိစေမယ့် အတွေး၊ ဒါမှမဟုတ် အချက်အလက်လေးတွေ တွေ့ရင်လည်း မျှဝေပါ။ တစ်ခါတစ်ရံမှာလည်း မိမိလုပ်နေတဲ့ လုပ်ငန်းနယ်ပယ် အကြောင်းလေးတွေလည်း ဖော်ပြပေးပါ။ Instagram တို့ Viber တို့ Twitter တို့ကတစ်ဆင့်လည်း မိမိထုတ်ကုန်/ရောင်းချမယ့်ပစ္စည်းကို လာရောက်ကြည့်ရှုတဲ့ ဝယ်ယူဖို့ အလားအလာရှိတဲ့ သူတွေ

ကို SMS စာတို ပို့ပြီးလည်း ရောင်းချနိုင်ပါတယ်။ ဒါဟာ တကယ့်ကိုထိရောက်တဲ့ ဈေးကွက်ဗျူဟာတစ်ခုပါပဲ။

## (၂) ဗွီဒီယိုများဖန်တီးတင်ဆက်ခြင်း

မိမိစီးပွားရေးလုပ်ငန်း ဒါမှမဟုတ် ထုတ်ကုန်ဟာ ဘာတွေဆိုတာကို ဝယ်ယူသူ ထိထိရောက်ရောက် နားလည်စေချင်ရင် အကောင်းဆုံးနည်းကတော့ သရုပ်ပြဗွီဒီယိုလေးတွေကို ဖန်တီးထားခြင်းပါပဲ။ မိမိထုတ်ကုန်ဟာ ဘယ်လောက်၊ ဘယ်လိုအသုံးဝင်လဲဆိုတာ လူတွေကို လျင်လျင်မြန်မြန် နားလည်စေပါတယ်။ မိမိပြသမယ့် သရုပ်ပြဗွီဒီယိုကို လူတွေကတစ်ဆင့်ခြင်း နားလည်သွားအောင် ဖန်တီးရပါမယ်။ ဒီနေရာမှာ ပိုပြီး ကောင်းသထက်ကောင်းအောင် လုပ်လေ မိမိထုတ်ကုန်/ ရောင်းမယ့်ပစ္စည်းရဲ့ ရောင်းအားဟာ မယုံနိုင်လောက်အောင် မြန်မြန်တက်လာတာ တွေ့ရမှာပါ။ ဒီနေ့အခါမှာတော့ Youtube ဟာ Google ပြီးရင် ဒုတိယမြောက် လူသုံးအများဆုံးသော Search Engine တစ်ခု ဖြစ်လာနေပါပြီ။ လူတွေက တစ်ခုခု သိချင်ရင်၊ သင်ချင်ရင် အဲဒီကိုသွားကြည့်ဖို့ သတိရကြပါတယ်။ စားသုံးသူရဲ့လိုအပ်ချက်၊ တစ်နည်း အခက်အခဲကို ဖြေရှင်းပေးဖို့ မိမိထုတ်ကုန်/ ရောင်းချမယ့်ပစ္စည်းက ဘယ်လို ကူညီဖြေရှင်းပေးနိုင်မလဲ ဆိုတာဖော်ပြဖို့ စဉ်းစားပါ။ ဥပမာ- ကလေးအတွက် Flash Card လေးတွေ ထုတ်တဲ့အခါ မိဘတွေက ကလေးတွေအတွက် ဝယ်ပေးချင်ပေမယ့် ဘယ်လိုသုံးရလဲမသိလို့ မဝယ်ပေးဖြစ်ဘူးဆိုရင် Flash Card သုံးနည်းလေးတွေကို သရုပ်ပြပေးရင် လူတွေက အသုံးဝင်ပုံတွေ၊ အသုံးပြုနည်းတွေ သိလာနိုင်ပါတယ်။ ဘယ်လိုဖန်တီးရမလဲဆိုတာ ခေါင်းခဲစရာဖြစ်ပေမယ့် အမြင်အာရုံနဲ့ ဆွဲဆောင်နိုင်တာ၊ Youtube ကို သုံးရမှာ တွေကတော့ ပစ်ပယ်ထားလို့မရတာမို့ ဒီနေ့ပဲ ဗွီဒီယိုလေး တစ်ခု ဖန်တီးလိုက်ပြီး အရောင်းမြှင့်တင့်လိုက်ပါ။



## (၃) Facebook မှာ ကြော်ငြာခြင်း

လူတိုင်းနီးပါးသုံးနေကြတဲ့ Facebook မှာ ကြော်ငြာတာကတော့ ဒီဘက်ခေတ်မှာ အထိရောက်ဆုံး ဈေးကွက်မြှင့်တင်မှုတစ်ခုပါပဲ။ Facebook မှာဆိုရင် မိမိ ရောင်းချင်တဲ့ သူကို ထိထိရောက်ရောက်နဲ့ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ ရောင်းလို့ရပါတယ်။ မိမိထုတ်ကုန်/ ရောင်းချမယ့်ပစ္စည်းပေါ်မူတည်ပြီး ဝယ်ယူနိုင်လောက်မယ့် အသက်အရွယ်၊ ဝယ်ယူနိုင်လောက်မယ့် ဒေသ၊ မိမိထုတ်ကုန်/ ရောင်းချမယ့်ပစ္စည်းအပေါ် စိတ်ဝင်စားနိုင်မယ့်သူ စသည်ဖြင့် ရွေးချယ်ပြီး ကြော်ငြာလို့ရတာ တကယ့်အားသာချက်ပါ။ ရောင်းအားအခြေအနေ၊ ဆန်းသစ်လာတဲ့ မိမိ စိတ်ကူးပေါ်မူတည်ပြီးလည်း မိမိကြော်ငြာကို လိုသလို တည်းဖြတ်နိုင်ပါတယ်။ မိမိကြော်ငြာတွေကို ရပ်ထားချင်လည်း ရသလို လိုအပ်လာလို့ ငွေတိုးပြီးသုံးချင်လည်း ရနိုင်ပါတယ်။ မကြော်ငြာခင်မှာတော့ ဘယ်လိုကြော်ငြာတာက အထိရောက်ဆုံးလည်းဆိုတဲ့ နည်းနာတွေကိုတော့ သိအောင် လေ့လာထားသင့်ပါတယ်။ မှန်ကန်တဲ့နည်းလမ်းနဲ့ ဆောင်ရွက်ပြီးတဲ့အခါမှာတော့ မိမိ သုံးစွဲခဲ့တာနဲ့ ထိုက်တန်တဲ့ ရလဒ်တွေ ထွက်လာတာတွေ့ရမှာပါ။

## (၄) Linked In ကိုမှန်မှန်ကန်ကန်အသုံးပြုခြင်း

မြန်မာနိုင်ငံမှာတော့ Linked In က Facebook လောက် ခေတ်မစား လူသိမများပေမယ့် သုံးနေသူ အများအပြားရှိနေသလို၊ နိုင်ငံတကာက အသုံးပြုသူ၊ မိမိထုတ်ကုန်/ ရောင်းချမယ့် ပစ္စည်းကို ဝယ်ယူဖို့ အလားအလာရှိသူတွေကို အလွယ်တကူ ချိတ်ဆက်နိုင်တာမို့ မိမိမှာ အကောင့် (account) မဖွင့်ရသေးရင် အမြန်ဖွင့်ပြီး မိမိ Profile မှာ သရုပ်ပြဗွီဒီယိုလေးတစ်ခု မြန်မြန်သာတင်လိုက်ပါ။ အဲဒီမှာ ဈေးကွက်ချဲ့ထွင်ဖို့ အလွန်လွယ်ကူပြီး၊ မှန်မှန်ကန်ကန်သာ လုပ်ဆောင်ပြီးပြီဆိုရင် မမျှော်မှန်းထားတဲ့ ရောင်းအား

တွေ တက်လာမယ်ဆိုတာ တွေ့ရပါမယ်။ Linked In မှာ connection တွေ (ဆက်သွယ်သင့်တဲ့သူ၊ တစ်နည်း ဆက်သွယ်ချိတ်ဆက်ရမယ့်သူတွေ) များများချိတ်ဆက်ပြီး အခုပဲ မိမိထုတ်ကုန်/ ရောင်းချမယ့်ပစ္စည်းကို ပို့စ်တင်လိုက်ပါ။ မိမိပို့စ်က အရမ်းကို စိတ်အားထက်သန်စေမယ့်၊ တက်ကြွလန်းဆန်းစေတယ်ဆိုရင်ဖြင့်၊ လူအများ သတိထားမိစေပါပြီ။ ဒါဟာ စွန့်ဦးတီထွင်သမားတွေအတွက် ပန်းတိုင်ကို အရောက်ပို့ပေးမယ့် နည်းလမ်းတွေထဲက တစ်ခုပါ။ မိမိရဲ့ အတွေ့အကြုံတွေ၊ ရင်ဆိုင်နေရတဲ့ အခက်အခဲ၊ စိန်ခေါ်မှုတွေကို မျှဝေပါ။

မိမိပြောပြတဲ့ အကြောင်းအရာတွေက ပိုစိတ်ဝင်စားစရာကောင်းလေ၊ လူတွေများများ သိလာဖို့ အခွင့်အလမ်း ပိုများလေပါပဲ။ ဒီနေရာမှာ မိမိနဲ့ သဘောထားတိုက်ဆိုင်တဲ့ အခြားစွန့်ဦးတီထွင်သမားတွေပါ တွေ့နိုင်ပြီး သူတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ တွေ့လာနိုင်သလို၊ အခြားစီးပွားရေးလုပ်ငန်းတွေ ဘာတွေ၊ ဘယ်လိုလုပ်ကြတယ်ဆိုတာလည်း လေ့လာနိုင်မှာပါ။ ဒါဟာလည်း မိမိစီးပွားရေးကို ဘယ်လိုပုံစံနဲ့ ဆက်သွားမလဲဆိုတဲ့ အတွေးတွေ၊ ဆန်းသစ်တဲ့နည်းနာတွေလည်း ရလာနိုင်စေပါတယ်။

## (၅) ဆက်သွယ်နီးနွယ် ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်တွေ ဆောင်ရွက်ခြင်း (အွန်လိုင်းပေါ်က ဝက်ဘ်ဆိုက်တွေကို ဆက်သွယ်ချိတ်ဆက်ပူးပေါင်းခြင်း)

လူအများစုကတော့ အင်တာနက်မှာ ဒီလိုဆက်သွယ်ပူးပေါင်း ဆောင်ရွက်ပြီးလုပ်တဲ့ ဈေးကွက်ဗျူဟာတွေကို နားမလည်ကြပါဘူး။ အွန်လိုင်းဈေးကွက်မှာ မိမိရည်မှန်းထားတဲ့ အင်တာနက်အသုံးပြုသူတွေကို ဝက်ဘ်ဆိုက်တွေကတစ်ဆင့် ဈေးကွက်ထိုးဖောက်တဲ့ နည်းလမ်းတွေပါပဲ။ ဥပမာ- Amazon ဆိုပါတော့ သူက လျှပ်စစ်ပစ္စည်း၊ စာအုပ်စာတမ်း၊ အရုပ် စသည်ဖြင့် မျိုးစုံရောင်းတယ်။ သူ့မှာ ချိတ်ဆက်ထားတဲ့ ဝက်ဘ်ဆိုက်တွေ များစွာရှိပါတယ်။ အဲဒီဝက်ဘ်ဆိုက်တွေကို လာကြည့်တဲ့သူတွေက ဒီ Amazon ကရောင်းတဲ့ ပစ္စည်းတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ အရောင်းအဝယ်ဖြစ်လို့ ငွေပေးချေတာတွေကိုတော့ Amazon ကပဲ လုပ်ဆောင်ပါတယ်။ Amazon ကနေမှ တစ်ဆင့် ခုနကဆက်သွယ်ပူးပေါင်းထားတဲ့ ဝက်ဘ်ဆိုက်တွေကို ရာခိုင်နှုန်းတစ်ခုနဲ့ ပြန်ပေးပါတယ်။ မိမိပစ္စည်းကို Amazon မှာ တင်ထားရင် ဆက်သွယ် ချိတ်ဆက်ထားတဲ့ ဝက်ဘ်ဆိုက်တွေမှာလည်း မိမိထုတ်ကုန်/ ရောင်းကုန်ကို လူတွေက တွေ့မြင်နေမှာ ဖြစ်ပါတယ်။ မိမိကိုယ်တိုင် အဲဒီဝက်ဘ်ဆိုက်တွေမှာ သွားပြီးကြော်ငြာစရာ မလိုဘဲ မိမိထုတ်ကုန်/ ရောင်းကုန်ကို လူသိများစေမှာပါ။ အွန်လိုင်းနဲ့ မရင်းနှီးသူ၊ မိမိဘာသာ ကိုယ်ပိုင်ဝက်ဘ်ဆိုက် မလုပ်နိုင်သေးသူတွေအတွက်တော့ ဒီနည်းလမ်းက မိမိထုတ်ကုန်/ ရောင်းကုန်တွေကို အွန်လိုင်းသုံးသူတွေ တော်တော်များများ တွေ့မြင်မိစေမှာဖြစ်ပြီး၊ ရောင်းအားတက်လာဖို့ အလားအလာ များလာနိုင်သလို၊ မိမိ Brand ကိုလည်း လူသိများလာမှာ ဖြစ်ပါတယ်။ မြန်မာပြည်မှာတော့ Shop.com လို အွန်လိုင်းလက်လီအရောင်းဆိုင်တွေက လုပ်နေပေမယ့် ထင်သလောက်တော့ မတွင်ကျယ်သေးပါဘူး။ ဒါဟာ အွန်လိုင်းသုံးသူတွေကို ရည်ရွယ်တယ်ဆိုပေမယ့် ယနေ့ခေတ်အခါမှာ အွန်လိုင်းသုံးသူတွေ တစ်နေ့တခြား တိုးပွားလာနေတာဟာ အားသာချက်ပါ။ လူတွေကလည်း ဘာမဆိုလိုတာရှိလာရင် အွန်လိုင်းဖွင့်တတ်တဲ့ အလေ့အထတွေလည်း တော်တော်တွေ့လာရလို့ စရိတ်နည်းနည်းနဲ့ မိမိထုတ်ကုန်ကို လူတွေသိစေနိုင်တဲ့ နည်းလမ်းကောင်းတစ်ခုပါပဲ။

ဈေးကွက်နည်းဗျူဟာပေါင်း များစွာထဲကမှ မြန်မာပြည်က အသေးစား၊ အလတ်စား လုပ်ငန်းတွေအတွက် အသုံးတည့်မယ်လို့ယူဆတဲ့ အချက်အချို့ကို မျှဝေခြင်းသာ ဖြစ်ပါတယ်။ အခြားသော နည်းလမ်းများစွာလည်း ရှိနေပါသေးတယ်။ အချို့လည်း သိပြီး၊ နားလည်ပြီးသား ဖြစ်ပေမယ့် မသိသေးသော မြန်မာပြည်မှ အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် တစ်စုံ တစ်ရာ အကျိုးရှိလေမလားဆိုပြီး တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

**Ref: https://www.entrepreneur.com/**
**http://www.smartinsights.com**

# အမည်ခံ GDP နှင့် အမှန် GDP




ဉာဏ်ဖြိုး (မုံရွာစီးပွားရေးတက္ကသိုလ်)

GDP ဆိုသော စကားလုံးလေးသည် ပြည်သူများနှင့် အတော်အတန် နားယဉ်နေပြီဖြစ်သော ဘောဂဗေဒဘာသာရပ်၏ ဝေါဟာရတစ်ခုဖြစ်ပါသည်။ ယခုကဲ့သို့ ပွင့်လင်းလာသော ဒီမိုကရေစီခေတ်တွင် GDP ဆိုသော စကားလုံးလေးသည် သတင်းစာနှင့် ဂျာနယ်များတွင် ပို၍ပင် တွေ့လာရပြီ ဖြစ်သည်။ ထို့ကြောင့် GDP ဆိုသော စကားလုံးလေးကို စာရှုသူများနှင့် ယေဘုယျသဘော မိတ်ဆက်ပေးလိုက်ပါသည်။

## GDP ဆိုသည်မှာ

သတ်မှတ်ထားသောကာလတစ်ရပ်အတွင်း တိုင်းပြည်တစ်ပြည်၏ နိုင်ငံနယ်နိမိတ်တစ်ခုအတွင်းတွင် ထုတ်လုပ်ရရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုးကို စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုး (Gross Domestic Product) GDP ဟုခေါ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို တိုင်းတာ ဖော်ပြပေးနေသော ကိန်းရှင်တစ်ခုဟုလည်း ဆိုနိုင်ပါသည်။ GDP ကို နိုင်ငံတစ်နိုင်ငံအတွင်းရှိ ပြည်သူအားလုံးတို့၏ စုစုပေါင်းဝင်ငွေဟုလည်း ခေါ်ဆိုနိုင်သကဲ့သို့ နိုင်ငံသူနိုင်ငံသားအားလုံး၏ စုစုပေါင်း အသုံးစရိတ်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ ထိုမျှမက နိုင်ငံတစ်နိုင်ငံအတွင်းရှိ ပြည်သူအားလုံး၏ စုစုပေါင်း ထုတ်လုပ်မှုဟုလည်း မှတ်ယူနိုင်ပါသည်။

## အမည်ခံ GDP ဆိုသည်မှာ

နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ထားသော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ တန်ဖိုးကို ထိုနှစ်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများဖြင့် တိုင်းတာဖော်ပြခြင်းဖြစ်ပါသည်။

## အမှန် GDP ဆိုသည်မှာ

နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ထားသော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ တန်ဖိုးကို အခြားနှစ်တစ်နှစ်၏ ဈေးနှုန်းများဖြင့် တိုင်းတာဖော်ပြခြင်း ဖြစ်ပါသည်။အခြေခံနှစ်တစ်နှစ်ကို သတ်မှတ်ပြီး ယင်းနှစ်၏ ဈေးနှုန်းများဖြင့် ယူကာ GDP ကို တိုင်းတာဖော်ပြခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်း စီးပွားရေး၊ နိုင်ငံရေးနှင့် စပ်လျဉ်း၍ ထူးထူးခြားခြား ဖြစ်ပေါ်မှုမရှိခဲ့သော နှစ်တစ်နှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်ရွေးချယ်ကာ ယင်းနှစ်ရှိဈေးနှုန်းများကို ရယူတွက်ချက်ခြင်းဖြစ်ပါသည်။ ယင်းဈေးနှုန်းကိုပင် ပုံသေဈေးနှုန်းဟုလည်း ခေါ်ဝေါ်ကြပါသည်။

## အမည်ခံ GDP ဟုခေါ်ရသော အကြောင်းအရင်းနှင့် အမှန် GDP ဟုခေါ်ရသောအကြောင်းအရင်း

ဥပမာလေးတစ်ခု ပေးကာ အမည်ခံ GDP နှင့် အမှန် GDP ကို ရှင်းလင်းဖော်ပြလိုက်ပါသည်။ ABC ဟုခေါ်ဆိုသော နိုင်ငံလေးတစ်ခုရှိပါသည်။ ယင်းနိုင်ငံသည် ပန်းသီးဆိုသော ကုန်စည်ကို ထုတ်လုပ်သည်ဟု ယူဆကြပါစို့။ ၂၀၀၈ ခုနှစ်တွင် ပန်းသီး ၁ လုံး ထုတ်လုပ်သည်ဆိုပါစို့။ ယင်း ၂၀၀၈ ခုနှစ်အတွက် ABC နိုင်ငံအတွင်း ပန်းသီးတစ်လုံး ဈေးနှုန်းသည် ၄၀၀ ကျပ်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်အတွက် ABC နိုင်ငံ၏ အမည်ခံ GDP မှာ ၂၀၀၈ ခုနှစ်ဈေးနှုန်းများအရ (၂၀၀၈ ခုနှစ် ပန်းသီးဈေးနှုန်း × ၂၀၀၈ ခုနှစ် ပန်းသီးအရေအတွက်) ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်အတွက် ABC နိုင်ငံ၏ အမည်ခံ GDP မှာ (၄၀၀ ကျပ် × ပန်းသီး (၁) လုံး) ဖြစ်ပါသည်။ သို့ဖြစ်၍ **၂၀၀၈ ခုနှစ် ABC နိုင်ငံ၏ အမည်ခံ GDP = ၄၀၀ ကျပ်** ဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၀၈ ခုနှစ် အတွက် ABC နိုင်ငံ၏ အမှန် GDP ကို တွက်ချက်ကြည့်ပါမည်။ ယင်းအမှန် GDP ကို တွက်ချက်ရန်အတွက် ABC နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းပြီး ထူးထူးခြားခြား ဖြစ်ပေါ်မှုမရှိခဲ့သော ၂၀၀၇ ခုနှစ်ကို အခြေခံနှစ်အဖြစ် ရွေးချယ်ကာ ယင်းနှစ်ရှိ ဈေးနှုန်းများဖြင့် တွက်ချက်ပါမည်။ ပုံသေဈေးနှုန်းဖြင့် တွက်ချက်ခြင်းလည်းဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်က ပန်းသီးတစ်လုံး၏ ဈေးနှုန်းမှာ ၂၀၀ ကျပ် ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ် အတွက် ABC နိုင်ငံ၏ အမှန် GDP မှာ (၂၀၀၇ ခုနှစ် ပန်းသီးဈေးနှုန်း × ၂၀၀၈ ခုနှစ် ပန်းသီးအရေအတွက်) ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် အမှန် GDP = (၂၀၀ ကျပ် × ပန်းသီး (၁) လုံး) ဖြစ်ပါသည်။ ထို့ကြောင့် **၂၀၀၈ ခုနှစ် အမှန် GDP = ၂၀၀ ကျပ်** ဖြစ်ပါသည်။

ဆက်လက်ပြီး ABC နိုင်ငံသည် ၂၀၀၉ ခုနှစ်သို့ ရောက်သောအခါ ပန်းသီး (၂) လုံး ထုတ်လုပ်သည်ဆိုပါစို့။ ၂၀၀၉ ခုနှစ်တွင် ပန်းသီးတစ်လုံး၏ ဈေးနှုန်းမှာ ၅၀၀ ကျပ် ဖြစ်လာပါသည်။ ထို့ကြောင့် –

| | | |
|---|---|---|
| ABC နိုင်ငံ၏ ၂၀၀၉ အမည်ခံ GDP | = | (၂၀၀၉ ခုနှစ် ပန်းသီးဈေးနှုန်း x ၂၀၀၉ ခုနှစ် ပန်းသီးအရေအတွက်) |
| | = | (၅၀၀ ကျပ် × ပန်းသီး (၂) လုံး) = ၁၀၀၀ ကျပ် |
| ABC နိုင်ငံ၏ ၂၀၀၉ အမှန် GDP | = | (၂၀၀၇ ခုနှစ် ပန်းသီးဈေးနှုန်း x ၂၀၀၉ ခုနှစ် ပန်းသီးအရေအတွက်) |
| | = | (၂၀၀ ကျပ် × ပန်းသီး (၂) လုံး) = ၄၀၀ ကျပ် |

ယင်းနောက် ABC နိုင်ငံသည် ၂၀၁၀ ခုနှစ်သို့ ရောက်ရှိလာသောအခါ ပန်းသီး (၂) လုံးပဲ ထုတ်လုပ်သည်ဆိုပါစို့။ ၂၀၁၀ ခုနှစ်တွင် ပန်းသီး တစ်လုံး၏ ဈေးနှုန်းမှာ ၇၀၀ ကျပ်အထိ ဖြစ်လာပါသည်။ ထို့ကြောင့် –

| | | |
|---|---|---|
| ABC နိုင်ငံ၏ ၂၀၁၀ အမည်ခံ GDP | = | (၂၀၁၀ ခုနှစ် ပန်းသီးဈေးနှုန်း x ၂၀၁၀ ခုနှစ် ပန်းသီးအရေအတွက်) |
| | = | (၇၀၀ ကျပ် × ပန်းသီး (၂) လုံး) = ၁၄၀၀ ကျပ် |
| ABC နိုင်ငံ၏ ၂၀၁၀ အမှန်GDP | = | (၂၀၀၇ ခုနှစ် ပန်းသီးဈေးနှုန်း x ၂၀၁၀ ခုနှစ် ပန်းသီးအရေအတွက်) |
| | = | (၂၀၀ ကျပ် × ပန်းသီး (၂) လုံး) = ၄၀၀ ကျပ် |

စာရှုသူများအား ပိုမိုရှင်းလင်းစွာဖော်ပြလိုသောကြောင့် အောက်တွင် ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ ခုနှစ်များ၏ အမည်ခံ GDP နှင့် အမှန် GDP တို့ကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

| အချိန် | ထုတ်လုပ်သော ပန်းသီး အရေအတွက် | အမည်ခံ GDP | မှတ်ချက် | အမှန် GDP | မှတ်ချက် |
|---|---|---|---|---|---|
| ၂၀၀၈ ခုနှစ် | ၁ လုံး | ၄၀၀ ကျပ် | | ၂၀၀ ကျပ် | |
| ၂၀၀၉ ခုနှစ် | ၂ လုံး | ၁၀၀၀ ကျပ် | ကုန်ဈေးနှုန်း မြင့်တက်မှုနှုန်း ပါနေသောကြောင့် GDP ချင်း မနှိုင်းယှဉ်နိုင်ပါ။ | ၄၀၀ ကျပ် | ၁၀၀% တိုးတက်သည်။ |
| ၂၀၁၀ ခုနှစ် | ၂ လုံး | ၁၄၀၀ ကျပ် | ကုန်ဈေးနှုန်း မြင့်တက်မှုနှုန်း ပါနေသောကြောင့် GDP ချင်း မနှိုင်းယှဉ်နိုင်ပါ။ | ၄၀၀ ကျပ် | တိုးတက်မှု မရှိပါ။ |

အထက်ပါဇယားကို ကြည့်ပါက အမှန် GDP ဖြင့်သာလျှင် GDP တိုးတက်မှုနှုန်း (တစ်နည်း) ထုတ်လုပ်သည့် အရေအတွက်တိုးတက်မှုနှုန်းကို ဖော်ပြနိုင်ပေသည်။ အကယ်၍ အမည်ခံ GDP ကိုကြည့်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်သို့ ရောက်လာသောအခါ ABC နိုင်ငံ၏ GDP သည် ၆၀ ရာခိုင်နှုန်းတက်လာသည်ဟု မှားယွင်းစွာ သုံးသပ်မိကြပါမည်။ အဘယ်ကြောင့်ဆိုသော် ၂၀၀၈ ခုနှစ်တွင် ပန်းသီးတစ်လုံးဈေးနှုန်းသည် ၄၀၀ ကျပ်ဖြစ်ရာမှ ၂၀၀၉ ခုနှစ်သို့ ရောက်သောအခါတွင် ပန်းသီးတစ်လုံးဈေးနှုန်းသည် ၅၀၀ ကျပ်အထိ မြင့်တက်လာခြင်းဟူသော ကုန်ဈေးနှုန်းမြင့်တက်မှု(တစ်နည်း)ငွေကြေးဖောင်းပွမှု၏အကျိုးသက်ရောက်မှု ပါဝင်နေသောကြောင့် ယင်းကို အမှန်ဟုမခေါ်နိုင်ပါ။ ထိုသို့ နှစ်အလိုက်ဈေးနှုန်း (တစ်နည်း) ထိုနှစ်အတွက် ပေါက်ဈေးဖြင့် တွက်ချက်ဖော်ပြသော GDP သည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို တိုင်းတာဖော်ပြရာတွင် အသုံးမပြုနိုင်ပေ။ ထို့ကြောင့် နှစ်အလိုက်ဈေးနှုန်းဖြင့် တွက်ချက်ထားသော GDP ကိုအမည်ခံ GDP ဟုသာ ဘောဂဗေဒဘာသာရပ်တွင် ခေါ်ဆိုပါသည်။ ၂၀၀၉ အမည်ခံ GDP နှင့် ၂၀၁၀ အမည်ခံ GDP ကို ကြည့်လိုက်ပါက ပိုမိုရှင်းလင်းစွာ တွေ့ရပါမည်။ ထုတ်လုပ်သည့် ပန်းသီးအရေအတွက်သည် ၂၀၀၉ တွင်လည်း (၂) လုံး ၊ ၂၀၁၀ တွင်လည်း (၂) လုံးသာ ထုတ်လုပ်ထားပါသည်။ ထုတ်လုပ်သည့် အရေအတွက် တိုးတက်လာခြင်း မရှိသော်လည်း ကုန်ဈေးနှုန်းမြင့်တက်မှု၏ အကျိုးသက်ရောက်မှု ပါဝင်နေခြင်းကြောင့် ၁၀၀၀ ကျပ်မှ ၁၄၀၀ ကျပ်သို့ GDP တက်နေဟန် ဖော်ပြနေပါသည်။ ထို့ကြောင့် ဘောဂဗေဒဘာသာရပ်တွင် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုနှုန်းကို ဖော်ပြရန်အတွက် အမည်ခံ GDP ကို အသုံးမပြုဘဲ နိုင်ငံ၏ ထုတ်လုပ်သည့် အရေအတွက် တိုးလာသလား၊ ကျသွားသလား၊ တိုးလည်းမတိုး ကျလည်းမကျ ဖြစ်နေသလားဆိုသည်ကို ရှင်းလင်း စွာသိရှိနိုင်ရန် အခြေခံနှစ်ကို အသုံးပြု၍ ယင်းအခြေခံနှစ်၏ ပုံသေဈေးနှုန်းများဖြင့်သာ တိုင်းတာဖော်ပြသော အမှန် GDP ဖြင့်သာ သုံးသပ်ဖော်ပြ ကြပါသည်။ ထိုကဲ့သို့ GDP တိုးတက်မှုအမှန်ကို ရှင်းလင်းစွာ ဖော်ပြနိုင်သည့်အတွက်ပင် အမှန် GDP ဟု ခေါ်ဆိုကြခြင်း ဖြစ်နိုင်ပါသည်။

**နိဂုံး**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအတက်အကျကို GDP အတက်အကျဖြင့်သာ ဖော်ပြကြပါသည်။ ထို့ကြောင့် GDP ကို ပုံသေဈေးနှုန်းနှင့် နှစ်အလိုက်ဈေးနှုန်းတို့ဖြင့် တိုင်းတာပါကြောင်း ဖော်ပြခဲ့ပါသည်။ အခြေခံ နှစ်တစ်နှစ်ကိုယူ၍ ပုံသေဈေးနှုန်းဖြင့် တိုင်းတာသော အမှန် GDP သည် နိုင်ငံ၏ထုတ်လုပ်လိုက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုအရေအတွက် အမှန်တကယ် တိုးတက်မှသာ တိုးတက်သည်ကိုဖော်ပြပါကြောင်းနှင့် ကုန်ဈေးနှုန်း မြင့်တက်မှုနှုန်း (တစ်နည်း) ငွေကြေးဖောင်းပွမှု၏ ရောယှက်ပါဝင်နေမှုကိုဖယ်ရှားပြီးဖြစ်ပါကြောင်း တတ်စွမ်းသမျှ ရေးသားတင်ပြအပ်ပါသည်။

ကိုးကား။ ။ Macroeconomics by N.G.Mankiw

စီးပွားရေးအတွေးများ၊

ဒေါက်တာ မောင်မောင်စိုး (ဘောဂဗေဒ)

ဘောဂဗေဒသင်ရိုး ၊ တက္ကသိုလ်ဝင်တန်း

# ဝင်ငွေခွန် တစ်ပြေးညီဖြစ်ရေး ဆောင်ရွက်သင့်သော အာဆီယံ

သိန်းမြင့်ဝေ

အာဆီယံစီးပွားရေးအသိုက်အဝန်း **(Asean Economic Community-AEC)** ကို အကောင်အထည်ဖော်ခြင်းသည် အရှေ့တောင်အာရှဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအစီအစဉ်အတွက် သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်ပါသည်။ AEC ၏ အဓိက ရည်ရွယ်ချက်မှာ တစ်ခုတည်းသောဒေသဆိုင်ရာဈေးကွက်ကို ထူထောင်ရန်နှင့် ထုတ်လုပ်မှုကို အခြေခံသော ဒေသအဖြစ်ဖန်တီးရန်ဖြစ်သည်။ ထိုကဲ့သို့ ထူထောင်ဖန်တီးရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားတို့ကို ပိုမိုလွတ်လပ်သော စီးဆင်းခွင့်ပြုသွားမည် ဖြစ်ပါသည်။



AEC ထူထောင်ခြင်းနှင့်အတူ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုလုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူအောင် ဆောင်ရွက်ခြင်းအားဖြင့် ကုန်သွယ်မှုစရိတ်များ **(Trade Costs)** ကျဆင်းလျက်ရှိသည်။ ထို့ပြင် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းနှင့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များတစ်ပြေးညီဖြစ်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဤအချက်များသည် AEC ၏ ရလဒ်ကောင်းများဖြစ်ပါသည်။ အာဆီယံစီးပွားရေး ပေါင်းစည်းမှု၏ နောက်ထပ်တစ်ဆင့်ကို ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဆက်လက်အကောင်အထည်ဖော်နေသည်။ ၂၀၂၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း အသေးစိတ်စီမံချက် (AEC Blueprint 2025)ကိုအကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား အခွန်စည်းကြပ်ရေးကို ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ထိုကဲ့သို့ အခွန်ကိစ္စရပ်ပိုင်းတွင် ပူးပေါင်းခြင်းအားဖြင့် အရှေ့တောင်အာရှဒေသ၏ ယှဉ်ပြိုင်နိုင်စွမ်း **(Competitiveness)**ကို မြှင့်တင်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် အပြန်အလှန်အခွန်သဘောတူညီချက်များကွန်ရက် **(Network of bilateral tax agreements)** ကိုပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ဝင်ငွေခွန်ပုံသဏ္ဌာန်များ **(Withholding tax structures)**ကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံငွေကြေးစာချုပ်ထုတ်ဝေမှု **(Asean debt issuance)**တွင် ပိုမိုရှင်းနီးမြှုပ်နှံလာခြင်း၊ အခွန်ရှောင်ကွင်းမှုနည်းလမ်းများ **(Base Erosion and Profit Shifting-BEPS)** ကို ရှာဖွေဖော်ထုတ်နိုင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အခွန်ပေးဆောင်သူများ၏ ထောက်ခံချက်နံပါတ်**(Global taxpayers' identification number)** ကို စုံစမ်းစစ်ဆေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**AEC Blueprint** တွင် မပါဝင်သောအချက်မှာ ဝင်ငွေခွန်တစ်ပြေးညီဖြစ်ရေး **(Income tax harmonization)**ဖြစ်သည်။ အခွန်တစ်ပြေးညီဖြစ်ရေး လုပ်ဆောင်ရာတွင် အာဆီယံဒေသတစ်ဝန်းအခွန်စည်းကမ်းနှင့် နှုန်းထားများ **(Tax rules and rates)** ပိုမိုညီညာအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် တစ်ပြေးညီအခွန်စည်းကြပ်ခြင်းက နိုင်ငံများကြား မမျှတသောပြိုင်ဆိုင်မှုကို ကာကွယ်ပေးနိုင်သည်။ သို့သော်လည်း အာဆီယံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အဆင့်မတူညီသော နိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် မတူကွဲပြားသောအုပ်စု **(Diverse group)**ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံနိုင်ငံများကြား အခွန်ပုံစံတစ်ပြေးညီဖြစ်ရေး လုပ်ဆောင်ချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါမည်လောဟု မေးခွန်းထုတ်စရာ ရှိပါသည်။ အာဆီယံအတွက် စိန်ခေါ်မှု ဖြစ်နေပါသည်။

သို့သော်လည်း အခွန်တစ်ပြေးညီဖြစ်ရေးကိစ္စသည် အာဆီယံသာ ရင်ဆိုင်ရသော စိန်ခေါ်မှုမဟုတ်ပေ။ ဥရောပသမဂ္ဂ **(European Union-EU)**လည်း ရင်ဆိုင်ဖြတ်သန်းခဲ့ရသော စိန်ခေါ်မှုဖြစ်သည်။ ဥရောပသမဂ္ဂတွင် အမြတ်ခွန်အခြေခံ သို့မဟုတ် ဝင်ငွေခွန်အခြေခံ **(Corporate tax base)**ကို တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ခဲ့စဉ်က အခက်အခဲများစွာကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် တစ်ခုတည်းသော ဈေးကွက်အတွင်း (ဥရောပသမဂ္ဂဈေးကွက်အတွင်း) ပြိုင်ဆိုင်မှုကို ထိခိုက်စေကြောင်း ဝေဖန်ကန့်ကွက်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့သော်လည်း အခွန်တစ်ပြေးညီပြုလုပ်ခြင်း၏ ကောင်းကျိုးများရှိကြောင်းကိုလည်း တွေ့ရပါသည်။ အခွန်တစ်ပြေးညီပြုလုပ်ခြင်း၏ ပထမကောင်းကျိုးမှာ အခွန် ထမ်းဆောင်ရသောစရိတ်များ **(Tax Compliance costs)**ကျဆင်းစေခြင်းဖြစ်သည်။ ဒုတိယကောင်းကျိုးမှာ အခွန်ကောက်ခံမှုစည်းကမ်းချက်အမျိုးမျိုး **(Different taxation rules)**ကို ပိုမိုနားလည်လွယ်ခြင်းဖြစ်သည်။ တတိယကောင်းကျိုးမှာ နယ်စပ်ဖြတ်ကျော်စီးပွားရေးလုပ်ငန်းတိုးတက်မှုအတွက် မရည်ရွယ်ဘဲဖြစ်ပေါ်နေသော အခွန်အဟန့်အတားများ **(Unintended tax obstacles)** ဖယ်ရှားနိုင်ခြင်း ဖြစ်သည်။

## အလယ်အလတ်လမ်းစဉ်

အရှေ့တောင်အာရှဒေသအတွက် အလယ်အလတ်လမ်းစဉ် **(Middle-ground approach)** ကျင့်သုံးပါက

အကျိုးရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့တောင်အာရှတွင် ဝင်ငွေခွန်မူဝါဒအမျိုးမျိုး ရှိနေသော်လည်း နယ်စပ်ဖြတ်ကျော်စီးပွားရေးလုပ်ငန်းကို ပိတ်ပင်ဟန့်တားခြင်းမျိုး မရှိသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း အာဆီယံကို တစ်ခုတည်းသော ဈေးကွက်ကြီးအဖြစ် ဖန်တီးရန် တိုက်တွန်းနေသောကြောင့် ဖြစ်ပါသည်။

ပထမဆုံးအနေဖြင့် အခွန်စည်းကြပ်မှုလုပ်ငန်းအဖွဲ့ဆိုင်ရာ အာဆီယံဖိုရမ် **(Asean Forum on Taxation Working Group)** တွင်ရှိသော မဟာဗျူဟာ စီမံချက် **(Strategic action plan)**ကို စတင်အကောင်အထည်ဖော်ရန် ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ဝင်ငွေခွန်နှုန်းထားများ တစ်ပြေးညီဖြစ်ရေးကို စတင် လုပ်ဆောင်ရန်ဖြစ်သည်။ ထို့နောက်အရှေ့တောင်အာရှဒေသအတွင်း သတင်း အချက်အလက် အပြန်အလှန်ဖလှယ်ခြင်း၊ အခွန်မူဝါဒနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများပို့ချခြင်းတို့ကို လုပ်ဆောင်ရန် ဖြစ်သည်။ ဤအချက်များသည် မျှော်မှန်းထားသော ဦးတည်ချက်အတွက် ကောင်းမွန်သောခြေလှမ်းများဖြစ်သည်။ ထို့ပြင် ဤအချက်များသည် အာရှအခွန်စီမံခန့်ခွဲရေး နှင့် သုတေသနဆိုင်ရာလေ့လာရေး အဖွဲ့က ဆောင်ရွက်နေသော လုပ်ဆောင်ချက်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။ အဆိုပါလေ့လာရေးအဖွဲ့ **(Study Group)** တွင် အာဆီယံ နိုင်ငံအများစုက အဖွဲ့ဝင်ဖြစ်ပြီး စင်ကာပူနိုင်ငံက ဦးဆောင်နိုင်ငံဖြစ်ပါသည်။

ဝင်ငွေခွန်နှုန်းထားများ တစ်ပြေးညီဖြစ်ရေးအပြင် အခွန်ဝေါဟာရနှင့် သဘောတရားများ **(Tax terms and concepts)** ကို တစ်သမတ်တည်း အဓိပ္ပာယ်ပြန်ဆိုပြီး နိုင်ငံအားလုံးက လက်ခံကျင့်သုံးရေးကိုလည်း ဆောင်ရွက်ရပါမည်။ ထို့ပြင် အခွန်စီမံခန့်ခွဲမှုအတွက် ဘုံသတ်မှတ်ချက်များ **(Common standards)** ကိုလည်း အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှသာလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးဆွဲဆောင်ရာ ရောက်ပါမည်။ အခွန်ကောက်ခံမှုပုံစံ တစ်ပြေးညီမဖြစ်ခြင်း သို့မဟုတ် အခွန်ကောက်ခံမှုပုံစံမညီညာဘဲ တစ်သမတ်တည်းမဖြစ်ခြင်း **(Lack of consistency)** က နှစ်ထပ်ကွမ်း




အခွန်စည်းကြပ်ခြင်း **(Double taxation)** ကို ဖြစ်စေနိုင်ပါသည်။ ထို့ပြင် အာဆီယံနိုင်ငံအချင်းချင်း၌ပင် ဥာဏ်ရှင်ခွန် **(Royalty payment)**နှင့် ဝင်ငွေခွန် **(Withholding tax)** ပေးဆောင်မှုတို့နှင့် ပတ်သက်ပြီး အမြင်အမျိုးမျိုး ကွဲပြားနေနိုင်သည်။

အခွန်ကောက်ခံမှုတစ်သမတ်တည်းဖြစ်ခြင်း သို့မဟုတ် အခွန်ကောက်ခံရာတွင် ရှေ့နောက်ညီညွတ်မှုရှိခြင်း **(Consistency)**သည် ပုံသေစီးပွားရေးလုပ်ငန်းနေရာ **(Permanent establishment)** လျှောက်ထားသည့် စည်းကမ်းချက်များအတွက်လည်း လိုအပ်ပါသည်။ ပုံသေစီးပွားရေးလုပ်ငန်းနေရာ (PE) ဆိုသည်မှာ သက်ဆိုင်ရာတရားစီရင်ပိုင်ခွင့်နယ်မြေအတွင်း ဝင်ငွေရရှိနေသော သို့မဟုတ် ထပ်ဆင့်တိုးတန်ဖိုးခွန် **(Value-added tax)** ပေးရန်တာဝန်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခု၏ အမြဲတမ်းတည်ရှိနေသော နေရာကိုဆိုလိုသည်။ လက်ရှိအချိန်ကာလတွင် အခွန်အာဏာပိုင်အသီးသီးက PE ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို အမျိုးမျိုးပြန်ဆိုလျက်ရှိသောကြောင့် ဤအချက်သည် အားနည်းချက်တစ်ခုဖြစ်လာနိုင်ကြောင်းလည်း တွေ့မြင်ရပါသည်။

အခွန်အာဏာပိုင်များကြား နောက်ထပ်အမြင်ကွဲပြားလျက်ရှိသည့်အချက်မှာ ပိုင်ဆိုင်မှု၏ ကောင်းကျိုးခံစားရေးသဘောတရား **(Concept of beneficial ownership)**ဖြစ်သည်။ Beneficial ownership ဆိုသည်

မှာ ငွေကြေး စာချုပ် သို့မဟုတ် ဥစ္စာပစ္စည်းတစ်ခုပိုင်ဆိုင်မှု၏ ကောင်းကျိုးများကို ခံစားရသောသူ **(Anyone who enjoys the benefits of ownership of a security or property)** ဖြစ်ပါသည်။ ဤအချက်က အခွန်သက်သာခွင့်ရရှိမှုအပေါ် အငြင်းပွားဖွယ်ဖြစ်လာနိုင်သည်။ ဥပမာ အားဖြင့် အမြတ်ဝေစု **(Dividends)**၊ အတိုး **(Interest)** သို့မဟုတ် ငှားရမ်းခ **(Royalty income)** နှင့် ပတ်သက်သည့် အခွန်သက်သာခွင့်ကို မည်သို့ခံစားမည်နည်းဟူ၍ စောဒကတက်စရာ ဖြစ်လာပါသည်။

## ပြောင်းလဲနေသော စံသတ်မှတ်ချက်များ

စီမံအုပ်ချုပ်မှုရှုထောင့်မှ လေ့လာရာတွင် အခွန်အာဏာပိုင်အသီးသီးက အသုံးပြုသော စံသတ်မှတ်ချက်များ **(Standards)** မှာလည်း အမျိုးမျိုးကွဲပြားလျက်ရှိကြောင်း တွေ့ရသည်။ အထူးသဖြင့် အခွန်သဘောတူညီချက်များ **(Tax treaties)** တွင် ဖော်ပြထားသော ဝင်ငွေခွန်ကို လျှော့ချကောက်ခံရေး သို့မဟုတ် လုံးဝမကောက်ခံရေးကိစ္စနှင့် ပတ်သက်၍ အမြင်အမျိုးမျိုး ကွဲပြားလျက်ရှိပါသည်။ အခွန်သက်သာခွင့်ပေးရန်အတွက် အခွန်ထမ်းများသည် အချို့နိုင်ငံများတွင် အမြဲတမ်းနေထိုင်ခွင့် လက်မှတ် **(Certificate of Residence-COR)** ကိုသာ တင်ပြရပြီး အခြားနိုင်ငံများတွင် ပိုင်ဆိုင်မှုမှပေါ်ပေါက်လာသော အကျိုးအမြတ် **(Beneficial ownership)** ကို တင်ပြကြရသည်။

အခွန်ရှောင်ကွင်းမှုနည်းလမ်းများ (BEPS) ကို ပိုမိုအာရုံစိုက်လာခြင်းနှင့်အတူ ယနေ့ကုမ္ပဏီအများစုသည် Transfer pricing ပြဿနာကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် Transfer pricing စည်းကမ်းသတ်မှတ်ချက်များ တစ်ပြေးညီရှိရန် လိုအပ်ပါသည်။ **Transfer pricing ဆိုသည်မှာ ဘုံပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများကြား ဈေးနှုန်းသတ်မှတ်သည့် နည်းလမ်းနှင့် စည်းကမ်းချက်များ ဖြစ်ပါသည်။**

ထိုမျှသာမက ဒစ်ဂျစ်တယ်စီးပွားရေးရှုထောင့်မှ လေ့လာရာတွင် ဝင်ငွေအတော်များများသည် e-commerce လုပ်ငန်းများမှ ရရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် အာဆီယံအခွန်အာဏာပိုင်များသည် e-commerce ရောင်းဝယ်ဖောက်ကားမှုများအပေါ် အခွန် ကောက်ခံရန်အတွက် ဘုံစည်းကမ်းချက်များ (Common set of rules) ထားရှိကျင့်သုံးရန် လိုအပ်ပါသည်။

နိုင်ငံအသီးသီးက ကျင့်သုံးနေသော အခွန်စည်းကြပ်မှုနည်းလမ်းနှင့် စံသတ်မှတ်ချက်နည်းအမျိုးမျိုးကို တစ်ပြေးညီဖြစ်အောင်၊ အားလုံးက လက်ခံသည့် ဘုံစည်းကမ်းချက်များဖြစ်အောင် လုပ်ဆောင်ရန်မှာ အလွန်မလွယ်ကူသောကိစ္စရပ်ဖြစ်နေပြန်ပါသည်။ သို့သော်လည်း အာဆီယံနိုင်ငံများအတွင်း အခွန်တစ်ပြေးညီဖြစ်ရေးကို စတင်ဆောင်ရွက်ခြင်းက ရေရှည်အကျိုးရှိမည့်ကိစ္စကို စတင်ရာရောက်ပါသည်။

မကြာမီက စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း e-commerce ဈေးကွက်အလားအလာကို မြှင့်တင်ပေးရန်အတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ တိုးချဲ့မှုကို ကူညီရန်အတွက်လည်းကောင်း၊ အာဆီယံ e-commerce သဘောတူညီချက်နှင့် ဆန်းသစ်ပြောင်းလဲမှုကွန်ရက် (Innovation network) တို့ကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံဒေသတွင်းဈေးကွက် (Intra-Asean market) ကို ပိုမိုကြီးထွားစေမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ပေါင်းစည်းမှုအားကောင်းသော အသိုက်အဝန်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံသည် အရည်အသွေးရှိခြင်း၊ ယုံကြည်စိတ်ချရခြင်းနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သော နေရာတွင် ရပ်တည်လျက်ရှိခြင်း (Pro-business stance) တို့နှင့်အတူ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။ ထို့ကြောင့် အာဆီယံစီးပွားရေးပေါင်းစည်းမှု၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် စင်ကာပူနိုင်ငံသည် အခွန်တစ်ပြေးညီဖြစ်ရေးကို ဦးဆောင် တွန်းအားပေး ဆောင်ရွက်ရန် အချိန်ကိုက်ဖြစ်ကြောင်းပါခင်ဗျား။

Soruce: businesstimes.com.sg

# အကျိုးရှိသော ပြည်ပအကူအညီ
## အထောက်အပံ့များဖြစ်ပေါ်လာရေး

ဒေါ်နွယ်နွယ်ဝင်း



ယနေ့ ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံနေကြရသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့တိုးတက်လာသည့် ကမ္ဘာကြီးတွင် တစ်နိုင်ငံတည်းသီးခြားရပ်တည်၍ မရတော့ပေ။ အချိန်နှင့် တစ်ပြေးညီ တိုးတက်ပြောင်းလဲနေသော နည်းပညာများအရနိုင်ငံအများနှင့် ပေါင်းသင်းဆက်ဆံကြရမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။ ထို့ကြောင့် ချမ်းသာကြွယ်ဝသော နိုင်ငံများပင်လျှင် တစ်နိုင်ငံတည်း သီးခြားနေထိုင်၍ မရကြတော့သဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရေး ခရီးသွားရောက်ခြင်း၊ အလည်အပတ် သွားရောက်ခြင်း၊ တစ်နိုင်ငံ၏ လိုအပ်ချက်ကို တစ်နိုင်ငံက ကူညီထောက်ပံ့ခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုနိဒါန်းအစပျိုးကြရသည်။

ချမ်းသာကြွယ်ဝသောနိုင်ငံများပင်လျှင် အခြားနိုင်ငံများနှင့် ပေါင်းသင်း ဆက်ဆံနေရသဖြင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့် သာမက ကမ္ဘာ့နိုင်ငံအများစုနှင့် ပေါင်းသင်းဆက်နွှယ်နေပါသည်။ မြန်မာနိုင်ငံသည် စီးပွားရေးအရ အချက်အချာကျပြီး ရေမြေတောတောင်သဘာဝပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို နိုင်ငံအများစုက လက်ခံထားကြပြီးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အပြောင်းအလဲဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်း အစပျိုးမှုမှာလည်း နိုင်ငံအများ၏ စိတ်ဝင်စားမှု၊ စောင့်ကြည့်အကဲခတ်မှုတို့ကို ခံနေရပါသည်။ ထို့ကြောင့် အာရှနိုင်ငံများသာမက အနောက်ဥရောပနိုင်ငံများပါမကျန် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုစိတ်များ ထက်သန်နေကြပါသည်။ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား အချက်အချာကျမှုမှာလည်း ကမ္ဘာ့အလယ်တွင် လွန်စွာမျက်နှာပန်းလှလျက်ရှိပြီး ပြည်ပနိုင်ငံအများစု၏ မြန်မာနိုင်ငံသို့လာရောက် ရင်းနှီးမြှုပ်နှံလိုစိတ်ကို ဆွဲဆောင်လျက်ရှိနေပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကလည်း နိုင်ငံခြားသားများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ပြည်ပနိုင်ငံသားများအား အကာအကွယ် ပေးထားသဖြင့် နိုင်ငံခြားသားအများစု သဘောကျကြပါသည်။ အလားတူ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဥပဒေကလည်း ပြည်ပနိုင်ငံသားများအား လက်လှမ်းခေါ်နေပါသည်။ ပြည်ပနိုင်ငံများသည် မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံရန်အတွက် ပထမဦးစွာ လာရောက်လည်ပတ်ပြီး မြန်မာနိုင်ငံ၏ပကတိအခြေအနေကို လေ့လာသုံးသပ်ကြပါသည်။

ယနေ့ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသော မြန်မာနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေသဖြင့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို ဦးစားပေးမြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ သို့ဖြစ်ပါ၍ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် အစိုးရမူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများကို မြို့နယ်များအလိုက် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး မျိုးဆက်သစ်များ၏ အခြေခံပညာရေးကို ခိုင်မာအောင် တည်ဆောက်နေပါသည်။ ကျန်းမာရေးကဏ္ဍတွင်လည်း ကျေးရွာဆေးပေးခန်းများ၊ မြို့နယ်ဆေးရုံများ၊ ဆေးခန်းများကို ဖွင့်လှစ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြှင့်တင်ပေးနေသည်မှာ နိုင်ငံတကာအသိပင်ဖြစ်သည်။ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကျေးရွာများအထိ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေပါသည်။

မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုတံတားတည်ဆောက်ရန်အလို့ငှာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ပြည်ပနိုင်ငံ့အကြီးအကဲများ၊ ပြည်ပနိုင်ငံ့ခေါင်းဆောင်များမှလည်း ကျွန်ုပ်တို့နိုင်ငံ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရန်အတွက် ချေးငွေများ၊ ငွေကြေးအကူအညီ အထောက်အပံ့များ၊ နည်းပညာအကူအညီများကို ကမ်းလှမ်းလိုကြောင်း ပြောကြားကြသည်။ မြန်မာနိုင်ငံသို့ ကူညီပေးမည့် ချေးငွေများ၊ ငွေကြေးအထောက်အပံ့များနှင့် စပ်လျဉ်းပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဦးဆောင်ဦးရွက်ပြုပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှလည်း နိုင်ငံတော်အတွက် ထိရောက်သော အထောက်အကူပြုသည့် ပြည်ပအကူအညီအထောက်အပံ့များနှင့် ချေးငွေကိစ္စများကို စနစ်တကျ စိစစ်သုံးသပ်ရန်၊ ပြည်သူ့ဗဟိုပြု စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်အတွက် နိုင်ငံခြားဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်ရန်၊ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ကမ်းလှမ်းလာသော ကျွမ်းကျင်မှုအကူအညီများနှင့် ပြည်ပသို့ ပညာသင်များစေလွှတ်ခြင်းဖြင့် အစိုးရ၏ Institutional Development တိုးတက်ရန်အတွက် အထောက်အပံ့ပေးရန် စသည်တို့ဖြင့် ဌာန၏ ရည်မှန်းချက်များ ချမှတ်ထားပါသည်။ ပြည်ပဖွံ့ဖြိုးမှုအကူအညီများ ပိုမိုခိုင်မာစေရန်အတွက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (Development Assistance Policy-DAP) ကို နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန

မှ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သဖြင့် ဖွံ့ဖြိုးမှုအကူအညီများ ဝင်လာမစဲ တသဲသဲ ဖြစ်နေပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံသို့ပေးအပ်မည့် ပြည်ပအကူအညီ အထောက်အပံ့များနှင့် စပ်လျဉ်း၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ပေးနေသည်မှာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများသာမက ကမ္ဘာ့နိုင်ငံအားလုံးနီးပါး သိရှိနေကြပြီဖြစ်ပါသည်။ အဆိုပါ ဖွံ့ဖြိုးမှုအကူအညီများကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသဖြင့် နိုင်ငံအတွက်များစွာအထောက်အကူပြုနေသည်ကိုမျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။

ထိုကဲ့သို့ ခိုင်မာသည့် ရည်မှန်းချက်နှင့် မူဝါဒများချမှတ်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ကမကထပြု ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပုံစံအမျိုးမျိုးသော အကူအညီ အထောက်အပံ့များသည် နေ့စဉ်နှင့်အမျှ တဖွဲဖွဲပင် ဖြစ်နေပါသည်။ အဆိုပါ ပြည်ပအကူအညီ အထောက်အပံ့များကြောင့် ဦးစားပေးကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရေတိုရေရှည် စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများ၏ အထောက်အပံ့ဖြင့် ပညာတော်သင်များ စေလွှတ်ခြင်း၊ ဝန်ကြီးဌာနများ အချင်းချင်းဆက်သွယ်မှု ပိုမိုလွယ်ကူစေရေး အတွက် e-Government စနစ် တည်ထောင်၍ လျင်မြန်မြန်ဆန်သည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခြင်းလုပ်ငန်းများကိုလည်း ကြိုးစားဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်သည်။

ထို့အပြင် ငွေရေးကြေးရေးအကူအညီများသာမက နည်းပညာ အထောက်အပံ့များ၊ ပြည်ပကျွမ်းကျင်ပညာရှင်များကို ပြည်တွင်း၌ သင်တန်းပို့ချခြင်းများ၊ ဌာနဆိုင်ရာများတွင် နှစ်ကာလ အတိုင်းအတာအထိ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များ ပူးတွဲခန့်ထားခြင်းဖြင့်လည်း နည်းပညာများ တိုးတက်စေရေးအတွက် ကူညီထောက်ပံ့ပေးနေသည်ကို မြန်မာနိုင်ငံရှိအစိုးရဌာန အဖွဲ့အစည်းများအားလုံး လက်ခံရယူနေကြပြီ ဖြစ်သည်။

ထိုသို့ ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာနေသော ပြည်ပအကူအညီအထောက်အပံ့များအား နိုင်ငံအတွက်



အကျိုးရှိရှိ အသုံးချနိုင်ရန်မှာ လွန်စွာအရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ပုထုဇဉ်လူသားတိုင်းသည် အကျိုးလို၍ ညောင်ရေလောင်းကြခြင်းသာဖြစ်သည်။ ပြည်ပအကူအညီအထောက်အပံ့သည် အမြဲတမ်းဝင်ရောက်လာနေမည် မဟုတ်သလို ထာဝရ အားကိုးအားထားပြုထိုက်သည့် ဥစ္စာဓနလည်း မဟုတ်ပါ။ ရေ၊ မြေ၊ တော၊ တောင် သဘာဝ သယံဇာတ ပေါကြွယ်ဝသော မြန်မာနိုင်ငံသို့ ပြည်ပအကူအညီများ ထောက်ပံ့ပေးနေခြင်းသည် ၄င်းတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လို၍ အကျိုးလိုသဖြင့် လမ်းခင်းပေးနေခြင်းဖြစ်သည်။

အလားတူ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of South East Asia Nations) အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သဖြင့် အာဆီယံ၏ ပဋိဉာဉ်စာတမ်းပါအချက်များကိုလည်း လိုက်နာဆောင်ရွက်ရပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း တစ်နိုင်ငံ၏ နိုင်ငံရေးကို တစ်နိုင်ငံက အလေးထားဆောင်ရွက်ရေး၊ နိုင်ငံအချင်းချင်း ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှုဆိုင်ရာ ပိတ်ပင်တားဆီးမှုများ လျှော့ချရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ပွင့်လင်းမြင်သာမှုရှိရေး၊ တစ်နိုင်ငံ၏ယဉ်ကျေးမှုကို တစ်နိုင်ငံက အလေးထားရေးတို့ကို လေးစားလိုက်နာရပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊

အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှု ယဉ်ကျေးမှု အသိုက်အဝန်းတို့ကိုလည်း အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှလည်း လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကူးလူးဆက်ဆံရာ၌ နိုင်ငံရေးအရ ပေါင်းသင်းဆက်ဆံပြီးနောက် စီးပွားရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ကြပါသည်။ အာဆီယံ အဖွဲ့ဝင် (၁၀) နိုင်ငံရှိသည့်အပြင် ၎င်း၏ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန်၊ ကုလသမဂ္ဂ၊ ကနေဒါနိုင်ငံတို့နှင့်လည်း မြန်မာနိုင်ငံသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂနှင့် ၎င်း၏ လက်အောက်ခံ အဖွဲ့အစည်းများမှ ငွေကြေးအကူအညီများ ထောက်ပံ့ပေးနေသကဲ့သို့ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့များမှလည်း မြန်မာနိုင်ငံသားများအား နှစ်စဉ် ပညာသင်ဆုများ ချီးမြှင့်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်ပေးခြင်းများ၊ စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံမှလည်း မြန်မာနိုင်ငံသားများအား နှစ်စဉ်လေ့လာရေးခရီးများဖိတ်ခေါ်၍ လူငယ်အချင်းချင်း ရင်းနှီးချစ်ခင်မှု တည်ဆောက်ခြင်းများ စသည်ဖြင့် သွယ်ဝိုက်သော နည်းလမ်းများဖြင့် အကူအညီအထောက်အပံ့များ ပေးအပ်နေသည်။

ယခုအခါ ကျွန်မတို့နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်များကြောင့် အာရှနိုင်ငံများသာမက အနောက်ဥရောပနိုင်ငံများပါမကျန် မြန်မာနိုင်ငံကို ကူညီထောက်ပံ့လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာနေသည်မှာ ကမ္ဘာ့နိုင်ငံများအသိပင်ဖြစ်သည်။ ထိုသို့ကမ္ဘာ့နိုင်ငံအများစုက ပုံစံအမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ဖြင့် ပံ့ပိုးပေးနေသည့် အကူအညီအထောက်အပံ့များကို ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံအတွက် အကျိုးရှိရှိ အသုံးချတတ်ရန်မှာ လွန်စွာအရေးကြီးပါသည်။

ရှေးလူကြီးသူမများ၏ စာဆိုအတိုင်း ‘‘လသာတုန်းဗိုင်းငင်’’၊ ‘‘မိုးရွာတုန်းရေခံ’’ဆိုသည့် စကားပုံအတိုင်း အကူအညီအထောက်အပံ့များ ဝင်ရောက်လာနေသည့်အချိန်တွင် နိုင်ငံအတွက် အကျိုးရှိစွာအသုံးချ၍ နောင်လာနောင်သားများ၏အရေးကို အလေးထားဦးစားပေးဆောင်ရွက်ကြရမည့် တာဝန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့အကြီးအကဲများအနေဖြင့် နောင်လာနောင်သားများ၏ အနာဂတ်အရေးကို ထည့်သွင်းစဉ်းစားပြီး ခိုင်မာသည့် မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ပေးရန်မှာ မလွဲမသွေ လုပ်ဆောင်ရမည့် တာဝန်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များမှလည်း အဆိုပါ ပြည်ပ အကူအညီများကို တန်ဖိုးထား အသုံးချကြရန် လိုအပ်ပါသည်။

ထိုသို့ လူငယ်နှင့်လူကြီး အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်မှသာလျှင် အဖိုးမဖြတ်နိုင်သော ပြည်ပအကူအညီအထောက်အပံ့များ ဖြစ်လာမည်ဖြစ်သည်။ သို့တည်းမဟုတ်လျှင် နောင်မျိုးဆက်သစ်တို့အတွက် ကျွန်မတို့နိုင်ငံသည် ရင်လေးစရာဖြစ်လာပြီး တန်ဖိုးမဲ့သော အကူအညီများ ဖြစ်သွားနိုင်ပါသည်။ သဘာဝသယံဇာတဟူသည် ထာဝရ မှီခိုအားကိုး၍ မရပေ။ ကြိုတင်မှန်းဆမရနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ရာသီဥတုအခြေအနေများကြောင့်လည်းကောင်း သယံဇာတများ ကုန်ခမ်းလာခြင်း၊ လျော့နည်းကျဆင်းလာခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ သဘာဝဘေးအန္တရာယ်ဟူသည် ကြိုတင်ကာကွယ်၍ မရသကဲ့သို့ မှန်းဆရန်လည်း လွန်စွာခက်ခဲလှပေသည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတကာမှ ကမ်းလှမ်းလာနေသော အကူအညီ အထောက်အပံ့များအား နောင်လာနောင်သားများအတွက် ခိုင်မာသည့် အခြေခံအဆောက်အဦများ ဖန်တီး၍ ရေရှည်တည်တံ့အောင် အကျိုးရှိရှိ အသုံးပြုနိုင်မှသာလျှင် ဧကန်မုချမလွဲ ဘက်စုံပြီးပြည့်စုံကာ စီးပွားရေး ခိုင်မာတောင့်တင်းပြီး အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်ထားသော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်လာနိုင်မည် ဖြစ်ပါသည်။




# အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် သက်မွေးပညာ၏အခန်းကဏ္ဍ

ဒေါက်တာညီ

**နိဒါန်း**

နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းများအပါအဝင် မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာဝယ် ကျွမ်းကျင်လုပ်သားအင်အား ရှားပါးမှုပြဿနာသည်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုလမ်းကို အနှောင့်အယှက် အဖုအထစ်များ ဖြစ်ပေါ်စေသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီဥပဒေများကို ခေတ်နှင့်လိုက်လျောညီထွေအောင် ပြုပြင်မိတ်ဆက်ပေးနိုင်ချိန်တွင် သက်မွေးပညာသင်ကျောင်းတို့၏ ကျွမ်းကျင်လုပ်သား / ပညာရှင်တို့၏ အခန်းကဏ္ဍသည် များစွာအရေးပါလာသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအကြားဝယ် ရေပန်းစားသည့် အကြောင်းအရာတစ်ခုမှာ မြန်မာနိုင်ငံ

သည် အခြေခံအဆောက်အဦပိုင်း အားနည်းသလောက် လုပ်သားငှားရမ်းခနှုန်းထားသည် အခြားအာရှနှင့် ဥရောပနိုင်ငံများထက် များစွာလျော့နည်းသည့်အချက်ကြောင့် ဖြစ်သည်။ လူဦးရေသန်းခေါင်စာရင်းအရ သုံးသပ်လျှင်လည်း မြန်မာနိုင်ငံသည် ကမ္ဘာတွင် အလုပ်လုပ်ကိုင်နိုင်သည့် လူငယ်/လူလတ်ပိုင်း ဦးရေသည် စေတီပုံသဏ္ဌာန်ဗိုက်ဖောင်းသည့်အနေအထား (ပိရမစ်ပုံတည်ဆောက်လျှင်) ရှိနေသည်ကို တွေ့ရှိရမည်။ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုရှိရန် ဆောင်ရွက်နေသော်လည်း လုံလောက်ခြင်းမရှိသည်ကို တွေ့ကြရပေမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သား မွေးထုတ်နိုင်သည့်အခြေအနေကောင်းများ ဖန်တီးပေးနိုင်ခြင်းသည် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးရာ ကျပေမည်။

စာရေးသူအနေဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာလူမျိုးများအနေဖြင့် ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူသည့် ဓလေ့ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေလိုခြင်းဖြစ်သည်။

## အလုပ်အကိုင်ဖန်တီးပေးနိုင်မှု

ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ပြီးနောက်ပိုင်း ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ မြန်မာပြည်တွင်းသို့ စီးဝင်လာချိန်များတွင် မြန်မာနိုင်ငံ၏စက်မှုကဏ္ဍသည် ဖွံ့ဖြိုးခဲ့သည်ကို သတိပြုမိကြမည်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းလုပ်ငန်းလုပ်ကိုင်သူများစွာသည် လုပ်ငန်းများရှိရာ မြို့ပြများသို့ ပြောင်းရွှေ့အခြေချ လုပ်ကိုင်လျက် အဆင်ပြေခဲ့ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာစီးပွားရေး ပိတ်ဆို့မှုဖြစ်ခဲ့သည့် နောက်ပိုင်းအချိန်များတွင် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုများသည် ကျဆင်းလာခဲ့ရသည်။ အလုပ်အကိုင် ဖန်တီးပေးနိုင်စွမ်းအား လျော့ကျလာသည့်နည်းတူ မြန်မာပြည်မှတစ်ဆင့် မိမိတို့ဌာနေသို့ ပြန်လည် အခြေချခြင်းမပြုတော့ဘဲ အိမ်နီးချင်းနိုင်ငံများသို့ အလုပ်သမားများအဖြစ် ပြည်တွင်းလုပ်အား ယိုစီးမှုများ စတင်ဖြစ်ပေါ်လာခဲ့ရသည်။ ထို့အတူ ဦးနှောက်ယိုစီးမှုအဖြစ် မြန်မာပြည်မှ ပညာတတ် လူငယ်များ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အာရပ်နိုင်ငံများ စသည်တို့အထိ သွားရောက်လုပ်ကိုင်လျက် မိသားစုအခက်အခဲများကို ရုန်းကန်အားဖြည့်ပေးခဲ့ကြသည်။ ယနေ့အချိန်ထိ ပြည်ပရောက် မြန်မာနိုင်ငံသားများ အနေဖြင့် အလုပ်အကိုင် ဖန်တီးပေးမည့် အခြေအနေနှင့် ရရှိခံစားရမည့် မျှော်မှန်းလုပ်ခလစာတို့ သင့်တင့်စွာ ရရှိနိုင်ရန်လည်း မျှော်လင့်စောင့်စားလျက်ရှိသည်။ တစ်ဖက်တွင်လည်း အခြေခံလုပ်ငန်း ကျွမ်းကျင်သူများမှာလည်း မလေးရှားနှင့် ထိုင်းနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်လျက် မြန်မာနိုင်ငံအနေဖြင့် အလုပ်ခွန်အားများစွာ ဆုံးရှုံးလျက် ရှိသည်။ သို့ရာတွင် နိုင်ငံအတွင်း စီးဝင်လာသော ပြည်ပတွင် လုပ်ကိုင်နေကြသည့် လုပ်သား/ ပညာရှင်များ၏ ပံ့ပိုး မှုငွေများလည်း လည်ပတ်လျက်ရှိသည်ကိုလည်း မမေ့သင့် ပေ။

ထို့အတူ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးကို ဦးတည်လျက်ရှိရာ လယ်ယာလုပ်ငန်းကျွမ်းကျင်လုပ်သားများလည်း ပြောင်းရွှေ့လုပ်သားများအဖြစ် မြို့ပြများနှင့် နိုင်ငံရပ်ခြားသို့ ယိုစီးမှုများလည်းရှိနေသည်။ ထိုသို့ဆိုလျှင် လိုအပ်သော လုပ်သားအင်အားနေရာတွင် အစားထိုးနိုင်မည့် စနစ်များလည်း မလွဲမသွေ လိုအပ်နေပေသည်။

အထက်ဥပမာများ၏ ပြဆိုမှုများကို ကြည့်လျှင် အထင်သားမြင်ရမည်မှာ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေး



သည် အရေးပါသကဲ့သို့ ပြည်တွင်းရှိ လူငယ်/လူလတ်ပိုင်း များကို သက်မွေး ပညာတစ်ခုခု တတ်မြောက်ကျွမ်းကျင် အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဆိုပါလျှင် ၎င်းတို့ ဘဝရပ်တည်နိုင်မှုနှင့် နိုင်ငံအတွက် လိုအပ်သော ကျွမ်း ကျင်လုပ်သား/ပညာရှင်များ နေရာတွင် အစားထိုးလာနိုင် မည်လည်းဖြစ်သည်။

အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတွင် တစ်ပိုင်တစ်နိုင် လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များမှသည် အကြီးစားစီးပွားရေးလုပ်ငန်းများအထိ စီးပွား ရေးလုပ်ငန်း ထိထိရောက်ရောက်လုပ်ကိုင်နိုင်မည့် ပေါ်လစီ နှင့် လက်တွေ့ပံ့ပိုးပေးမှု အစီအစဉ်များကို နိုင်ငံတော်မှ ဖန်တီးဖြည့်တင်းပေးနိုင်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင် များအား ထုတ်ကုန်/ ထွက်ကုန်များ ဖြန့်ဖြူးရောင်းချနိုင်ရန် ဈေးကွက်များလည်း ဖန်တီးပေးနိုင်ရန်လည်းလိုအပ် ပေမည်။ ကုန်စည်စီးဆင်းမှုရှိမှသာ လုပ်ငန်းခွင်သုံးငွေများ လည်ပတ်နိုင်မည်ဖြစ်ပြီး လုပ်ငန်းတိုးချဲ့နိုင်သလောက် လုပ်ငန်းလိုအပ်သည့် လုပ်သားများလည်း ပိုမိုခန့်ထားနိုင် မည်။

လက်ရှိအနေအထားအရနယ်စပ်ကုန်သွယ်မှုအပါ အဝင် ပြည်ပပို့ကုန်ကဏ္ဍများတွင် လုပ်ငန်းရှင်များ အသက် ရှူချောင်စေမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန် ချက်များကို နိုင်ငံတော်မှထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့ အတူ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် ရင်းနှီး မြှုပ်နှံလာမည့်သူများအတွက် ကောင်းမွန်သော စီးပွားရေး ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရန်လည်း အစဉ် ဂရုပြု အားပေးလျက်ရှိနေပေသည်။

### သက်မွေးပညာ၏အရေးပါမှု

မြန်မာနိုင်ငံကိုကြည့်လျှင် ၁၉၉၅ ခုနှစ် မတိုင်မီ ကာလများအထိ သက်မွေးပညာသင်ကျောင်းများ ကျယ် ကျယ်ပြန့်ပြန့်ထွန်းကားခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး စက်မှု (အ·ထ·က)များ၊ စိုက်ပျိုးရေး(အ·ထ·က) များသည် ၁၉၉၆ နောက်ပိုင်းကာလများတွင် ငြိမ်သက်နေခဲ့သည် ဆိုရပေမည်။ အခြေခံပညာ ၈ တန်းအောင်မြင်သူများကို ရွေးချယ်တက်ရောက်ခွင့်ပေးခဲ့ပြီး နိုင်ငံပိုင် စက်ရုံအလုပ်ရုံ များတွင် ကျွမ်းကျင်သူများအဖြစ် အလုပ်ခန့်ထားခြင်း အပါအဝင် ထူးချွန်သူများကိုလည်း ပညာဆက်လက် သင် ကြားခွင့်များပါ ပေးခဲ့သည့်အတွက် အတတ်ပညာရှင်အဆင့် အထိ ထူးချွန်ပေါက်မြောက်ခဲ့သူများလည်း ရှိခဲ့သည်ကို တွေ့ကြရသည်။ ထို့အတူ ၂၀၁၆ နောက်ပိုင်းကာလများတွင် လည်း နိုင်ငံတော်မှ သိပ္ပံကျောင်းများမှ ထူးချွန်သူများကို ဆရာအတတ်သင်များအဖြစ် မွေးထုတ်ပေးခဲ့ပြီး မျိုးဆက် ပြတ်တောက်နေမှုကို အားဆက်ပေးခဲ့ကြသည်။

**”**

**နိုင်ငံတော်မှလည်း အခြေခံပညာ ၈ တန်း နှင့် ၁၀ တန်းအောင်မြင်သူများအား အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများအား နိုင်ငံတကာအကူအညီများ ရယူ၍လည်းကောင်း၊ နိုင်ငံတော်မှ စိုက်ထုတ်လျက်လည်း ကောင်း အားပေးလျက်ရှိနေသည်ကို တွေ့ရပေမည်။**

မြန်မာနိုင်ငံ၏ ကျွမ်းကျင်လုပ်သား/ အတတ် ပညာရှင်များ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော စနစ်သည် ငယ်စဉ်ကပင် သက်မွေးပညာသင်ကျောင်းများမှ မွေးထုတ်ပေးလိုက်ခြင်းသည် သက်မွေးပညာသင်သူများ အဖို့နှင့် နိုင်ငံတော်အတွက် အချိန်နှင့် ငွေကြေးကုန်ကျမှု နည်းပါးသက်သာစေရုံသာမက ငယ်ငယ်ရွယ်ရွယ်နှင့်ပင် တတ်သိနားလည် လုပ်ငန်းကျွမ်းကျင်သူများအဖြစ်သို့ ရောက်ရှိစေသည်။ ဥပမာ- လက်ရှိကာလတွင် ထိရောက်စွာ သင်ကြားပေးနေသော ဆရာအတတ်သင်ပညာရေးကောလိပ် များသည် အကောင်းဆုံးဥပမာများပင် ဖြစ်သည်။ ဘွဲ့ရပြီး

အခါမှ အလုပ်ခွင်ဝင်ခွင့်သင်တန်း/လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ ပြန်လည်သင်ကြားပေးနေရခြင်းထက် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများမှ တိုက်ရိုက်ပြုစုမွေးထုတ်ပေးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း အချိန်တိုတိုဖြင့် လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် လူ့စွမ်းအားအရင်းအမြစ်ကို ဆတိုးရရှိပေလိမ့်မည်။

ယခုအခါ နိုင်ငံတော်မှလည်း အခြေခံပညာ ၈ တန်းနှင့် ၁၀ တန်းအောင်မြင်သူများအား အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများအား နိုင်ငံတကာအကူအညီများ ရယူ၍လည်းကောင်း၊ နိုင်ငံတော်မှ စိုက်ထုတ်လျက်လည်းကောင်း အားပေးလျက်ရှိနေသည်ကို တွေ့ရပေမည်။ သို့ရာတွင် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ် ပမာဏရရှိထုတ်လုပ်နိုင်သည်ကား မရောက်နိုင်သေးချေ။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် လက်တွေ့ဘဝတွင် အထောက်အကူဖြစ်စေသော၊ ဘဝရပ်တည်မှုကို အထောက်အကူဖြစ်စေသော သက်မွေးပညာများကို အားပေးချီးမြှင့်သည့်စနစ်ဖြစ်ရမည့်အပြင် ဘွဲ့ရသူများကိုလည်း လုပ်ငန်းခွင် ကျွမ်းကျင်သူများဖြစ်အောင် မိမိတို့သင်ကြားတတ်မြောက်သည့် ဘာသာရပ်များကို အသုံးချနိုင်သည်အထိ လေ့ကျင့်ပေးနိုင်သော ပညာရေးစနစ်မျိုးလည်း ဖန်တီးပေးသင့်သည်။ မည်သို့ဆိုစေ သက်မွေးပညာရပ်များကို သီးသန့်ပြုစုပျိုးထောင်ပေးရုံမက ပြည်သူများ စိတ်ပါဝင်စားလာအောင်လည်း ဆွဲဆောင်သိမ်းသွင်းကြရန်လည်း လိုအပ်နေသေးသည်ကို သတိပြုသင့်ကြပေသည်။

## ဟန်ချက်ညီပါမှ

နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးမူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန်မှာ ဟန်ချက်ညီပညာရေးစနစ်နှင့် စီးပွားရေးစနစ်အပေါ် ပြည်သူများမှ သက်ဝင်ယုံကြည်မှုများဖြင့် ကူညီဖြည့်ဆည်းပါမှသာ ရှေ့တိုးအကောင်အထည်ဖော်ဆောင်နိုင်မည်လည်းဖြစ်သည်။

နိုင်ငံတိုင်းတွင် သက်မွေးပညာကို အားပေးရန် နိုင်ငံတော်အစိုးရများက အထူးတွန်းအားပေး လုပ်ဆောင်ခဲ့ရသည့် သာဓကများစွာလည်းရှိသည်။ ပညာရေးစနစ်သည် သက်မွေးပညာရပ်များကို အခြေခံသောစနစ်သာဖြစ်သင့်သည်ကို လူတိုင်းယုံကြည်သည်။ မိမိတတ်မြောက်သော ပညာရပ်တစ်ခုကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်ရပေမည်။ အသုံးချခွင့်များလည်း ပေးကြရမည်ဖြစ်သည်။ သို့မှသာ လုပ်ငန်းခွင်တွင် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ ဟန်ချက်ညီ လုပ်ဆောင်အကောင်အထည်ဖော်ခြင်းသည် နိုင်ငံတော်တိုးတက်ရေးအတွက် စွမ်းအားအဖြစ် ရောက်ရှိလာပေမည်။

## နိဂုံး

နိုင်ငံတော်မှ လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရေးကို အကောင်းဆုံး ပံ့ပိုးပေးနိုင်သောစနစ်သည် သက်မွေးပညာပင်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ရှေးရိုးစွဲဖြစ်သည့် ဘွဲ့လေးတစ်ခုတော့ရမှ ဖြစ်မည်ဆိုသောအမြင်ထက် ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုနိုင်သော သက်မွေးပညာ၏ အခန်းကဏ္ဍကို ပိုမိုသိမြင်လာနိုင်ရန်လည်း နိုင်ငံတော်မှ ချပြပေးရန်လိုအပ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေါ်ပေါက်လာပါကလည်း မိမိနိုင်ငံသားများ အလုပ်အကိုင်ရရှိစေမည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရန်လည်း အရေးကြီးလှပေသည်။ သို့ဖြစ်ပါ၍ လက်ရှိနိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်နေသော သက်မွေးပညာသင်ကျောင်းများ၏ အခန်းကဏ္ဍများကို ချဲ့ထွင်လျက် နိုင်ငံတော်အတွက်လိုအပ်သော ကျွမ်းကျင်လုပ်သားများ/အတတ်ပညာရှင်များ ဆတက်ထမ်းပိုး မွေးထုတ်ပေးနိုင်ပါစေကြောင်း ဤဆောင်းပါးဖြင့် တိုက်တွန်းလိုက်ရပါသည်။

# ဘဝအတွေ့အကြုံတွေ (၈)

ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှ
ဘွဲ့ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။



### ပြည်နယ်ကောင်စီ၊ ပြည်နယ်စီမံကိန်းရုံးနဲ့ စစ်တွေမြို့

မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ၊ မြို့နယ်ကောင်စီဥက္ကဋ္ဌ၊ စစ်တွေမြို့သို့ လုပ်ငန်းကိစ္စအတွက်သွားရင် မြို့နယ် စီမံကိန်းမှူး အမြဲလိုက်ရတယ်၊ လေယာဉ်လက်မှတ်ရောင်းမည့် စာရင်းမှာ နံပါတ် (၁) ဥက္ကဋ္ဌ၊ နံပါတ် (၂) စီမံကိန်းမှူး၊ အဲဒီလောက်အရေးပါတယ်၊ အရာလည်းရောက်ခဲ့တယ်။

ဒေသပါတီ ဥက္ကဋ္ဌ၊ ပြည်နယ်ကောင်စီဥက္ကဋ္ဌတို့နဲ့ ပြည်နယ်စီမံကိန်းမှူးက အဆင်ပြေတယ်၊ သံတွဲ စီမံကိန်းမှူးက ငပလီကို အကြောင်းပြုပြီး လူကြီးများလာရင် ဧည့်ခံကောင်းတော့ ပို့-ကြို-ကျွေး ဘွဲ့ရထားတယ်၊ ဧည့်သည်တော်တွေကို လိုက်ပို့တယ်၊ ကြိုဆိုတယ်၊ ဧည့်ခံ ကျွေးမွေးတာကို ပို့-ကြို-ကျွေးလို့ခေါ်တယ်။

သံတွဲစီမံကိန်းမှူးစစ်တွေသွားရင်ဒေသထွက်ကုန် ငပလီအုန်းဆီ၊ ငနီတူ၊ လက်ဆောင်များယူသွားတယ်၊ သံတွဲစားဖျော်က Run တစ်ပုလင်း ၃ဝိ နဲ့ဝယ်သွားတယ်၊ စစ်တွေရောက်ရင် တစ်ပုလင်း ၂ဝဝိ ဖြစ်သွားတယ်၊ စစ်တွေပြည်နယ်ကောင်စီအစည်းအဝေးပြီးရင် ကုန်သွယ်ရေးမှ ပစ္စည်းဝယ်ယူခွင့် ပါမစ်တွေ ရသေးတယ်၊ အိမ်မိုးသွပ်ပြား (၁၀) ချပ်၊ ဒူးယားစီးကရက် ၂ တောင့်၊ သကြား ၅ ပိဿာ၊ နို့ဆီ ၁၂ လုံးပါမစ် လက်လွှဲရောင်း အမြတ်ငွေ အသားတင်ရတယ်၊ စစ်တွေမှပြန်ရင် မောင်တောဘက်ကဝင်တဲ့

မက်တိုဘာ၊ အလုကုန်ပစ္စည်းတွေဝယ်ပြီး သံတွဲသို့ သယ်သွားပြီး ပြန်သွင်းတော့ အမြတ်ရလိုက်သေး Eco ဘွဲ့ရဆိုတော့ စီးပွားရေးက လုပ်လိုက်သေးတယ်။

သံတွဲစီမံကိန်းမှူးက ငပလီအုန်းဆီ၊ ငနီတူမျက်နှာကြောင့် စစ်တွေမှာ ညနေတိုင်း BE နဲ့ ဧည့်ခံသူများက ဝိုင်းဝိုင်းလည်လို့နေတယ်၊ လေယာဉ်လက်မှတ်ဆိုလည်း ရှေ့ဆုံးကရတယ်၊ တစ်ခါတစ်ရံ လေယာဉ်နဲ့မပြန်ဘူး၊ သံတွဲ၊ တောင်ဂုတ်၊ ဂွ ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ သုံးယောက်ပေါင်းပြီး၊ စစ်တွေမှ တောင်ဂုတ်သို့ ဘုတ်နဲ့ ပင်လယ်ပြင်က ပြန်လိုက်သေး၊ လိုတဲ့ဒီဇယ်ကို ပြည်နယ်ကောင်စီ ဥက္ကဋ္ဌထံ တောင်းယူတယ်၊ ဘုတ် (စက်လှေ) တွေကလည်း ဒီဇယ်ကို ပိုပိုလျှံလျှံပေးရင် လိုက်ပို့ချင်ကြတယ်။ လမ်းတစ်လျှောက်စားရေး၊ သောက်ရေးပါ စက်လှေက တာဝန်ယူတယ်၊ ရေမီးအစုံပေါ့။

## သံတွဲမှာ (၆) နှစ်ကြာသွားတယ်၊

၁၉၈၆ ခုနှစ်၊ ဧပြီလမှာ သံတွဲရောက်တယ်၊ မေလကုန်မှာ မိုးအကြီးအကျယ်ရွာတယ်၊ မိုးရွာတာက တစ်ပါတ်လုံး နားလိုက်၊ ရွာလိုက် ဘယ်မှလည်းသွားစရာမရှိ စိတ်ပျက်လို့ အလုပ်ထွက်မယ် ရန်ကုန်ပြန်မယ်လို့ စိတ်ကူးပေါ်လာတယ်၊ နောက်ပိုင်း ပါတီကောင်စီက လူတွေနဲ့ ခရီးထွက်လိုက်၊ အရက်သောက်လိုက်နဲ့ ပျော်လာတယ်၊ စနေ၊ တနင်္ဂနွေမှာ ငပလီသွားပြီး ဌာနဆိုင်ရာတွေစုပြီး ဖဲရိုက်လိုက်၊ အရက်သောက်လိုက်၊ ရေဆင်းကူးလိုက်နဲ့ တနင်္လာနေ့ နံနက်မှ ရုံးတက်ဖို့ သံတွဲပြန်လာတယ်။ နောက်ပိုင်း ၁၉၈၇ ခုမှာ သံတွဲကို ရောက်လာတဲ့ ဆရာဝန်နဲ့ အင်ဂျင်နီယာလူပျိုတွေနဲ့ တွဲမိတော့ ပိုပျော်သွားတယ်၊ ဆရာဝန်လေး ဆေးခန်းဖွင့်ဖို့ နေရာရွေးတာကအစ နေ့စဉ် ဆေးခန်းတိုကင်ပေးတာအထိ ဝိုင်းကူပေးတယ်၊ ဆေးခန်းပိတ်သည်အထိ ထိုင်စောင့်တယ်၊ ပြီးမှဆရာဝန် လက်ဆောင်ရတဲ့ အရက်၊ ကြက်ဥတို့နဲ့ ပွဲတော်တည်တယ်၊ ပျော်သလားမမေးနဲ့။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လမှာ အရေးအခင်းဖြစ်တယ်၊ တပ်မတော်ကတာဝန်ယူပြီး မဝတအဖွဲ့ တက်လာတယ်၊ ဥက္ကဋ္ဌ ဗိုလ်မှူးချစ်သန်းက Eco က သူငယ်ချင်းဆိုတော့ စီမံကိန်းမှူး နေရာတကာပါပြန်တယ်၊ မြို့နယ်ရဲ့ လုပ်ငန်းကော်မတီများဖြစ်တဲ့ ကုန်စျေးနှုန်းကျဆင်းရေးကော်မတီ၊ ဖွံ့ဖြိုးကြပ်ရေးကော်မတီစတဲ့ ကော်မတီတွေမှာ စီမံကိန်းမှူးက အတွင်းရေးမှူးဖြစ်ပြန်တယ်၊ ယခင်တုန်းက စီမံကိန်းမှူး စျေးထဲသွားလို့ နှုတ်ဆက်မည့်သူ မရှိ၊ ကော်မတီအတွင်းရေးမှူးလည်းဖြစ်ရော ခေါ်ချင် ပြောချင်မိတ်ဆွေဖွဲ့ချင်သူတွေ အပုံအပင်၊ သံတွဲရောက်ခါစ စီမံကိန်းမှူးစျေးဝယ်တော့ ဝက်သား တစ်ပိဿာ ၃ဝိ အရိုးကပါသေး၊ ကုန်စျေးနှုန်းကျဆင်းရေး ကော်မတီအတွင်းရေးမှူးလည်းဖြစ်ရော ဝက်သား တစ်ပိဿာ ၃ဝိ ပေးလိုက်တယ် အသားတွေပဲ ထည့်ပေးလိုက်တယ်လို့ ဆိုင်ရှင်က ပြောလိုက်တယ်၊ အိမ်ရောက်တော့ ဝက်သားအထုပ်ထဲမှာ ငွေ ၃ဝိ ပြန်ပါလာတယ်၊ ပြန်ပေးလည်း မရ၊ ဩော် ရာထူးကြောင့် ကုန်စျေးနှုန်းလည်း ကျလေပြီးတကား၊ ဒါကြောင့် နယ်မှာ ပျော်ကြတာလား၊ အာဏာကိုလိုချင်ကြတာလည်း အိုးဟိုး ဒါကြောင့်ကိုး။

၁၉၈၉ ခုနှစ်၊ မြို့နယ်စီမံကိန်းရုံးတွေကို မြို့နယ်စု (ခရိုင်)ရုံးအဖြစ် ဖွဲ့စည်းစေတယ်၊ တောင်ဂုတ်၊ ဂွမှ မြို့နယ်စီမံကိန်းတာဝန်ကို သံတွဲခရိုင်မှ တာဝန်ယူဆောင်ရွက်ရတယ်။ သုံးလတစ်ခါ တောင်ဂုတ်နဲ့ ဂွကို သွားရတယ်။ ဂွမြို့နယ်ကို သွားတဲ့အခါ RTC မှ TE ကားနဲ့ နံနက် ၇ နာရီ သံတွဲမှထွက်တယ်၊ ည ၉ နာရီမှာ ဂွမြို့ကို ရောက်တယ်၊ အကွာအဝေးကတော့ မိုင် ၈၀ ပါ၊ ကားရှေ့ဆုံး ယာဉ်မောင်းဘေးမှာ နေရာရအောင် RTC ဌာနမှူးကို ကြိုတင် Booking လုပ်ရတယ်။ နောက်မှာခရီးသည်များတင် ထားတာ လူပဒေသာလို့ ထင်ရတယ်။ တစ်နေ့တစ်စီးသာရှိတဲ့ လိုင်းကားဖြစ်တယ်။ လမ်းမှာ ရဟန်းသံဃာက ကားကိုတားရင် ရှေ့ခန်းမှနောက်ကိုပြောင်းပြီး သံဃာကို ဦးစားပေးရတယ်၊ ညရောက်တော့ စားစရာမရှိ၊ တည်းခိုခန်းသွားအိပ်ရတော့တယ်။ မနက် ၅ နာရီထပြီး RTC ကားဂိတ်မှာ ထမင်းကြော်နဲ့ အာရုဏ်ဘုန်းရတော့တယ်။

၁၉၉၀ ခုနှစ်၊ ပထမအကြိမ် ပါတီစုံရွေးကောက်ပွဲအတွက် ကော်မရှင်အဆင့်ဆင့် ဖွဲ့ကြတယ်။ ပြည်နယ်စီမံကိန်းမှူးက ပြည်နယ်ကော်မရှင်အတွင်းရေးမှူး၊ မြို့နယ်စု (ခရိုင်) စီမံကိန်းမှူးက မြို့နယ်စု ကော်မရှင်အတွင်းရေးမှူး၊ မြို့နယ်စီမံကိန်းမှူးက မြို့နယ်ကော်မရှင် အတွင်းရေးမှူး

အသီးသီး နေရာရကြတယ်၊ ခရိုင်ကော်မရှင် အတွင်းရေးမှူး အနေနဲ့ တောင်ဂုတ်၊ ဂွသွားရင် အထူးဧည့်ခံကြတယ်၊ RUN နဲ့ BE၊ ဗဟိုကော်မရှင် (ရန်ကုန်)သို့ ရုံးသုံးပစ္စည်းမျိုးစုံ သွားထုတ်ရတယ်။

လမ်းပန်းဆက်သွယ်ရေးကြောင့် သယ်ပို့စရိတ်ကြီးတယ်ဆိုပြီး ၃၂ လမ်း (ရန်ကုန်)မှာ အကုန် ရောင်းလိုက်ကြတယ်၊ ရခိုင်နဲ့ချင်းက ကော်မရှင်အဖွဲ့ဝင်တွေဖြစ်တယ်၊ နယ်ရောက်မှ ပြန်ဝယ်သုံးကြတယ်၊ ဘာစနစ်လည်းမသိဘူး။ ၁၉၉၁ ခုနှစ် သံတွဲမြို့နယ် မ–ဝ–တ ဥက္ကဋ္ဌ ဗိုလ်မှူးသန်းထူး ရောက်လာတော့လည်း အဖွဲ့ကျပြန်တယ်။ ခက်တာက သူနဲ့ခရီးသွားရင် အရက်မသောက်ရဘူး၊ သူက လက်ဖွဲ့၊ ပရိတ်၊ ဂါထာ စသည်တို့ကို အားကိုးတဲ့သူ၊ မြို့ကွက်သစ်ဖော်ထုတ်ခြင်း၊ မြို့နယ်ဓမ္မာရုံ တည်ဆောက်ခြင်း၊ ရန်ကုန်မှ ရုပ်ရှင်အဖွဲ့ခေါ်ပြီး ရန်ပုံငွေရှာခြင်း ကိစ္စတွေမှာ စီမံကိန်းမှူးနဲ့ စာရင်းရုံး ဦးစီးမှူးက ဘဏ္ဍာရေးမှူးနဲ့ အတွင်းရေးမှူး တစ်လှည့်စီ လုပ်လိုက်ပေါ့၊ ဧည့်သည်တွေကို ငပလီမှာ ဧည့်ခံလိုက်၊ ကြိုလိုက်၊ ပို့လိုက်၊ ပျော်လို့မဆုံး။ ၁၉၉၂ ခုနှစ် ခလရ(၅၅)တပ်ရင်းမှူးက ဆရာဦးစောလွင် (DDG စီမံကိန်း) နဲ့ သူငယ်ချင်းဆိုတော့ စီမံကိန်းမှူးက နေရာတကာ ပါလေရာလို့ ဒေသခံတွေက ပြောကြပြီး မဝတ အတွင်းရေးမှူးလုပ်ရန် ကိုယ်ရေးရာဇဝင်တောင်းတယ် ရခိုင်ပြည်နယ်မှာ မြို့နယ်အခွန်ဦးစီးမှူးလုပ်ချင်ရင် စီမံကိန်းမှူးတွေ ပြောင်းခွင့်ပေးတယ်၊ အဲဒီ(၂)ခုလုံး မလုပ်ချင်ဘူး၊ ရန်ကုန်ပြောင်းမယ်၊ ပညာတော်သင်ဖြေမယ်၊ နိုင်ငံခြားသွားမယ် ပေါ့၊ ကျူရှင်ဆရာဘဝက စုဆောင်းငွေရယ်၊ သံတွဲက အမွေရတဲ့အိမ်ကို ရောင်းရငွေရယ် ပေါင်းပြီး ရန်ကုန်မှာ ၁၂ ပေခွဲ ပေ ၄၀ တိုက်ခန်းလေး ဝယ်လိုက်တယ်။

## ရန်ကုန်ပြန်ရောက်ပြီ

ရန်ကုန်ရုံးချုပ်က သူငယ်ချင်းတွေအနက် ပညာတော်သင်ရသူရ၊ အလုပ်ထွက် ပြည်ပသွားသူ သွားကြ၊ နယ်မှာဆက်နေရင် အရက်သမားဖြစ်တော့မယ်၊ ဒါကြောင့် ရန်ကုန်(ရုံးချုပ်)ပြောင်းဖို့ လူကြီးတွေကိုပြောပြီး ရခိုင်မှာ (၆)နှစ်နေပြီးပြီဆိုတော့၊ ရန်ကုန်ရုံးချုပ်ကို ပြောင်းပေးပါတယ်၊ ရန်ကုန်ရောက်တော့ ကျူရှင်ပြန်ပြတယ်။ ယခင်ကိုယ်သင်ခဲ့တဲ့ ငြိမ်းနည်းပြ၊ အားမာန်နည်းပြတွေမှာပဲ၊ တက္ကသိုလ် စာပေးစာယူ သင်တန်းတွေမှာ စာရင်းအင်းပညာကိုပဲ ပြန်သင်တယ်၊ အခြားကျောင်းတွေမှာ ကိုယ့်ထက်စွမ်းတဲ့ လူငယ်ကျူရှင်ဆရာတွေ ပေါ်နေပြီး ကိုယ့်အသက်က (၄၂) နှစ်၊ ယခင်လို သင်ကြားရေးမှာ မသွက်တော့ဘူး၊ ဒါကြောင့် ဦးတင်ဝင်းအောင် (MCC) မှာ LCCI (Level III Business Statistics)သွားသင်တယ်၊ အင်္ဂလိပ်လိုသင်ရတော့ ပိုပြီးကောင်းတယ်၊ ဘိုလိုပြောတဲ့ အလေ့အကျင့်ရတယ်။

## ရုံးချုပ်ကုန်ပစ္စည်းညှိနှိုင်းရေးကဏ္ဍ

ရုံးချုပ်ရောက်တော့လည်း စီးပွားရေးစနစ်ပြောင်းတော့၊ ယခင်ဆိုရှယ်လစ် စီမံကိန်းလို အလုပ်က သိပ်မရှိတော့ဘူး၊ ထိပ်ပိုင်းလူကြီးတွေကအစ စီမံကိန်းရုံးတွေ မလိုတော့ဘူး ပြောလိုပြော၊ စီမံကိန်းမှူးတွေလည်း ပြည်တွင်းအခွန်များဦးစီးဌာန ပြောင်းသူပြောင်းကြ၊ မဝတ အတွင်းရေးမှူး လုပ်ချင်သူကလုပ်ကြ၊ ရုံးချုပ်မှာလည်း နံနက်ရုံးတက် လက်မှတ်ထိုးပြီး သွားချင်ရာသွားကြ၊ ရုပ်ရှင် ထွက်ကြည့်သူကြည့် ဈေးထွက်ဝယ်သူဝယ်၊ ၄၂ လမ်း အရက်သွားသောက်သူကသောက်၊ MIC ပြောင်းသူက ပြောင်းကြ။

## ဘာလုပ်မှာလဲ၊ ဘယ်ပြောင်းမှာလဲ

လှိုင်မြို့နယ်၊ သံလမ်း၊ တိုက်ခန်းလေးထဲမှာ လူ ၅ ယောက်နေတယ်။ နယ်မှာလို အနေအစားက မကောင်းတော့ အပြောခံရပြီ၊ နင့်ယောကျ်ားက ရူးနေလားမသိဘူး၊ မဝတ အတွင်းရေးမှူးလည်း မလုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာနလည်းမပြောင်း ကြောင်နေတာတဲ့ အဲ့ဒီတော့ ကျူရှင်ဆရာပြန်လုပ်တော့လည်း ယခင်လို အလုပ်မဖြစ်တော့။

အဲဒီတော့ အချိန်မဖြုန်းတော့ဘဲ ဈေးကွက်စီးပွားရေးစနစ်နဲ့ ကိုက်ညီတဲ့ DMA သင်တန်း တက်တော့မယ်၊ ပညာတော်သင်ဖြေမယ်လို့ ဆုံးဖြတ်လိုက်တယ်၊ DMA မှာ အင်္ဂလိပ်လို ဖြေရတယ်၊ အဲဒီတော့ ပညာတော်သင် စာမေးပွဲ ဆက်တိုက် အောင်တယ်၊ သွားခွင့်မရဘူး၊ (၇)ကြိမ်အောင်တယ်။ တော်ပြီ MIC ပြောင်းမယ်၊ DICA ဖွဲ့စည်းပုံ ကျတော့မယ်တဲ့၊ DICA မှာ အမျိုးသား ဝန်ထမ်းလိုကြောင်း လူကြီးတစ်ယောက်က လမ်းပြတယ်။ အဲဒီတော့ စီမံကိန်းရေးဆွဲ

ရေးမှတစ်ဆင့် MIC ပြောင်းဖို့ လျှောက်လွှာတင်လိုက်တယ်။ လူတွေ့ခေါ်စစ်တယ် DMA ပထမပိုင်းကို ဂုဏ်ထူး ၃ ခုနဲ့ အောင်တယ်။ မြို့နယ်စီမံကိန်းမှူး ရခိုင်မှာ (၆)နှစ်လုပ်ခဲ့တော့ ကြိုက်တယ် ရွေးတယ်ပေါ့။

## DICA ရောက်ပြီ

DICA စီမံသို့ သတင်းပို့ရတယ်၊ ဌာနခွဲတွေ အသီးသီးချပေးတယ်။ ရင်းနှီး-၁ (နိုင်ငံခြား)၊ ရင်းနှီး-၂ (မြန်မာနိုင်ငံသား)၊ ကုမ္ပဏီမှတ်ပုံတင်၊ စီမံ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး (IT)စသည်ဖြင့် တာဝန်ချရာ ITတွင် တာဝန်ကျသည်။ ITတွင်တာဝန်ခွဲရာ WTO DESK တာဝန်ယူရသည်။ ဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၏ ပြည်ပဧည့်သည်များ ကြိုခြင်း၊ လိုက်ပို့ခြင်း၊ ဧည့်ခံခြင်းစသည့် တာဝန်များလည်း ထမ်းဆောင်ရသည်။ ဧည့်သည်တော် စင်ကာပူ ကုန်သွယ်ရေးဝန်ကြီး မစ္စတာယိုကျောက်တောင်အား အနီးကပ် တာဝန်ယူရသည်။ အင်းယားလမ်းအစိုးရဂေဟာမှာ အတူနေရသည်။ ဧည့်ခံကျွေးမွေးရေးကို အင်းယားလိပ် ဟိုတယ်အဖွဲ့ပါ အချိန်ပြည့် တာဝန်ယူသည်။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် WTO မြန်မာကိုယ်စားလှယ်ရုံးဖွင့်မည်။ ဒုတိယအတွင်းဝန်အဆင့်တစ်ဦး စေလွှတ်မည်။ DICA မှ IT SECTION က WTO DESK ကိုင်သူ မောင်ကျော်ဒွန်းကို လွှတ်ရမည်။

သို့သော် တရားမျှတမှုရှိစေရန် ရေးဖြေစာမေးပွဲကျင်းပရမည်ဟု ဝန်ကြီးမှ ညွှန်ကြားသည်။ INVESTMENT မှ ဦးစီးအရာရှိများနှင့်အတူ စာမေးပွဲဖြေရသည်။ မိမိက WTO DESK Officer ဖြစ်သောကြောင့် ဘာသာရပ်ကို အထူးထပ်မံ လေ့လာရန်မလိုတော့ ဝန်ကြီးဧည့်တွေ့မှတ်တမ်းမှ ဝန်ကြီးပြောသော မိန့်ခွန်းများကို ဖတ်သည်။ ကျက်သည်။ DMA Second Year မှာလည်း အင်္ဂလိပ်လိုဖြေ၊ အရှိန်ရနေတော့ ၁၀ ဦး ယှဉ်ဖြေတာ ပထမရသည်။ ဂျီနီဗာသွားဖို့ အရွေးခံရသည်။

## ပထမဦးဆုံး ပြည်ပခရီး တစ်ယောက်တည်း

ဂျီနီဗာတွင် WTO ရုံးဖွင့်မည့်သူဖြစ်လို့ ဂျီနီဗာကိုလွှတ်ပြီ၊ UNCTAD အစည်းအဝေးတက်ရန် မြန်မာပြည်မှ တစ်ယောက်တည်း သွားရတယ်။ ရန်ကုန်မှ ဘန်ကောက်လေဆိပ်၊ ဘန်ကောက်လေဆိပ်မှာ ငါးနာရီစောင့်၊ ည (၁၁) နာရီမှ KLN လေကြောင်းလိုင်းနဲ့ နယ်သာလန်၊ အမ်စတန်ဒန်လေဆိပ်ရောက်သည်။ (၂) နာရီခန့် လေဆိပ်မှာနား၊ AIR FRANCE နဲ့ ပြင်သစ်၊ ဒီဂေါ လေဆိပ်ရောက်သည် ထိုမှ တစ်ဆင့် ပြည်တွင်းလေကြောင်းလိုင်းဖြင့် ဂျီနီဗာ၊ ဆီဖူးလေဆိပ် ရောက်သည်။ မြန်မာသံရုံးမှ ဦးထွန်းအုံ၊ ဦးကျော်တင် (ယခုဝန်ကြီး)တို့ ဆင်းကြိုသည်။ ပထမဆုံးခရီးမှာ လေကြောင်းလိုင်းအဆင့်ဆင့်နဲ့ ရောက်အောင်လာနိုင်၍ ချီးကျူးကြသည်။

UNCTAD အစည်းအဝေး (၃)ရက်တက်ရသည်။ ဒုတိယအတွင်းဝန် ဦးကျော်တင်က လိုက်တက်ပေးသည်။ မြန်မာသံအမတ်ကြီး ဦးအေးက မိမိအားကြိုးစားရန်ပြောသည်။ မြန်မာသံရုံး မိသားစုက နေ့စဉ် ထမင်းကျွေးသည်။ စီးကရက်၊ အရက်ကအစ ဝယ်မသောက်ရဘဲ၊ သံရုံးမိသားစုကပေး၍ ငွေစုဆောင်းခိုင်းသည်။ ၄င်းခရီးစဉ်မှ ဒေါ်လာနှစ်ထောင်ကျော်စုမိသည်။ တစ်နှစ်စာ အိမ်ငှားခ ရသွားသည်။ ရန်ကုန်ပြန်ရောက်တော့ ဒုတိယအတွင်းဝန်ရာထူးဖြင့် ဂျီနီဗာသွားရန် လူကြီးများက ပြင်ဆင်ခိုင်းတော့သည်။ သံတမန်တစ်ဦးအနေဖြင့် ကားမောင်းတတ်ရမည်။ ကွန်ပျူတာ၊ လက်နှိပ်စက်တတ်ရမည်။ သင်တန်းစုံလိုက်တက်ရတော့သည်။ မိမိအား သံတမန်အဆင့် နိုင်ငံကူးလက်မှတ် အပြာထုတ်ပေးရန် နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးညွန့်ဆွေက အမိန့်ချမှတ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဆိုရှယ်မီဒီယာ (Facebook) သုံးခြင်းဖြင့် ရရှိခဲ့သော အကျိုးကျေးဇူးများ

မယ်သန့်

ခေတ်ရေစီးကြောင်းအရ ဆိုရှယ်မီဒီယာ (Facebook) ကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ လူတန်းစားမရွေး သုံးစွဲနေကြပြီ။ ကောင်းခြင်း၊ ဆိုးခြင်းကတော့ ခံယူသူအပေါ် မူတည်နေတာ တွေ့နေရပါတယ်။ တခြားသူမပြောနဲ့ ဒီအတွက် ကျွန်မတစ်ယောက်တည်းကတင် ခံစားချက် အမျိုးမျိုး ကြုံရတယ်။ ရုံးသွားရုံးပြန်နဲ့ လည်ပတ်နေတဲ့ အစိုးရဝန်ထမ်းတစ်ယောက်အနေနဲ့ ဂျာနယ်ဖိုးတွေ မတတ်နိုင်သလို တကူးတကဖြန့်ဖတ်နေရတဲ့ အချိန်ကလည်း မရနိုင်ပေဘူး။ ဒါက ခုခေတ် လူတိုင်းကြုံနေရတဲ့ ပြဿနာ။ ဒီတော့ စားဝတ်နေရေးနဲ့ အချိန်ရှားတဲ့ လူတွေ သတင်းငတ်ခဲ့တဲ့ လူတွေအကြား တစ်မုဟုတ်ချင်း သတင်းဖလှယ် ဖြန့်ဝေနိုင်တဲ့ ဆိုရှယ်မီဒီယာ ခေတ်စားသွားတာက အဆန်းတကျယ်တော့



မဟုတ်ပေဘူး။ အားလပ်တဲ့အချိန်မှာ ဖျတ်ခနဲကြည့်ရင်း ခေတ်ကိုမျက်ခြေမပြတ် မြင်တွေ့နေရတာကိုက သူ့ရဲ့ အားသာ ချက်။ အကုန်လုံးကို ယုံကြည်ဖို့တော့ မဖြစ်နိုင်ပေမယ့် ဒီကိစ္စဟာ ယုံကြည်သင့်ရဲ့လား၊ မယုံကြည်ရဘူးလား ဆိုတာကတော့ ကာယကံရှင်ရဲ့ ဗဟုသုတ ကိုယ်ခံအားနဲ့ပဲ သက်ဆိုင်မယ်ထင်ပါတယ်။ ဒီဟာကို သုံးလို့ရရှိမယ့် ကောင်းကျိုး၊ ဆိုးကျိုးကတော့ လူတိုင်းအနည်းနဲ့အများ ခံစားရမှာပဲလေ။ ကျွန်မကတော့ သူများတွေလိုပဲ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ သုံးပါတယ်။ တစ်ခါတလေ ခံစားချက်တွေ ပေါက်ကွဲ ချင်လို့သုံးတယ်။ စိတ်တူရာ အဝေးရောက် သူငယ်ချင်းတွေ ဆွေမျိုးမိတ်သဟာတွေက ကိုယ့်ပို့စ်ကို တွေ့ရှိပြီး လှမ်းဖျောင်းဖျကြတော့ စိတ်သက်သာရာရ၊ ဘဝကိုလည်ပတ်ဖို့ အားပြန်တက်။ အပျော်တွေမျှဝေ၊ ပုံတွေတင်၊ ဟေးဟေး ဟားဟား စနောက်ကြ။ တစ်ခုတော့ ရှိတာပေါ့ ကိုယ့်အကောင့်က လူသန့်ဖို့တော့ လိုအပ်တာပေါ့လေ။ သူ့ကိုယ်သိ ကိုယ့်သူသိလူတွေဖြစ်ဖို့တော့ အရေးကြီးပြန်ရော။ ဒါမှ မလိုလားအပ်တဲ့ ပြဿနာတွေကို မဖိတ်ခေါ်ရာရောက် မည်။ အပြန်အလှန် လေးစားသမှုရှိရှိ သုံးကြရင်းနဲ့ပေါ့ ။ အနည်းဆုံး မိတ်ဆွေအပေါင်းအသင်းတွေရဲ့ သာရေးနာရေးကိစ္စတွေမှာ အတော်အသုံးဝင်ပြန်တယ်။ ကျွန်မကတော့ ကြိုက်နှစ်သက်ရာ ကဗျာတွေ ရသဝတ္ထုတွေ ဆောင်းပါးတွေ သတင်းတွေ ဖတ်လို့ရအောင် စာရေးကောင်းတဲ့သူတွေကို ဖော်လို (Follow) တွေလိုက်ပြီး စာဖတ်ရတာကြိုက်တယ်။ စာရေးပြီးမျှဝေတဲ့သူတွေက စိတ်ထား အကောင်းဆုံးပဲလို့ ကျွန်မထင်တာပဲ။ ဟုတ်တယ်လေ။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကိုယ်သိသမျှလေး လိုင်းပေါ်တင် မျှဝေရှာတာ။ ဒီလိုနဲ့ စာဖတ်သူ ပရိတ်သတ်ကြိုက်ပြီး စာအုပ်တွေ ထုတ်ဝေရတဲ့ စာရေးဆရာတွေ ဖြစ်ကုန်တာလည်း အများကြီး။ ကိုယ်ရည် သွေးရတုတွေ မဖတ်မိဖို့တော့ စိစစ်ရမှာ ကိုယ့်အပိုင်းလေ။ စာဖတ်သူလည်း အင်တာနက်ဖိုးကုန်တာပါပဲ။ ဒါပေမဲ့ ဆေးလိပ်ဖိုး ကွမ်းယာဖိုး အရက်ဖိုးထက်စာရင် ဒါအတွက် ကုန်တာက စိတ်ရဲ့ပျော်ရာ စိတ်အာဟာရလေ။ စာဖတ်ရင်း သတင်းဖတ်ရင်း ကုန်တာကုန်သင့်တယ် ထင်တာပါပဲ။ နိုင်းနိုင်းစနေ၊ စိုးဝင်း၊ လှစိုးဝေ၊ မျိုးဆက်မင်း၊ ဇာနည်သိုက်၊ သက္ကမိုးညို၊ တင်ညွန့်၊




သန္တာဝင်း၊ အောင်မြိုင်းသင်း၊ ထက် ထက်ထွန်း၊ ရွှေလင်း၊ မြင့်မိုးချစ်၊ သန်းရင်၊ မြတ်မော်၊ စိမ်း ခက်စိုး၊ ညီဇံလှ၊ ပိုးမီ၊ ပြည့်စုံဝင်း၊ အရှင်ဝိသက္ကလင်္ကာ၊ အေးငြိမ်း၊ ရန်နိုင်၊ ယက္ခရဲကြီး၊ ဝိမုတ္တသုခ …ပြောရရင် တော့အများကြီးပါပဲ။ သုတ၊ ရသ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ မျှဝေတဲ့ အကောင့်များ ဖြစ်ကြရာ ကိုယ်က ဖတ်နိုင်ဖို့ပဲ လိုပေတယ်။ ဒီထဲကမှ ကျွန်မအလုပ်နဲ့ သက် ဆိုင်တဲ့ ဗဟုသုတလေးရခဲ့တဲ့ စာလေးတွေကို နမူနာအမြည်း လေး ပေးဖော်ပြချင်ပါတယ်။

(မြင့်မိုးချစ် (MyintMoeChit) ဆိုတဲ့ အကောင့်က မျှဝေလို့ရရှိခဲ့တဲ့ ဗဟုသုတလေးပါ)

ပြီးခဲ့တဲ့နှစ်တွေထက်စာရင် ၂၀၁၆-၁၇ မှာ GDP တိုးတက်မှုနှုန်းကျဆင်းသွားလို့ မြန်မာ့ စီးပွားရေးပြန်ပြီး နာလန်ထူအောင် ဘယ်လိုလုပ်မလဲလို့ ဆွေးနွေးနေကြတာနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ စာစုမှာ ကိုယ်နားလည်သလောက် ရေးခဲ့ပါတယ်။ ကျွန်တော့အမြင် ပြောရရင်တော့ ၂၀၁၆-၁၇ ရဲ့ GDP တိုးတက်မှုနှုန်းဟာ ၅ ဒသမ ၉ ရာခိုင်နှုန်းပဲ ရှိတယ်ဆိုတဲ့ ကိန်းဂဏန်းသက်သက်ထက် ဒီကိန်းဂဏန်းရဲ့နောက်ကွယ်က ပြောင်းလဲမှုတွေကို ပိုစိတ်ဝင်စားပါတယ်၊ ပိုအလေးပေးသင့်တယ်လို့ ထင်ပါတယ်။ တိုင်းပြည်ရဲ့ ထုတ်လုပ်မှုမှာ ဘယ်ကဏ္ဍတွေက ကျဆင်းသွားတယ်၊ ဘယ်ကဏ္ဍတွေမှာ တိုးတက်လာတယ်စတဲ့ စီးပွားရေးကဏ္ဍတွေ ပြောင်းလဲလာပုံ (Structural Changes) တွေကို လေ့လာသုံးသပ်ပြီး မူဝါဒချမှတ်တာက ပိုပြီးသင့်တော်လိမ့်မယ်လို့ ယူဆပါတယ်။

ဒါတွေမဆွေးနွေးခင် မြန်မာနိုင်ငံဟာ တကယ်ပဲ စီးပွားရေးကျဆင်းမှု (Recession) နဲ့ ကြုံတွေ့နေရပြီလားလို့ ဆန်းစစ်သင့်ပါတယ်။ မြန်မာနိုင်ငံဗဟိုဘဏ်က ထုတ်

ခဲ့တဲ့ ၂၀၁၇ ခုနှစ် သုံးလပတ် ဘဏ္ဍာရေး စာရင်းအင်းအတွဲ (၁) (Quarterly Financial Statistics Bulletin Vol.1) မှာ ဖော်ပြထားချက်အရ တိုင်းပြည်ထုတ်ကုန် တိုးတက်မှုနှုန်းဟာ ၂၀၁၆-၁၇ ရဲ့ ပထမ (၃) လပတ်မှာ ၅ ဒသမ ၂ ရာခိုင်နှုန်း နဲ့ တတိယ (၃) လပတ်မှာ ၅ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးဆက်တိုက် ကျဆင်းခဲ့တာ မှန်ပေမယ့် ၂၀၁၆-၁၇ ရဲ့ စတုတ္ထ (၃) လပတ်မှာ တိုင်းပြည်ထုတ်ကုန် တိုးတက်မှုနှုန်းဟာ ၇ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့တာတွေ့ရပါတယ်။ ဘောဂဗေဒပညာရပ်မှာ သတ်မှတ်ချက်အရ ပြောရရင် စီးပွားရေးကျဆင်းမှု (Recession) ကနေ ပြန်လည်နာလန်ထူပြီလို့ ဆိုနိုင်ပါတယ်။ မေးစရာရှိတာက GDP တိုးနှုန်း ပြန်တက်လာပြီး စီးပွားရေးပြန်နာလန်ထူလာပြီဆိုရင် ဘာလို့ လူအများစုက ကျပ်တည်းမြဲ၊ စီးပွားရေးလုပ်ငန်းရှင်အများစုက ရုန်းကန်နေရဆဲ ဆိုတာပါပဲ။ ဒီမေးခွန်းကလည်း မှားတယ်လို့ ပြောလို့မရပါဘူး။ ဘာကမှားနေတာလည်းဆိုတော့ ၂၁ ရာစုခေတ်က တိုင်းပြည်တစ်ပြည်ရဲ့ စီးပွားရေးကို ၁၇ ရာစုနှစ်က အတွေးအခေါ် ပေါ်မှာ အခြေခံပြီး ၂၀ ရာစုအစောပိုင်း ၁၉၃၄ က ဖော်ထုတ်ခဲ့ တဲ့ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် GDP နဲ့ တိုင်းထွာနေခြင်းပါ။ အဲဒီအချိန်ကာလကတော့ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေကို အဆိုပါ တိုင်းပြည်နယ်နမိတ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့သူ အားလုံးရဲ့ ဝင်ငွေ (ထုတ်လုပ်မှု)နဲ့ တိုင်းတာတာ သင့်တော်ပါတယ်။

ဒီနေ့ခေတ်လို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ များပြားလာတဲ့ကာလမှာ ပြည်တွင်းမှာရှိတဲ့ နိုင်ငံခြားကုမ္ပဏီတွေ၊ နိုင်ငံခြားသားတွေရဲ့ ဝင်ငွေ (ထုတ်လုပ်မှု) ဟာလည်း အဆိုပါနိုင်ငံရဲ့ GDPမှာ ပါဝင်နေတာကို သတိပြုရပါမယ်။ ဒါ့အပြင် ကျွန်တော်ရေးခဲ့တဲ့ Facebook စာစုတစ်ခုမှာ တင်ပြခဲ့သလို ကျွန်တော်တို့ မြန်မာနိုင်ငံလို သယံဇာတပစ္စည်းတွေကို ပြည်ပတင်ပို့ရောင်းချနေတဲ့ တိုင်းပြည်တစ်ပြည်မှာ ဒီလိုရောင်းချလို့ရတဲ့ ဝင်ငွေက GDP ရဲ့ အဓိကအစိတ်အပိုင်းအနေနဲ့ ပါဝင်ပါတယ်။ ဒီဝင်ငွေတွေကို အများပြည်သူအတွက် အကျိုးရှိအောင် အသုံးမချနိုင်ဘဲ၊ လူတစ်စုကပဲ လက်ဝါးကြီးအုပ် သိမ်းပိုက်ခံစားနေမယ်ဆိုရင် တိုင်းပြည်ရဲ့ GDP တိုးတက်လာတယ် ဆိုပေမယ့် သာမန်ပြည်သူလူထု အများစုအနေနဲ့ကတော့ ဒီတိုးတက်မှုရဲ့ အသီးအပွင့်

> **သဘာဝသယံဇာတကို မှီခိုနေရတဲ့ စီးပွားရေးစနစ်ကနေ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်တဲ့ စက်မှုကုန်ထုတ်လုပ်မှုကို အခြေခံတဲ့ စီးပွားရေး စနစ်တစ်ရပ်သို့ ကူးပြောင်းလာခြင်းဟာ အားတက်စရာ တစ်ခုလို့ မြင်ပါတယ်။**

တွေကို ခံစားရမှာ မဟုတ်ပါဘူး။ နောက်အချက် တစ်ချက်ကတော့ ဆင်းရဲချမ်းသာမှု ကွာခြားချက် အလွန်ကြီးမားတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာ ဆင်းရဲတဲ့သူအများစု ဝင်ငွေကျပြီး ပိုဆင်းရဲလာပေမယ့် အလွန်ချမ်းသာတဲ့ လူနည်းစုရဲ့ဝင်ငွေက အဆမတန် တိုးတက်လာရင် တိုင်းပြည်ဝင်ငွေ (GDP) တိုးတက်လာတယ်လို့ ပြောနိုင်ပါတယ်။ ပြည်သူပြည်သားအားလုံး ညီညီမျှမျှ အကျိုးခံစားရမယ့် ဖွံ့ဖြိုးတိုးတက်မှုတော့ မဟုတ်နိုင်ပါ။

ဒါကြောင့် ကျွန်တော့်အနေနဲ့ပြောရရင် GDPကိန်းဂဏန်းသက်သက်ထက်၊ နောက်ကွယ်က စာရင်းဇယားတွေကို ပိုစိတ်ဝင်စားပါတယ်။ တိုင်းပြည်ထုတ်ကုန် (GDP) ကို စိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်ရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ စတဲ့ ကဏ္ဍကြီး (၃) ရပ်က ထုတ်လုပ်မှုတွေကို စုပေါင်းတွက်ချက်ထားတာပါ။ မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်က ထုတ်ပြန်တဲ့ စာရင်းအင်းတွေအရ ၂၀၁၅-၂၀၁၆ နဲ့ ၂၀၁၆-၂၀၁၇ မှာအသားတင် GDP တိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းကနေ ၅ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းသွားရတဲ့ အဓိက အကြောင်းအရင်း ၂ ရပ်ကတော့ ၂၀၁၆ အစပိုင်းမှာ မိုးလေဝသဖောက်ပြန်လို့ ပြည်ပဆန်ဈေးကွက် မကောင်းလို့ စတာတွေကြောင့် စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်ဟာ ၂၀၁၅-၁၆ မှာ ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရာက ၂၀၁၆-၁၇ မှာ ၀ ဒသမ ၄ ရာခိုင်နှုန်း ဆုတ်ယုတ်သွားခြင်း (တစ်နည်းပြောရရင် စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်တိုးတက်မှုဟာ ၂၀၁၄-၁၅ နဲ့ယှဉ်ရင် ၂၀၁၆-၁၇ မှာ ၃ ဒသမ ၈ ရာခိုင်နှုန်း

ကျဆင်းသွားပါတယ်) နဲ့ ထုတ်လုပ်မှုကဏ္ဍ (Industry Sector)မှာ အရေးပါတဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုဟာ ၂၀၁၆-၁၇ မှာ ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားခြင်းတို့ ကြောင့်လို့တွေ့ရပါတယ်။ ဒီလိုသဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းသွားပေမယ့် ထုတ်လုပ်ရေးကဏ္ဍရဲ့ ထုတ်ကုန်တိုးတက်မှုနှုန်းဟာ ၂၀၁၅-၁၆ မှာ ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မှုနှုန်းနဲ့စာရင် ၂၀၁၆-၁၇ မှာ ၈ ဒသမ ၉ ရာခိုင်နှုန်းထိ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒီလိုတိုးတက်လာရတဲ့ အကြောင်းအရင်းကတော့ အခြား စက်မှုကုန်ထုတ်လုပ်မှု အထူးသဖြင့် အထည်ချုပ်လုပ်ငန်းက ထုတ်ကုန်တွေ တိုးတက်လာခြင်းကြောင့်လို့ တွေ့ရပါတယ်။ အရင်က ကျွန်တော်တို့တိုင်းပြည်ရဲ့ ပြည်ပပို့ကုန်ဝင်ငွေမှာ သဘာဝဓာတ်ငွေ့တင်ပို့မှုက ရငွေမှာ ၄၀ ရာခိုင်နှုန်းလောက်ရှိရာကနေ ၂၀၁၆-၁၇ မှာ ၂၅ ရာခိုင်နှုန်းထိ ကျဆင်းသွားတာတွေ့ရပြီး အထည်ချုပ်လုပ်ငန်းကရတဲ့ ပို့ကုန်ဝင်ငွေဟာ ၁၀ ရာခိုင်နှုန်းကနေ ၂၀၁၆-၁၇ မှာ ၁၈ ရာခိုင်နှုန်းထိ တက်လာတာကို တွေ့ရပါတယ်။ ဒီလို သဘာဝသယံဇာတကို မှီခိုနေရတဲ့ စီးပွားရေးစနစ်ကနေ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်တဲ့ စက်မှုကုန်ထုတ်လုပ်မှုကို အခြေခံတဲ့ စီးပွားရေးစနစ်တစ်ရပ်သို့ ကူးပြောင်းလာခြင်းဟာ အားတက်စရာတစ်ခုလို့ မြင်ပါတယ်။ တိုင်းပြည်ရဲ့ GDP မှာ ကဏ္ဍကြီး (၃)ရပ်က ထုတ်လုပ်မှုတွေရဲ့ အချိုးအစားကို ကြည့်ရင်လည်း ၂၀၁၃-၁၄ မှာ လယ်ယာစိုက်ပျိုးရေးရဲ့ အခန်းကဏ္ဍက ၃၁ ရာခိုင်နှုန်းရှိရာကနေ ၂၀၁၆-၁၇ မှာ ၂၇ ရာခိုင်နှုန်းထိ ကျဆင်းလာပြီး ထုတ်လုပ်မှု ကဏ္ဍက ၂၉ ရာခိုင်နှုန်းကနေ ၃၁ ရာခိုင်နှုန်းထိ၊ ဝန်ဆောင်မှု ကဏ္ဍက ၄၀ ရာခိုင်နှုန်းကနေ ၄၂ ရာခိုင်နှုန်းထိ တိုးတက်လာသည်ကို တွေ့ရတဲ့ အတွက် ပြောင်းလဲမှုနှုန်းကို သိပ်အားမရပေမယ့် လမ်းမှန်ပေါ်ကို ရောက်စပြုနေပြီလို့ တွေးမိပါတယ်။ စီးပွားရေး အခြေခံအဆောက်အအုံရဲ့ ပြောင်းလဲတဲ့နှုန်း (Speed of Structural Change) သိပ်မြန်လွန်းရင်လည်း အလုပ်လက်မဲ့ပြဿနာတွေ ကြုံတွေ့ရတတ်လို့ သတိထားသင့်ပါတယ်။

အထက်ပါ အချက်တွေအပြင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်တဲ့ ၂၀၁၇ မြန်မာ့စီးပွားရေးအခြေအနေသုံးသပ်ချက် (Myanmar Economic Monitor, October 2017)မှာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးလမ်းမှန်ပေါ်ကို ရောက်နေပြီလို့ ယူဆလို့ရတဲ့ အချက်အချို့ကို တွေ့ရပါတယ်။ ၂၀၁၅-၁၆ နဲ့စာရင် မြန်မာ့စီးပွားရေးအခြေအနေဟာ တည်ငြိမ်စပြုလာတယ်။ ပြည်တွင်းစားသုံးမှုတိုးတက်လာပြီး GDPရဲ့ ၅၀ ရာခိုင်နှုန်းလောက်ထိရှိလာသည်။

ပြည်ပငွေပေးငွေယူရှင်းတမ်း (Balance of Payments) ပိုငွေပြမှု တိုးတက်လာပြီး၊ အရန် နိုင်ငံခြားငွေ (Foreign Exchange Reserves)နည်းနည်းတက်လာတယ်။ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စပြုလာတယ်၊ ဘတ်ဂျက်လိုငွေပြမှုက GDP ရဲ့ ၃ ရာခိုင်နှုန်းထိ ကျဆင်းလာတဲ့အတွက် ဗဟိုဘဏ်ကနေစိုက်ထုတ်ရမှုကို တားဆီးနိုင်တယ် စတဲ့အချက်တွေပါ။ ကျွန်တော့အမြင်ပြောရရင် မြန်မာနိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ စတင်ခဲ့တဲ့ ၂၀၁၀ နှစ်လွန်ပိုင်းကစပြီး ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ကျွမ်းကျင်သူတွေရဲ့ အကြံပေးချက်တွေကလည်း ဒီလို စီးပွားရေးညွှန်းကိန်းတွေ တိုးတက်လာရေးကို ဦးစားပေးဖို့ ဖြစ်ပါတယ်။

ဒီလိုတိုင်းပြည်ရဲ့ စီးပွားရေးတည်ငြိမ်လာမှုရဲ့ အသီးအပွင့်တွေကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပြည့်ပြည့်ဝဝ၊ မျှမျှတတ ရေရှည်ခံစားနိုင်ဖို့အတွက်တော့ အကျင့်ပျက်ခြစားမှုတွေကို ထိထိရောက်ရောက် အရေးယူဖို့ (တိုင်စာစောင့်မနေဘဲ)၊ ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်ဖန်တီးမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဖော်ဆောင်နိုင်ဖို့၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းငယ် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးဖို့ စတာတွေအတွက် မှန်ကန်တဲ့ မူဝါဒတွေချမှတ်နိုင်ဖို့ ပိုပြီး အရေးကြီးလာပြီလို့ ထင်မြင်ယူဆမိပါတယ်။

ထုံးစံအတိုင်း ရေးရင်းရေးရင်းနဲ့ စာရှည်သွားလို့ ချမှတ်သင့်တယ်ထင်တဲ့ မူဝါဒတွေကို ပြီးမှ ထပ်ရေးပါမယ်။ (ပြီးခဲ့တဲ့ Post မှာ သူငယ်ချင်းတစ်ယောက်က ဒီစာရင်းဇယား အချက်အလက်တွေရဲ့ ခိုင်မာမှုကို မေးခွန်းထုတ်ပါတယ်။ ကျွန်တော့အမြင် ပြောရရင်တော့ ကျွန်တော်တို့နိုင်ငံက ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ တွက်ချက်ထုတ်ပြန်ချက်တွေဟာ

အပြည့်ပြည့်ဆိုင်ရာ စံသတ်မှတ်ချက်တွေအရ ရှိသင့်တဲ့ စံချိန်မီတယ်လို့ ယူဆပါတယ်။)

( Macroeconomics (23) ကတော့ သန်းရင် (Than Yin)ဆိုတဲ့ အကောင့်က မျှဝေခဲ့တဲ့ ဗဟုသုတလေးပါ)

## Macroeconomics (23)

မက်ခရိုဘောဂဗေဒ ဖြစ်ရပ်များကို လေ့လာသော အခါ ဘောဂဗေဒသီအိုရီများနှင့် ဆက်သွယ်မှု မကင်း သည်ကို တွေ့ရပြီး အဓိက Variables များအပေါ်တွင် စူးစိုက်လေ့လာခြင်း ပြုသည်ကို တွေ့ရပေသည်။ မက်ခရို ဘောဂဗေဒ စမ်းသပ်ချက်များပြုလုပ်ရာတွင်လည်း ယင်း Confounding Variables များအပေါ်တွင် မူတည်သည်ကို တွေ့ရပေသည်။ ပုဂ္ဂိုလ်အလိုက် လေ့လာသောအခါ

**1. John Maynard Keynes (1883-1945)**

စီးပွားရေးသံသရာ၏ စန်းပွင့်ချိန်နှင့် ဆုတ်ယုတ်ချိန်တို့ကို ကုစားရာ၌ လက်တွေ့တွင် ကုထုံးမရှိဘဲ တစ်ဝက် တစ်ပျက် ဆုတ်ယုတ်ချိန်တွင်သာ ပြန်လည်၍ မူလအခြေ အနေသို့ ရောက်ရှိရန် ကြိုးစားခြင်းဖြစ်သည့် အဓိကလက် နက်မှာ Fiscal Policy နှင့် Monetary Policy ပင်ဖြစ်သည်။

Key variable- GDP growth

Fiscal policy

US new deal (1933-1938)

US in World War 2 (1939-1949)

American Revenue Act (2009)

Greece Austerity (2010-Now)

Monetary Policy

Federal Reserve Quantitative Easing (2008-2014)

Bank of Japan QE (2001-Now)

**2. Adam Smith (1723-1790)**

Domestic industries များ ဖွံ့ဖြိုးရန်အတွက်မှာ နိုင်ငံခြားစက်မှုလုပ်ငန်းများ၏ အကူအညီလိုသည်ဟု ဆိုခဲ့သည်။ စက်မှုလုပ်ငန်းများကသာ ကြီးမားသော တန်ဖိုး များကို ဖန်တီးနိုင်ပြီး Invisible Hand ကလည်း တစ်စိတ် တစ်ပိုင်းအနေအဖြစ် ပါဝင်နေသည်။

The Wealth of Nation (1776)

Key variable-GDP growth

Union of Socialist communism (1922-1991)

US free trade (1766-Now)

**3-Milton Friedman (1912-2006)**

မည်သည့်အခြေအနေ၌မဆို အခွန်အကောက် လျှော့ချရန် ပြောဆိုသူဖြစ်သည်။ ဖြစ်နိုင်ခြေရှိသော ပြဿနာကြီးမှာ အခွန်အကောက်မဟုတ်ဘဲ အသုံးစရိတ် သုံးစွဲရန်သာဖြစ်သည်။ အစိုးရအဖွဲ့ အရွယ်အစားသည် အလွန်ကြီးမားရန်မလိုဘဲ ပြည်သူ့ငွေများကို အလွန်အမင်း သုံးစွဲရန် မလိုအပ်ဟုဆို သည်။

Key variable- GDP growth

US Tax Policy (1932-1988)

Sweden Tax Policy (1939-1988)

**4-Joseph Schumpeter (1883-1958)**

Innovation ကို အဓိကထားသည်။ Supply ၏ တစ်ယူနစ်စရိတ်သည် တီထွင်မှုကြောင့် ကျဆင်းမည်။ ပထမပိုင်းတွင် လက်ရှိဈေးနှုန်းအတိုင်း ဖြစ်နေသော်လည်း နောက်ပိုင်းတွင် ကျဆင်းလာမည်။

The Theory of Economic Development (1934)

Key variable- Quality of Business replace

Walmart (1962-Now)

Microsoft (1975-Now)

Amazon (1994-Now)

**5-David Ricardo (1772-1833)**

အပြည့်ပြိုင်ဆိုင်မှုရှိသော ကုန်သွယ်မှုလိုသည်။

Principal of Political Economy and Taxation (1817)

Key variable GDP growth

WTO and China (2001-Now)

NAFTA (1994-Now)

S Hawlay Tariff Act (1930)

ဒီလို စာမျိုးစုံ ဗဟုသုတမျိုးစုံနဲ့ ပြည့်နှက်နေတဲ့ ဆိုရှယ်မီဒီယာကို ကျွန်မတို့ အကျိုးရှိရှိ သုံးကြပါစို့လားဟု နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။



# ပလတ်စတစ် ညစ်ညမ်းမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြစို့

မယု(စက်မှု)

ကမ္ဘာပေါ်တွင် သက်ရှိသက်မဲ့ပေါင်း မြောက်များစွာတို့သည် ရေ၊ လေ၊ မြေ၊ တောတောင်စသည့် သဘာဝတရားကြီးနှင့်အတူ အပြန်အလှန် အပေးအယူ မျှတစွာဖြင့် အမှီသဟဲပြု နေထိုင်လာသည်မှာ နှစ်သန်းပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ သက်တမ်းကြာမြင့်ပြီဖြစ်သည့် မိမိတို့၏ မိခင်ကမ္ဘာကြီး ရေရှည်တည်တံ့စေရန် အရေးကြီးဆုံးအပိုင်းဖြစ်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ယိုယွင်းလာမှုကို အချိန်မီကုစားနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ရေးသည် ယနေ့ကမ္ဘာကြီးအတွက် အရေးတကြီး လိုအပ်လျက်ရှိနေပါသည်။

ကမ္ဘာမြေကြီး၏ ဂေဟစနစ်ဆိုသည်မှာ သက်ရှိသက်မဲ့များအားလုံး ပါဝင်ကာ၊ သက်ရှိများအတွက်သောက်သုံးရန် ရေ၊ ရှူရှိုက်ရန် လေ၊ နေထိုင်ရာ မြေ၊ နားခိုရန် သစ်ပင်တို့သာမက လူသားတို့အတွက် အဖိုးတန်သယံဇာတများ၊ စွမ်းအင်စသည်ဖြင့် လိုအပ်ချက်အဖုံဖုံကို ဖြည့်ဆည်းပေးနေသည့် သဘာဝပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ ပါဝင်ပြီး လူသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဂေဟဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက် ရှိပါသည်။ တစ်နည်းအားဖြင့် လူသားများနေထိုင်ရာ ကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်တို့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို အပြန်အလှန် ဆက်နွှယ်ပြီး အပြန်အလှန် အကျိုးပြုနေကြသည်မှာ လူသားတိုင်း၏ မျက်မြင်ပင်ဖြစ်သည်။ ယခုအခါ ကမ္ဘာတစ်ဝန်း ဂေဟစနစ်များ ပျက်စီး လာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့် ရေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ သည် လူသားများနှင့် သက်ရှိတို့၏ ဘဝရပ်တည်နေထိုင်မှုကို အချိန်နှင့်အမျှ ဒုက္ခပေးလျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ သဘာဝဘေးအန္တရာယ်များ ကျရောက်လာမှုကို လျော့ကျစေရေးအတွက် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာမှုကို လူသားတိုင်း တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်း တိုက်ဖျက်ကြရန် အထူးလိုအပ်လျက်ရှိနေပါသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများတွင် ပလတ်စတစ်ညစ်ညမ်းမှုသည် တစ်ခုအပါအဝင်ဖြစ်ပြီး ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာမှုကို ဆိုလိုခြင်းဖြစ်ပါသည်။ ပလတ်စတစ်ပစ္စည်းများသည် ဈေးသက်သာရုံသာမက တာရှည်ခံသဖြင့် လူသားတို့သည် ပလတ်စတစ်ကို ပိုမိုထုတ်လုပ်သုံးစွဲလာခဲ့ကြရာမှ စွန့်ပစ်ပစ္စည်း အမှိုက်သရိုက်များ စုပုံ၍ သဘာဝပတ်ဝန်းကျင်၊ လူသားများ၊ သားရဲတိရစ္ဆာန်များနှင့် ၎င်းတို့၏အမူအကျင့် ဓလေ့စရိုက်များအပေါ် များစွာသက်ရောက်မှုရှိလာသည်ကို လေ့လာတွေ့ရှိရသည့်အတွက် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ရန် လုပ်ငန်းသည် လူသားအားလုံး၏ တာဝန်တစ်ရပ်ပင် ဖြစ်လာပါသည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ စွန့်ပစ်ပစ္စည်းအားလုံး၏

၁၀ ရာခိုင်နှုန်းသည် ပလတ်စတစ်များဖြစ်ပြီး ပင်လယ်သမုဒ္ဒရာများအတွင်းသို့ နှစ်စဉ် အနည်းဆုံးတန်ချိန် ၈ သန်းခန့် ရောက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ တစ်ခါသုံး ပလတ်စတစ် အသုံးပြုမှုလျှော့ချရေးနှင့် ပြန်လည်ပြုပြင်သုံးစွဲနိုင်သည့် ပစ္စည်းများ ပိုမိုသုံးစွဲရေးနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများကို တားမြစ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များသည် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် အထူးလိုအပ်လာသည်နှင့်အညီ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၅ ရက်မှ ၁၇ ရက်အထိ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ဦးဆောင်၍ ကျင်းပခဲ့သည့် ပထမအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံမှ နှစ်စဉ် ဇွန်လ(၅)ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟု ခေါ်ဆိုသမုတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစ၍ နှစ်စဉ် ဇွန်လ(၅)ရက်နေ့ကို ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)မှ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကမ္ဘာသူ၊ ကမ္ဘာသားများ နားလည်သဘောပေါက်မှု တိုးမြှင့်ကာ ပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို အခြေအနေနှင့် အချိန်အခါအလိုက် ဖြစ်ပေါ်နေသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအပေါ် မူတည်ပြီး နှစ်အလိုက် မတူညီသော အထိမ်းအမှတ်ဆောင်ပုဒ် (Theme) နှင့် ကြွေးကြော်သံဆောင်ပုဒ် (Slogan) များ သတ်မှတ်ကာ နိုင်ငံအသီးသီးတွင် အလှည့်ကျစနစ်ဖြင့် လက်ခံ ကျင်းပလျက် ရှိပါသည်။

ယခုနှစ် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် "Beat Plastic Pollution" "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့" ဟူ၍ သတ်မှတ်ခဲ့ပါသည်။ ဆိုလိုသည်မှာ ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းစေပြီး အဏ္ဏဝါသက်ရှိများအား ပျက်စီးစေသော လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ၏ အန္တရာယ်ကို ပြည်သူများ သိရှိနိုင်စေရန် ပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းတို့အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် ယခုနှစ်ဆောင်ပုဒ်မှ မီးမောင်းထိုးပြထားခြင်းပင် ဖြစ်သည်။ ယခုနှစ် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အိန္ဒိယနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှု၏ အန္တရာယ် ဆိုးတစ်ခုဖြစ်သည့် ပလတ်စတစ်ညစ်ညမ်းမှုများကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ပြန်လည်သုံးစွဲခြင်း လုပ်ငန်းစဉ်များတွင် ဦးစားပေးဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

## ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှု

ကမ္ဘာပေါ်တွင် ပလတ်စတစ်ကို အစားအစာများ ထုတ်ပိုးမှု (Packing) ပြုလုပ်ရာတွင် အများဆုံး သုံးစွဲကြပြီး စုစုပေါင်း ပလတ်စတစ်သုံးစွဲမှု၏ ၄၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ နှစ်စဉ် ကမ္ဘာပေါ်တွင် ပလတ်စတစ်အိတ် ဘီလီယံ ၅၀၀ ခန့်ကို သုံးစွဲနေကြပြီး၊ ၅၀ ရာခိုင်နှုန်းမှာ တစ်ခါသုံး ပလတ်စတစ်အိတ်များ ဖြစ်ပါသည်။ တစ်မိနစ်တိုင်း ပလတ်စတစ်ဘူး (၁) သန်းကို ဝယ်ယူသုံးစွဲနေကြပြီး၊ ၂၀၁၆ ခုနှစ်အတွင်း ရေသန့်ဘူး ၄၈၀ ဘီလီယံကို ကမ္ဘာတစ်ဝန်း ရောင်းချခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပလတ်စတစ် ထုတ်လုပ်မှု အများဆုံးဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ပလတ်စတစ် ထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

## ပလတ်စတစ်အန္တရာယ်

* စွန့်ပစ်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများသည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ နှစ်စဉ် တန်ပေါင်း ၁၃ သန်းခန့် မျောဝင်စီးဆင်းနေပြီး အမှိုက်ထုကြီးသဖွယ် စီးမျောနေသဖြင့် ရေနေသတ္တဝါများနှင့် ပင်လယ်ကူးသင်္ဘောများအတွက် ဘေးအန္တရာယ်ရှိခြင်း၊ တစ်နည်းအားဖြင့် အဏ္ဏဝါဂေဟစနစ်ကို ယိုယွင်း ပျက်စီးစေခြင်း၊



- ✳ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကော်စေ့သည် သဘာဝသယံဇာတဖြစ်သည့် ရေနံစိမ်းမှ ထုတ်ယူသုံးစွဲရသဖြင့် သဘာဝသယံဇာတ လျော့နည်းစေခြင်း၊
- ✳ မိုးတွင်းအခါ စွန့်ပစ်ပလတ်စတစ်အိတ်များကြောင့် ရေမြောင်းများပိတ်ဆို့ပြီး ရေကြီးရေလျှံမှုများနှင့်အတူ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေခြင်း၊
- ✳ ပလတ်စတစ်များသည် နှစ်ပေါင်း ၅၀၀ ကျော်မှ ပျက်စီးနိုင်သည့်အတွက် အမှိုက်များ မြေမြှုပ်မှုနှင့်အတူ ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများ မြေမြှုပ်ဖျက်ဆီးခြင်းကြောင့် အပင်မျိုးစေ့များ အပင်ပေါက်ရာတွင် အညှောင့်မထွက်နိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေခြင်း၊
- ပလတ်စတစ်အိတ်များဖြင့် အစားအစာများ ထုပ်ပိုးမှုကြောင့် ပလတ်စတစ်အိတ်များတွင် ပါရှိသည့် ခဲဓာတ်ကြောင့် ကင်ဆာရောဂါကို ဖြစ်ပွားစေခြင်း စသည့် ဆိုးကျိုးများကို ခံစားကြုံတွေ့ရမည်ဖြစ်သည်။

## ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့

ပလတ်စတစ်သုံးစွဲမှုကို လျှော့ချနိုင်ရန် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှ လိုက်နာကျင့်သုံးနေသည့် Reject၊ Reduce၊ Reuse၊ Recycle၊ Return ဟူသည့် R(၅)လုံး နည်းလမ်းဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

- ✳ အစားအစာများကို ဝယ်ယူရာတွင် ရောင်းချသူများမှ တစ်ခါသုံး ပလတ်စတစ်အိတ်များ၊ တစ်ခါသုံး ပလတ်စတစ်ဘူးများဖြင့် ထုတ်ပိုးမှုကို တတ်နိုင်သလောက် ငြင်းပယ်ပါ။ (Reject)
- ✳ ပလတ်စတစ်သုံးစွဲမှု လျော့နည်းလာစေရေးအတွက် ယခင်ကတည်းက ထုတ်ပိုးလာသည့် အင်ဖက်၊ ငှက်ပျောဖက်များဖြင့် ထုတ်ပိုးမှုစနစ်ကို ပြန်ကျင့်သုံးရန်၊ အော်ဂဲနစ် ပလတ်စတစ် အိတ်များဖြင့် အစားထိုးသုံးစွဲရန်၊ (Reduce)
- ✳ တစ်ခါသုံး ပလတ်စတစ်အိတ်များ၊ တစ်ခါသုံး ပလတ်စတစ်ဘူးများကို တစ်ခါသုံးစွဲခြင်းဖြင့် စွန့်ပစ်ခြင်း မပြုဘဲ ပြန်လည်သုံးစွဲရန်၊ (Reuse)
- ✳ ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ကုန်ကြမ်းအဖြစ် ပြန်လည်သုံးစွဲပါ။ (Recycle)
- ✳ အသုံးပြုပြီး ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများအား Recycle ပြုလုပ်နိုင်သည့် နေရာသို့ စုစည်းပို့ဆောင်ပါ။ (Return)

ကမ္ဘာတစ်ဝန်း အကောင်အထည်ဖော်နေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များမှ ပန်းတိုင် (၁၄) တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပန်းတိုင် (၁၅) တွင် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာ ပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲပြုန်းတီးမှု ရပ်တံ့စေရေး စသည့် ရည်မှန်းချက် ပန်းတိုင်တို့ကို အထက်ဖော်ပြပါ လုပ်ငန်းစဉ်များမှတစ်ဆင့် အရောက်လှမ်းနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ ပတ်ဝန်းကျင် ယိုယွင်းမှု ညစ်ညမ်းမှု မရှိစေရေးအတွက် လူတစ်ဦးချင်းမှ ပလတ်စတစ်သုံးစွဲမှု၊ ထုတ်လုပ်မှုများကို လျော့နည်း ပပျောက်လာအောင် အမူအကျင့် တစ်ခုအနေဖြင့် စည်းကမ်းတကျ လိုက်နာဆောင်ရွက်ရင်း ပလတ်စတစ် ညစ်ညမ်းမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



# အခမဲ့ပညာရေးနှင့် ထိရောက်သော အကျိုးရလဒ်များရရှိရေး

သိန်းသိန်းစံ

ယနေ့ခေတ်ကာလတွင် လူသားအရင်းအမြစ်ကိုအခြေခံသော ဖွံ့ဖြိုးတိုးတက်မှုသည် သယံဇာတကိုအခြေခံသော ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးနေပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များမှာ အသက်တမျှ အရေးကြီးလှပါသည်။

လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်ကြရာတွင် ကလေးများမှအခြေခံပြီး တည်ဆောက်ကြရခြင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုနှင့် ကလေးသူငယ်ဆိုသော ဆောင်းပါးတစ်ပိုဒ်ကို လွန်ခဲ့သော နှစ်နှစ်ခွဲခန့်က ကျွန်မရေးခဲ့ဖူးသည်။ ကျွန်မနေထိုင်သော အဆောင် ပတ်ဝန်းကျင်သို့ ဘူးခွံပုလင်းခွံ လာကောက်သော ကျောင်းနေအရွယ် ကလေးငယ်များကိုမြင်တိုင်း စိတ်မကောင်းဖြစ်ရာမှ ထိုဆောင်းပါးကို ကျွန်မရေးမိခြင်းဖြစ်သည်။ သူတို့ကျောင်းမနေကြပါ။ မူလတန်းပညာရေးသာမက အလယ်တန်းပညာရေးကိုပါ အစိုးရက အခမဲ့သင်ယူခွင့်ပေးထားသော်လည်း သူတို့ကျောင်းမနေကြပါ။ အဖြေမှာ ဆင်းရဲသောကြောင့် ဖြစ်သည်။ မိသားစု၏ စားဝတ်နေရေးအတွက် သူတို့တစ်ပိုင်တစ်နိုင် ဝင်ငွေရှာပေးရသောကြောင့်ဖြစ်သည်။ ကျောင်းမသွားမီ အစားအသောက် ဝဝလင်လင် စားမသွားနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် စာသင်ခန်းထဲတွင်ရှိရမည့် ကလေးများကို လမ်းပေါ်တွင် ဈေးရောင်း၍လည်းကောင်း၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ အရောင်းဆိုင်အမျိုးမျိုးတို့တွင် အလုပ်လုပ်ကိုင်လျက်လည်းကောင်း စိတ်မကောင်းစရာ မြင်တွေ့

နေကြရခြင်းဖြစ်သည်။ အမှန်စင်စစ် သူတို့သည် စာသင်ခန်းထဲတွင်သာ ရှိနေဖို့သင့်သည် မဟုတ်ပါလား။

ကျွန်မသည် လူ့စွမ်းအားအရင်းအမြစ်ဖြင့် နိုင်ငံတည်ဆောက်ရေးကို အခြားနည်းလမ်းများ ထက်ပို၍ သက်ဝင်ယုံကြည်သူဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်တန်ဖိုးထားလွန်းသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းစာသင်ခန်းတွင်သာ ရှိစေချင်သည်။ ထို့ကြောင့် ပြည်ပသို့ ပညာသွားရောက်သင်ယူခွင့်ရသောအခါ ကျွန်မ၏ ပြည်သူ့ရေးရာမူဝါဒ မဟာဘွဲ့အတွက် သုတေသနစာတမ်းရေးသားပြုစုရာတွင် အတန်းပညာ သင်ယူတတ်မြောက်ခြင်းနှင့် အခမဲ့ပညာရေးစနစ်အကြောင်းကို ရေးသားပြုစုခဲ့ပါသည်။ ကျွန်မ၏သုတေသနစာတမ်းတွင် အစိုးရမှ အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ခြင်းကြောင့် ပညာသင်ယူတတ်မြောက်နိုင်မှုကို မည်သည့်အတိုင်းအတာအထိ တိုးမြှင့်စေနိုင်သနည်းဆိုသည်ကို လေ့လာသုတေသနပြုခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် ကျောင်းမနေဖူးသော ကလေးများ ကျောင်းမနေရခြင်း အကြောင်းရင်းများကိုလည်း ကိန်းဂဏန်း အချက်အလက်များဖြင့် လေ့လာခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ပညာသင်ယူမှုမရှိခြင်း၏ အဓိကအကြောင်းအရင်းမှာ ကျောင်းတက်ရန်အတွက် ကုန်ကျမည့် ကုန်ကျစရိတ်များကို မကျခံနိုင်ခြင်းဖြစ်သော်လည်း အခြားစိတ်ဝင်စားစရာကောင်းသော အချက်အလက်များကိုပါ တွေ့ရှိခဲ့ရပါသည်။ နေအိမ်နှင့် ကျောင်း လွန်စွာဝေးကွာခြင်း၊ အတန်းပညာသင်ယူရန် စိတ်ဝင်စားမှုမရှိခြင်း၊ မိဘများအနေဖြင့် ပညာသင်ယူခြင်းအား အရေးကြီးသည့် ကိစ္စတစ်ခုဟု မထင်မှတ်ခြင်းတို့ဖြစ်သည်။

ပထမအချက်အနေဖြင့် နေအိမ်နှင့်ကျောင်း လွန်စွာဝေးကွာခြင်းသည် ကျေးလက်နေ ကလေးသူငယ်များအတွက် ပညာသင်ယူနိုင်ရန်အတွက် အရေးကြီးသော အတားအဆီးတစ်ခု ဖြစ်နေမည်မှာ သေချာလှသည်။ မိမိနေထိုင်ရာရွာတွင် စာသင်ကျောင်းမရှိပါက ရွာနီးချုပ်စပ်ကျေးရွာများသို့ ပညာသွားရောက် သင်ယူရသည့်အတွက် မိုင်ပေါင်းများစွာ ခြေကျင်လျှောက်ရခြင်း၊ ရာသီဥတုဒဏ်ကို သူတစ်ပါးထက်ပို၍ ခံရခြင်း၊ ကျောင်းသို့သွားရန် အချိန်ပိုယူရခြင်းတို့ကြောင့် ပညာသင်ယူရန် အခွင့်အလမ်းပိုမိုနည်းပါးသွားခြင်း ဖြစ်သည်။

ပညာသင်ယူရန် စိတ်မဝင်စားခြင်းနှင့် ပညာသင်ယူတတ်မြောက်ခြင်းအား အရေးကြီးသည့်ကိစ္စတစ်ခုဟု မထင်မြင်ခြင်းများမှာ အမှန်တကယ်အားဖြင့် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးသော အရာတစ်ခုဟု ကျွန်မထင်မိသည်။ နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးဆုံးသော လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍမှသာ မွေးထုတ်နိုင်စွမ်းရှိသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမရှိပါက နိုင်ငံတစ်နိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်ပါ။ အစိုးရအနေဖြင့် ပညာရေးအသုံးစရိတ်များကို ဆက်တိုက်တိုးမြှင့် သုံးစွဲလာသည်မှာ စာရင်းဇယားများကို လေ့လာကြည့်လျှင် အလွယ်တကူသိရှိနိုင်ပါသည်။ အခမဲ့မူလတန်း ပညာရေးစနစ်ကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ခြင်း တစ်ဆက်တည်း အလယ်တန်းပညာရေးကိုလည်း အခမဲ့ဖော်ဆောင်ပေးနိုင်ရန်အတွက် ပညာရေးကဏ္ဍ အသုံးစရိတ်များကို ဆက်တိုက်မြှင့်တင်ခဲ့ရသည်ကို လေ့လာတွေ့ရှိရပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ပညာရေးအသုံးစရိတ်မှာ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၏ ၀ ဒသမ ၇ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် GDP ၏ ၂ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် တွေ့ရပါသည် (MoE, CESR Phase 2 Report, 2014)။ အခမဲ့ပညာရေးအတွက် အကန့်အသတ်ရှိသော နိုင်ငံတော်ဘဏ္ဍာမှ စိုက်ထုတ်သုံးစွဲရာတွင် ပြည်သူ့ဘဏ္ဍာများ အကျိုးရှိထိရောက်မှုရှိရန်၊ စိစစ်ဆောင်ရွက်ရန် အလွန်အရေးကြီးလှသည်။ အကျိုးရှိထိရောက်သော အခမဲ့ပညာရေးစနစ် ဖြစ်ပေါ်ရန် လိုအပ်လှပါသည်။

ပညာရေးအသုံးစရိတ်များ မြှင့်တင်ခြင်း၊ အခမဲ့ပညာရေးစနစ် ဖော်ဆောင်ပေးခြင်းတို့ဖြင့် ပညာသင်ယူတတ်မြောက်မှုကို မြှင့်တင်နိုင်လိမ့်မည်ဟု ယေဘုယျအားဖြင့် ယူဆနိုင်သော်လည်း အဓိက အတားအဆီးတစ်ခုမှာ ဆင်းရဲခြင်းဖြစ်သည်။ ဆင်းရဲသော အိမ်ထောင်စုများအနေ

# မိဘများ၏ စီးပွားရေးအခြေ အနေသည် သားသမီး၏ ပညာတတ်မြောက်မှုနှင့် တိုက်ရိုက် ဆက်စပ်နေသည်ကို မည်သူမှ ငြင်းနိုင်သော အချက်မဟုတ် ပါ။

ဖြင့် မိမိ၏ ကလေးများအား ကျောင်းပညာရေး သင်ယူစေခြင်းထက် မိသားစုစားဝတ်နေရေးက ဦးစားပေးကိစ္စ ဖြစ်နေမည်မှာ သေချာလှသည်။ မိဘများ၏ စီးပွားရေးအခြေအနေသည် သားသမီး၏ ပညာတတ်မြောက်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို မည်သူမှ ငြင်းနိုင်သော အချက်မဟုတ်ပါ။ ထို့အပြင် ကျွန်မ၏ လေ့လာမှုအရ မိဘများအနေဖြင့် အတန်းပညာရေးကို စိတ်ဝင်စားမှုမရှိခြင်းသည် ကျောင်းမနေသော ကလေးဦးရေများပြားခြင်း၏ အရေးကြီးသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ စိတ်ဝင်စားမှုမရှိခြင်းမှာ တစ်နည်းအားဖြင့် ပညာရေးကို မယုံကြည်သောကြောင့်ဟု ဆိုနိုင်ပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် နှစ်စဉ်ဘွဲ့ရဦးရေ တိုးတက်များပြားလျက်ရှိသော်လည်း အလုပ်အကိုင်ရရှိမှု၊ မိမိ၏ ပညာအရည်အချင်းနှင့် အံဝင်ဂွင်ကျဖြစ်သော အလုပ်အကိုင်ရရှိရေးတို့မှာ ဘွဲ့ရသူများအား ခြိမ်းခြောက်လျက်ရှိသော ပြဿနာတစ်ခုပင် ဖြစ်နေသေးသည်။ ဘွဲ့ရရှိပြီးသည့်တိုင် မိသားစု၏ စားဝတ်နေရေးအတွက် လုံလောက်သောဝင်ငွေကို ရရှိနိုင်သည့် အလုပ်အကိုင်များ မရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပြီး လုပ်ငန်းခွင်သို့ ချိတ်ဆက်ပေးနိုင်မှု အားနည်းခြင်းတို့ကြောင့် ပညာရေးအပေါ်တွင် မိဘများ၏ ယုံကြည်မှုနည်းပါးခြင်း ဖြစ်သည်ကို တွေ့မြင်နေရဆဲဖြစ်သည်။ ပညာသင်ယူမှုမရှိဘဲ မိသားစုစားဝတ်နေရေးအတွက် လတ်တလောဝင်ငွေရသော အလုပ်များကို လုပ်ကိုင်ရင်း အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်လူရွယ် ကလေးသူငယ်များ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေကြရသည်။ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ၂၀၁၇ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင်ရှိသော ကလေးများ (၅ နှစ်မှ ၁၇ နှစ်အထိ) အနက် ၈ သိန်းကျော်မှာ အလုပ်လုပ်ကိုင်နေကြရပြီး ကလေးလုပ်သားစုစုပေါင်း ဖဒသမ ၂၀ သိန်းကျော်ရှိကြောင်း သိရှိရပါသည်။ ထိုကလေးများအားလုံး ကျောင်းစာသင်ခန်းသို့ရောက်ရှိရန် လိုအပ်လျက်ရှိပြီး၊ ပညာသင်ယူပြီးမြောက်ပြီးနောက် လုပ်ငန်းခွင် ဝင်ရောက်နိုင်မှုမှာလည်း ဆက်လက် လုပ် ဆောင်ကြရဦးမည့် အရေးကြီးလုပ်ငန်းဆောင်တာတစ်ခု ဖြစ်သည်။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ရာတွင် အခမဲ့ပညာရေးဆောင်ရွက်ပြီးနောက် ပညာသင်ယူပြီးမြောက်မှုကို နှစ်စဉ်လေ့လာသုံးသပ်ပြီး အခမဲ့ပညာရေး၏ ရည်ရွယ်ချက် ပန်းတိုင်ဖြစ်သော ကလေးတိုင်း ပညာတတ်မြောက်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို တစ်ဆက်တည်း လုပ်ဆောင်ရန် လိုအပ်ပါသည်။ ကျေးရွာများတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆရာ၊ ဆရာမများ လုံလောက်စွာဖြည့်တင်းပေးခြင်း၊ ကျောင်းမရှိသောရွာနှင့် ကျောင်းရှိသောရွာတို့ကို ဆက်သွယ်သော ရွာချင်းဆက်လမ်းများ ကောင်းမွန်မှုရှိအောင် ထောက်ပံ့ဆောင်ရွက်ပေးခြင်းများကို ဟန်ချက်ညီညီ ပြုလုပ်ပေးနိုင်ရန် အရေးကြီးလှပါသည်။ ဆင်းရဲချို့တဲ့သော ထူးချွန်သူကလေးများအား ထောက်ပံ့ပေးခြင်း၊ ပညာသင်ဆုအစီအစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် မိသားစုအတွက် ဝင်ငွေရှာပေးနေသော ကလေးသူငယ်များကို စာသင်ခန်းထဲသို့ ခေါ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ပညာသင်ယူပြီးမြောက်သော လူငယ်များအတွက် သင့်တင့်သော အလုပ်အကိုင်ရရှိရေးကို ရေရှည်လုပ်ငန်းဆောင်တာတစ်ခုအဖြစ် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံသားများ၏ ပညာသင်ယူရေးအပေါ်တွင် ယုံကြည်သက်ဝင်မှုကို တိုးမြှင့်အောင် ဆောင်ရွက်သင့်ပါသည်။ အခမဲ့ ပညာရေးမှာ ကလေးတိုင်းပညာတတ်မြောက်ရေးအတွက် အလုံးစုံဖြေရှင်းပေးနိုင်သော ဆေးစွမ်းကောင်း မဟုတ်ဘဲ ဆက်စပ်လျက်ရှိသော ပြဿနာများကိုပါ တစ်ပါတည်း ဖြေရှင်းနိုင်မှသာ အခမဲ့ပညာရေး၏ အသီးအပွင့်များကို ပြည့်ဝစွာ ရရှိခံစားရမည်ဟု ထင်မြင်ယူဆမိပါတော့သည်။



# နှိုးစက်များ၏ ဒိုင်ယာရီ

ဝင်းဝင်းဝါ

တချို့တချို့သော လူတွေက ဘဝဆိုတာတိုတိုလေး၊ ရတဲ့ဘဝမှာ ပျော်ပျော်နေရမှာပေါ့တဲ့၊ ဘဝက တိုတိုလေးမို့ နေချင်သလိုနေမယ် ပျော်စရာတွေဘဲ ရှာကြံကြမယ်၊ ဘာကိုမှ အလေးထား ဂရုပြုစရာ မလိုဘူးလို့ ဆိုလိုတာပါ။ အဲ့ဒီလိုဆိုရင်တော့ ဘဝမှာ အဓိပ္ပာယ်ရှိတဲ့လူ၊ လောကကို အကျိုးပြုတဲ့လူ၊ သမိုင်းကြောင်းကောင်းတဲ့ လူဆိုတာ မဖြစ်နိုင်တော့ပါဘူး။

တကယ်တော့ ဘဝတွေက ထင်သလောက်တိုတောင်းမှုမရှိပါဘူး။ ပြိုင်ဆိုင်မှုများအကြား၊ ရုန်းကန်လှုပ်ရှားမှုများအကြား၊ ကြိုးစားမှုများအကြားမှာ တချို့တချို့သော သူများရဲ့ဘဝတွေက အချိန်ပိုပိုပြီး ကြာရှည်နေသယောင်နဲ့ တချို့တချို့သော သူများရဲ့ ဘဝတွေကျတော့ ကံကောင်းလွန်းလို့ အချိန်တွေက ကုန်မှန်းမသိအောင်ကို ကုန်သွားတာမျိုးပေါ့။ ဒါပေမဲ့ အောင်မြင်မှုလိုချင်ရင်တော့ ကြိုးစားမှုရှိရမှာ လောကသဘာဝပါပဲ။ ဒီလို အောင်မြင်မှုတွေရနိုင်စေဖို့၊ အချိန်တွေ အကုန်မြန်စေဖို့က အချိန်ကို အမှတ်တရ သတိပေးတတ်တဲ့ **နှိုးစက်များ**ရဲ့ အခန်းကဏ္ဍပဲ ဖြစ်ပါတယ်။ နှိုးစက်တစ်ခုရဲ့တန်ဖိုးက လုပ်ငန်းဆောင်တာတွေ ပေါက်မြောက်အောင်မြင်လာလေလေပိုပြီး အဓိပ္ပာယ်ရှိလာလေလေပါပဲ။

ကျွန်တော် ၁၀ တန်းမှာ အမေက နှိုးစက်တစ်ခုကို လက်မှာကိုင်ထားပြီး စာကျက်ဖို့ လာနှိုးခဲ့တာကိုပါ၊ တက်သစ်စ ဆယ်ကျော်သက်အရွယ်၊ ဘယ်လိုအနေအထား

မှာဖြစ်ဖြစ် အိပ်ပျော်တတ်တဲ့အရွယ်မို့ အမေလာနှိုးရင် အိပ်ရာကမထချင်ခဲ့၊ မထချင်လည်း ထရ၊ အမေက ကိုယ့်နားခဏတဖြုတ်နေပြီး အိပ်ရာပြန်ဝင်သွားတဲ့အချိန်မှာ စာကျက်ရင်း အိပ်ငိုက်ခဲ့တာတွေကို ကောင်းကောင်း မှတ်မိနေပါတယ်။ အမေက ဒါကိုသိသွားပြီး သူပါ ဝင်မအိပ်တော့ဘဲ ကိုယ့်နားမှာ အတူစောင့်ရင်း စာကျက်စေခဲ့တာကိုလည်း အမှတ်တရပါပဲ။ အဲဒီ "**အမေ**"ဆိုတဲ့ နှိုးစက်ကြောင့် စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ အောင်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးမှာ စာရင်းအင်းပညာ ဘာသာရပ်နဲ့ ကျောင်းတက်ခွင့် ရခဲ့ခြင်းပါ။ အမေ အမြဲပြောသည့် စကားက "**ငါ့သား နေရာတစ်ခုမှာ ရပ်လိုက်ရင် ဘယ်တော့မှ ဆက်မသွားချင်တော့ဘူးတဲ့**"၊ ငယ်ငယ်က ဒီအဓိပ္ပာယ်ကို သေချာစွာ နားမလည်တတ်ခဲ့။ ကျွန်တော် ရေရေရာရာ မသိတတ်သေးခင်အရွယ်မှာ အဖေဆုံးပါးသွားခဲ့ပြီး အမေ တစ်ယောက်တည်း ဘဝကို ခက်ခက်ခဲခဲ ရင်ဆိုင်ဖြတ်သန်းခဲ့ရတာတွေကိုတော့ သိတချို့၊ မသိတလှည့်ဖြင့် မှတ်မိနေသည်။

ပညာရှာတဲ့အရွယ် ကျောင်းတက်တဲ့အချိန် ချစ်သူတစ်ယောက် ရလာခဲ့သည်၊ ကိုယ်က အဆောင်မှာနေသည့်အတွက် အားလပ်သည့်ရက်များတွင် ချစ်သူအလာကို သွားကြိုရန် နေ့စဉ် နှိုးစက်ထားခဲ့ရသည်။ သူက ဘွဲ့ရ၍ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေချိန်မှာ ကိုယ်က ကျောင်းမပြီးသေး။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့ကို "**ချစ်သူ**" ဆိုသည့် နှိုးစက်က အမြဲသတိပေးခဲ့သည်။ တူနှစ်ကိုယ်ဘဝတည်ဆောက်ဖို့ စီမံကိန်းတွေဆွဲရင်း လမ်းမပျောက်သွားစေရန် ချစ်သူ နှိုးစက်က အမြဲနှိုးဆော်နေခဲ့သည်။

ချစ်သူသည် အရိပ်တစ်ခု ဖြစ်ခဲ့သည်။ သူမ တိုးတက်ဖို့ထက် ကျွန်တော်တိုးတက်ဖို့ကိုဘဲ အမြဲဦးစားပေးခဲ့သည်။ ကျောင်းပြီးလို့ အလုပ်နေရာရှာဖို့ နေ့စဉ်သတင်းစာကို သူမ ဖတ်ခဲ့သည်။ လုပ်ငန်းခွင်စာမေးပွဲ ဝင်ဖြေနိုင်စေရန် သင်တန်းတွေ တက်စေခဲ့သည်။ ဗဟုသုတစာပေများ စုဆောင်းပေးခဲ့သည်။ တစ်ခါတစ်ရံ သူမကို ကျွန်တော်က "ဒီလိုစာတွေ စုနေတာပဲ၊ မင်းအတွက်ရော မင်းမလုပ်တော့ဘူးလား"လို့မေးတော့ သူမက "**ကျွန်မချစ်တဲ့ ရှင့်အနားမှာနေရင်း၊ ရှင့်ဘဝ တိုးတက်ဖို့ ဘာမဆို လုပ်နေမှာ**"လို့ ပြန်ပြောခဲ့သည်။ ဒီစကားရဲ့ လေးနက်မှုကိုလည်း ပေါ့ပေါ့တန်တန်နဲ့ ကောင်းစွာသဘောမပေါက်ခဲ့မိ။

ဒီလိုနဲ့ အလုပ်ဝင်ခဲ့ပြီ။ ဒုတိယစာရင်းအင်းမှူးရာထူးအတွက် ဗဟိုစာရင်းအင်းအဖွဲ့မှ ခေါ်ယူသည့် လျှောက်လွှာတွင် ဖောင်ဖြည့်ခဲ့သည်၊ လုပ်ငန်းခွင်စာမေးပွဲ ဖြေခဲ့သည်၊ အလုပ်ရခဲ့သည်။ အလုပ်သက်တမ်းတစ်လျှောက် ဝင်ရောက်သည့် လုပ်ဖော်ကိုင်ဖက်များအကြား ကြိုးစားရင်း၊ ကြိုးစားရင်း အပြိုင်အဆိုင်ဖြစ်ခဲ့သည်။ အလုပ်အကိုင်အတည်တကျဖြစ်တော့ အိမ်ထောင်ကျခဲ့သည်။ ချစ်သူသက်တမ်းမှာ သူမက အလုပ်ရှိပေမယ့် အိမ်ထောင်ကျတော့ အလုပ်ထွက်ခဲ့သည်။ နယ်မှာနေသည့် အမေလည်း အပိုင်လယ်ယာများကို ရောင်းချခဲ့ရင်း၊ မျက်စိလည်း ရန်ကုန်မှာ ခွဲရင်း ကျွန်တော်နဲ့အတူနေဖို့ ဖြစ်ခဲ့သည်။ ရက်ကို လစား၊ လကို နှစ်ကစားပြန်တော့ သမီးလေး တစ်ယောက်ရလာခဲ့ပြီ။

ဒုတိယအရွယ်မှာ "**သမီး**" ဆိုသည့် နှိုးစက်ကြောင့် ကျွန်တော်က အမြဲမပြတ် အိမ်ကို သတိရဖို့ ဖြစ်ခဲ့သည်။ တစ်ခါတစ်ရံ ရုံးလုပ်ငန်းသဘောအရ နယ်ဘက်



စစ်တမ်း ကွင်းဆင်းရသည့်အခါမျိုးဆို သမီးအတွက် နောက်ဆံတင်းခဲ့ရသည်။ အိမ်သူသက်ထားကြောင့်သာ အလုပ်ဖြောင့်ဖြောင့် လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ သူမကို ကျွန်တော်စိတ်ချသည်၊ ကျွန်တော့်တာဝန်ကို တစ်နေ့မှ မလစ်ဟင်းစေသည့်အပြင် တစ်နေကုန် ချက်ပြုတ်လျှော်ဖွပ် အိမ်သန့်ရှင်းရေးလုပ်၊ သမီးကို ပြုစုစောင့်ရှောက်၊ ကျွန်တော့်အမေကို ပြုစုစောင့်ရှောက်မှုတွေနဲ့ သူမ နားရသည်ဟူ၍မရှိ။ ဒါကိုပင် သူမက ပျော်ရွှင်နေတတ်သည်။

အမှတ်ရစရာအဖြစ် ကျွန်တော်ဦးစီးအရာရှိရာထူး တိုးသည့်နေ့တွင် အမေနှင့်သူမ ပျော်နေတာ ကျွန်တော့် ထက်ပင်သာနေသည်ဟု ထင်မိသည်။ ကျွန်တော်ဦးစီးရာထူး ရသည့်နှစ်မှာ ကျွန်တော့်သမီး ၅ နှစ်တွင် ဖြစ်ခဲ့သည်။ သူမသည် ကျွန်တော့်အတွက်၊ သမီးအတွက်၊ အမေ့ အတွက်ကိုဘဲ အဓိကထားခဲ့သည်။ မိဘများငယ်စဉ်က တည်းက ဆုံးပါးသွား၍ သူမအတွက် အမေ့ကို သူ့မိခင် အရင်းလို ဂရုစိုက်ခဲ့သည်။ နာမည်သာ မှီခိုဖြစ်ခဲ့ပြီး အလုပ် နှင့်လက် မပြတ်ရသည့် သူမ၏လုပ်အားသည် တစ်မိသားစု လုံးအတွက် အရိပ်ကြီးသဖွယ်ဖြစ်ခဲ့သည်။

ရုံးများအားလုံး နေပြည်တော်သို့ ပြောင်းရတော့ မည်ကိုသိတော့ သူမ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့သည်။ မီးရထား ဘူတာရုံသို့ သူမနှင့် သမီးလိုက်ပို့တော့ ပစ္စည်းများကို စနစ် တကျထားဖို့၊ ကျန်းမာရေးဂရုစိုက်ဖို့၊ ရာသီဥတုနဲ့ ကိုက်ညီ အောင်နေထိုင်တတ်ဖို့ သူမ မှာနေတာစုံနေသည်၊ ကျွန်တော် ကတော့ သမီးဆီကိုသာ အာရုံရောက်နေသည်။ သမီးက သူငယ်တန်းတက်နေပြီး အသက်က ၅ နှစ် ဆိုပေမယ့် နားလည်လွန်းသည်။ ဒါ့အပြင် လူကြီးလိုအတွေးနှင့် ခံစား ချက်ကို ဖုံးကွယ်ထားတတ်သည်။ အဖေ အဝေးသွားမှာကို သိတော့ တစ်ပတ်လောက် ကိုယ်ပွားတစ်ခုလို ကပ်နေခဲ့ သည်။ ဒါပေမဲ့ သမီးလည်းလိုက်မှာပဲလို့ မရမက ပူဆာငိုယို တာမရှိခဲ့။ ဘူတာရုံမှာလည်း အဖေကို တွေတွေကြီး စိုက် ကြည့်နေပုံအား ကျွန်တော်တစ်သက်မမေ့၊ နောက်မှ သမီး အမေ ပြန်ပြောပြတာက အိမ်အပြန် ကားပေါ်တွင် မည်သူ ကိုမျှ စကားမပြော၊ ငိုနေသည်လည်းမဟုတ်၊ မျက်ရည်ဝိုင်း တဲ့ မျက်လုံးများဖြင့် ကားလက်ကိုင်တန်းကို ကိုင်ကာ အခြားနေရာတစ်ခုကိုသာ ဦးတည်ရာမရှိကြည့်နေကြောင်း ပြောပြသည်။ ကျွန်တော် ဝမ်းနည်းလိုက်ရသည့်ဖြစ်ခြင်းပါ။

ယခင်နေပြည်တော်ဆိုသည်က စတင်တည်တဲ့ မြို့ဖြစ်တော့ အစစအရာရာ ဘာမှ ပြည့်စုံတယ်ဆိုတာမရှိ။ မြို့မဈေးဆိုတာအဝေးကြီး၊ လမ်းပန်းဆက်သွယ်ရေးက လည်း မကောင်း၊ စီးစရာယာဉ်များကလည်း မလွယ်၊ တော်တော်ကြုံကြုံခဲ့ရသည်၊ အဆောင်များမှ ရုံးကို သွားရ သည့် တံတားသည် ယခင်က ကြိုးတံတားဖြစ်ခဲ့သည်။ လှုပ်လီလှုပ်လဲ့နှင့် အသည်းယားစရာ ကောင်းလှသည်။ ရုံးပြောင်းတော့ ပရိဘောဂတွေကို သယ်စရာ အလုပ်သမား မရှိ ကိုယ်တိုင် ထမ်းပိုးပြောင်းရွှေ့ခဲ့ရတာ မှတ်မိနေသည်။ လုပ်ဖော်ကိုင်ဖက်တွေ သူတို့ရဲ့မိသားစု၊ သားသမီးများနှင့် ဝေးနေလို့ လွမ်းဆွတ်မှုတွေကို ကျွန်တော်ခံစားနားလည်ခဲ့ ရသည်။ ကျွန်တော်ကိုယ်တိုင်လည်း သမီးကို လွမ်းလိုက် သည့်ဖြစ်ခြင်း၊ သမီး ၇ နှစ်မှာ အိမ်ခန်းရခဲ့၍ မိသားစု ကျွန်တော့်နောက်သို့ လိုက်လာနိုင်ခဲ့သည်။ မိသားစုစုံကာမှ ကျွန်တော့်ဘဝ စိုပြေပြောင်ယောင်လာ၍ မိသားစုဆိုတာ ဒါပါလားလို့ ခံစားခဲ့ရသည်။

**တစ်ခါတစ်ရံ သူမကို ကျွန်တော်က *"ဒီလိုစာတွေ စုနေတာပဲ၊ မင်းအတွက်ရော မင်းမလုပ်တော့ဘူးလား"* လို့မေးတော့ သူမက *"ကျွန်မချစ်တဲ့ ရှင့်အနား မှာနေရင်း၊ ရှင့်ဘဝ တိုးတက်ဖို့ ဘာမဆို လုပ်နေမှာ"* လို့ ပြန်ပြောခဲ့သည်။ ဒီစကားရဲ့ လေးနက်မှုကိုလည်း ပေါ့ပေါ့တန်တန်နဲ့ ကောင်းစွာသဘောမပေါက်ခဲ့မိ။**

အချိန်သည် တဖြည်းဖြည်းနှင့် ကုန်လာခဲ့သည်၊ သမီး ဒုတိယတန်းကတည်းက နေပြည်တော်မှာ ကျောင်းနေလာတာ အခုဆို ၁၀ တန်းအောင်၍ တက္ကသိုလ်တောင်တက်နေရပြီ၊ ကျွန်တော်လည်း ရာထူးတိုး၍ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်ခဲ့ပြီ။ အခုဆို သမီးနှင့် ပတ်သက်သည့် အလိုလောဘများက ကျွန်တော့်တွင် အမြစ်တွယ်စပြုခဲ့သည်၊ သမီးဘဝကောင်းစားဖို့ သမီး အနားမှာနေရင်း ဘာမဆို လုပ်ပေးချင်ခဲ့ပြီ။ အိမ်သူပြောခဲ့သည့် စကားကိုလည်း အမှတ်ပြန်ရမိ သည်။ လူတိုင်း လူတိုင်း ချစ်ရတဲ့သူအတွက် ပေးဆပ်ဖို့က ဘာမဆို အသင့်ဖြစ်နေကြသည်။ တစ်ဆက်တည်းမှာဘဲ အမေပြောခဲ့သည့် စကားအဓိပ္ပာယ်ကိုလည်း ကောင်းစွာ သဘောပေါက်ခဲ့သည်။ သမီး စာကျက်ပျင်းရင်၊ ဗဟုသုတ လိုက်စားမှုနည်းရင် အားမလိုအားမရဖြစ်ရတာ၊ သူများထက် နောက်ကျကျန်ခဲ့မှာကို စိုးရိမ်ရတာတွေ ကျွန်တော်ဖြစ်ခဲ့သည်။ သမီးကို သူများတွေထက် မပိုရင်တောင် တော်တယ်လို့ ချီးမွမ်းခံရသူများ၊ ထူးချွန်တယ်လို့ သတ်မှတ်ခံရသူများစာရင်း ပါစေချင်ခဲ့သည်၊ မျက်မှန်တပ်ရတဲ့သမီး မိုဘိုင်းဖုန်း အသုံးများလို့ ပါဝါထူမှာကိုလည်း စိုးရိမ်ခဲ့မိသည်၊ ဒီလိုဒီလိုနဲ့ ၂၀၁၈ ခုနှစ်သို့ ချဉ်းကပ်ဝင်ရောက်လာခဲ့ပြီ။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန –၂ တွင် ကျင်းပသည့် **မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ** မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနား၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ **"လူငယ်တွေရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးအလေးထားပြီး လုပ်ရတယ်ဆိုတာ အနာဂတ်ကို တည်ဆောက်ခြင်းပဲဖြစ်ကြောင်း၊ လူငယ်ဖြစ်သည့်အချိန် လူငယ်တာဝန် ထမ်းဆောင်၍ နောင်တစ်ချိန် လူကြီးတာဝန်ကို ဆက်လက်ထမ်းဆောင်ရမှာ ဖြစ်ကြောင်း၊ မူဝါဒမူကြမ်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်း ခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်နှင့် လူကြီး မျိုးဆက်ကွာခြားမှု ကြီးမားနေလည်း ညှိနှိုင်းဖို့လိုအပ်ကြောင်း၊ လူငယ်တွေအတွက် ပညာရေး၊ ကျန်းမာရေးနဲ့ အားကစားကဏ္ဍတွေ အရေးကြီးကြောင်း၊ အားကစားသည် အစုအဖွဲ့ကစားခြင်းဖြစ်၍ စည်းလုံးညီညွတ်မှုကို ပြသရာရောက်ကြောင်း၊ ပညာသင်ကြားရာမှာ ကျောင်းပညာရေးအပြင် သက်မွေး ပညာသည်လည်း အရေးပါကြောင်း၊ ပညာသည် မျှဝေလျှင် ပိုပြီးပွားများလာပါကြောင်း၊ အနာဂတ်ကို တည်ဆောက်ခြင်းသည် မည်သည့်အခါမျှ ပြီးဆုံးသည် မရှိပါကြောင်း၊ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် တာဝန်ယူသွားရမှာဖြစ်ကြောင်း၊ လူဆိုသည်မှာ ကိုယ့်တန်ဖိုး ကိုယ်ရှိပါကြောင်း၊ ကိုယ့်ကိုယ်ကိုရော သူများကိုပါ အထင်ကြီးခြင်း၊ အထင် သေးခြင်း မလုပ်သင့်ပါကြောင်း"** စသည်တို့သည် ပြောကြားခဲ့သည့် မိန့်ခွန်းများထဲမှ ကျွန်တော် အလွန်နှစ်သက်သည့် အချက်ကလေးများ ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၏ စကားသံများမှတစ်ဆင့် စုစည်းချမှတ်ခဲ့၍ လူငယ်အများအတွက် သင့်လျော်သည့် မူဝါဒများဖြစ်ပါသည်။ မူဝါဒနောက်တွင် အသေးစိတ်အချက်များအား ဗျူဟာများ ထပ်မံရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်ဟု ဆို သည်။ ထိုမူဝါဒများကို သမီးအတွက် ကျွန်တော် အတွေးများနယ်ချဲ့နေမိသည်။

ယခုအခါ ပြည်သူ့အစိုးရလက်ထက် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် သက်ဆိုင်သည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ အကြောင်းအရာများအားလုံးကို ကျွန်တော် စိတ်ဝင်စားမိသည်။ ကျွန်တော့်အိမ်မှ နှီးစက်များကြောင့်ပင် ဖြစ်ပါသည်။ နှီးစက် ၃ လုံးတွင် သမီးဆိုသည့် နှီးစက်သံက အကျယ်လောင်ဆုံး ဖြစ်မည်ထင်သည်။ ဒါကြောင့်ပင် စုန်ရေသာရှိပြီး ဆန်ရေမရှိသလောက်ပင် ဖြစ်ကြောင်း ဥပမာပေးခြင်းပင်ဖြစ်မည်။ မည်သို့ပင်ဆိုကြပါစေ ကျွန်တော်ကတော့ နှီးစက်များကို ချစ်မိသည်။ တန်ဖိုးထားမိသည်။ ထို့ကြောင့် ဘယ်လိုပင်ဟောင်းဟောင်း ပစ်မထားမိ၊ အမြဲသန့်ရှင်းနေစေပြီး သိမ်းထားဆဲပင်။

# အမှတ်တမဲ့များမှ အမှတ်တရများ



နှင်းသန့်ဖြူ
(ဗဟိုစာရင်းအင်းအဖွဲ့)

“ဟော့ တို့ဝန်ကြီးဌာနက နှစ်ပတ်လည် ပွဲလုပ်မယ်တဲ့ စာဝင်တယ် ခု ....”

“ဟယ် တကယ်”

“ဘယ်နေ့တဲ့လဲ နှစ်ပတ်လည်နေ့က”

“ဧပြီ ၁ ရက်နေ့တဲ့”

“ဘယ်လိုတောင် ကျင်းပမှာတဲ့အေ၊ ဆုတွေလဲ ပေးမှာတဲ့၊ စွမ်းဆောင်ရည်ဆု တို့ဘာတို့”

“ဒီမှာ ဖတ်ကြည့်”ဟု သူက ဝင်စာကိုပြသည်။

“ပျော်စရာကောင်းမှာနော်....ဟိ” ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းလေးက အားတက်သရော သတင်းပေးရာ ကျွန်မကလည်း ဟုတ်တိပတ်တိ ဘာမှမသိဘဲ ဝမ်းပန်းတသာဖြစ်နေရှာသည်။ အဲ့လို အတိုင်အဖောက်တွေညီတာ ပြောပါတယ်။

ကျွန်မ ဖျတ်ခနဲ အမှတ်ရလိုက်တာက ကျွန်မတို့အုပ်စု ဗဟိုစာရင်းအင်းအဖွဲ့၊ ခြောက်ထပ်ရုံး၊ ရန်ကုန်မှာ ဒုတိယစာရင်းအင်းမှူးရာထူးနဲ့ အလုပ်စဝင်တဲ့နေ့ကလည်း ဧပြီလ ၁ ရက်နေ့ပဲလေ။ ကြည့်စမ်းပါဦး တိုက်ဆိုင်လိုက်တာများ။ လုပ်သက် (၁၃) နှစ်ကျော်(၁၄)နှစ် ပြည့်ခါနီးမှ ဝန်ကြီးဌာန နှစ်ပတ်လည်နေ့ကိုသိပြီး ကြံဖန်ဂုဏ်ယူနေသည့် ကျွန်မ။

မှတ်မှတ်ရရ သတင်းပို့ရင်း ရုံးစတက်ရတဲ့နေ့။ ထမင်းချိုင့်မထည့်ခဲ့။ အလုပ်အတူစဝင်ရာ သူငယ်ချင်းတွေနဲ့မိတ်ဆက်ပြီး ထမင်းဆိုင်မှာ မစားစဖူး စားမယ်ပေါ့လေ။ ကိုယ့်အတွေးနဲ့ကိုယ် အဆင်တွေပြေလို့။ တကယ့်တကယ် လူတိုင်းနီးပါး ထမင်းဘူးလေး ကိုယ်စီ။ ထမင်းချိုင့် မထည့်သူဆိုလို့ ကိုယ်အပါအဝင် (၃) ယောက်သာရှိ။ သန္တာ၊ ပပနှင့် ကျွန်မ။ ပပက ရန်ကုန်သူ။ ကျွန်မတို့က နယ်ဘက်က မိတ္ထီလာသူနှင့် ပခုက္ကူသူ။ ကျွန်မတို့ ရန်ကုန်သူ သူငယ်ချင်း အားကိုးနှင့် အလယ်ဘလောက်ရှိ ရုံးနှင့်နီးသည့် တွေ့သည့်ကုလားထမင်းဆိုင် ဝင်ထိုင်ရင်း စားပွဲထိုးလေးကို ဟင်းမှာကြလို့ ဆိုင်က ဟင်းမီနူးကဒ်ကို ခေါင်းချင်းဆိုင်ဖတ်ကြသည်။ ဟင်းနာမည် တစ်ခုအရောက် နယ်မှလာသည့်အပြင် ရန်ကုန်ထမင်းဆိုင် များနှင့် အကျွမ်းတဝင်မရှိကြသည့် ကျွန်မတို့ချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။ နားမလည်၊ မသိသည့် ဒီဟင်းအမည်။ ဘာသားနှင့် ချက်ထားမှန်းမသိ။ အထင်တကြီး ရန်ကုန်သူ သူငယ်ချင်းကို မေးလိုက်ကြ သည်။

"ပပ… ဒီဟင်းက ဘာဟင်းလဲဟင်"

ပပက ဟင်းနာမည်ဖတ်ပြီးသကာလ သူ့ကို အားကိုးတကြီး ကြည့်နေသော ကျွန်မတို့ (၂) ယောက်ကို အားနာပါးနာ ပြန်ကြည့်ကာ ဖြေလိုက်သည်မှာ "ငါလည်း မသိဘူး" ဟူ၏။ ကျွန်မတို့အတွက် အားကိုးစရာ ထမင်းဆိုင်မှ စားပွဲထိုးကောင်လေးသာ ရှိတော့သည်။ သိချင်စိတ်ကို အောင့်အီးမထားနိုင်။ သိဟန်ဆောင်ရန်လည်း မတွေး။ အားလုံးက ညီသည်။ သူ့ကို မေးရအောင်ဟု တီးတိုးတိုင်ပင်ကြကာ မှာထားသောဟင်းများနှင့် ထမင်းပွဲလာပြင်သော ခဏ၌…

"မောင်လေးရေ ဖိုက်တင်းဟင်းလို့ ရေးထားတဲ့ ဒီဟင်းက ဘာအသားလဲဟင်"

"အစ်မတို့ တစ်ခါမှ မကြားဖူးလို့လေ"

စာပွဲထိုးလေးသည် ဖြေရမှာ အလွန်အမင်း အားနာပုံဖြင့် "ဟိုလေ… အစ်မ အဲဒါက… ဆိတ်ဘောဟင်း" ဟူသတည်း။ ကျွန်မတို့မယ် 'ဟိုက်ခနဲ' ဖြစ်ခဲ့ရကာ တခွီးခွီးရယ်နေကြသည်မှာ မပြီးနိုင်။ အလုပ်စဝင်သည့် ဇပေရယ်ဖူး အမှတ်တရလေး။ ပြန်တွေးမိတိုင်း၊ သတိရတိုင်း၊ သူငယ်ချင်းတွေဆုံတိုင်း ရယ်မောမိရသည့် ဖြစ်ရပ်ကလေး တစ်ခု။

နောက်တစ်ခုရှိသေးသည်။ ရုံးနှင့်နီးသည့် ဆူးလေ နေပြည်တော်ရုပ်ရှင်ရုံ ကျွန်မတို့တစ်တွေ အုပ်စုလိုက် ချိန်းကာ ရုပ်ရှင်ကြည့်ကြလေ့ရှိသည်။ တစ်ခါကား မြန်မာကားတစ်ကား ကားနာမည်တော့ မမှတ်မိတော့။ ဇာတ်ဆောင်များကား ရန်အောင်နှင့် စိုးမြတ်နန္ဒာ ဂျပန်သို့ သွားရိုက်ထားသည့် ဇာတ်ကား။ ကာမာကူရာဘုရားသို့ သွားဖူးသည့် ဇာတ်ဝင်ခန်းပါရာ ဘုရားအဝင် ရုပ်ထုသေးသေးလေးတွေအရောက် မင်းသား၊ မင်းသမီးဆီမှ စကားသံ မထွက်သေးခင် သူငယ်ချင်းအုပ်စုထဲမှ ဘုရားတရားအလွန်ကြည်ညို

**"မောင်လေးရေဖိုက်တင်းဟင်းလို့ရေးထားတဲ့ ဒီဟင်းက ဘာအသားလဲဟင်"**
**"အစ်မတို့ တစ်ခါမှ မကြားဖူးလို့လေ"**
**စာပွဲထိုးလေးသည် ဖြေရမှာ အလွန်အမင်း အားနာပုံဖြင့် "ဟိုလေ... အစ်မ အဲဒါက... ဆိတ်ဘောဟင်း" ဟူသတည်း။ ကျွန်မတို့မယ် "ဟိုက်ခနဲ" ဖြစ်ခဲ့ရကာ တခွီးခွီးရယ်နေကြသည်မှာ မပြီးနိုင်။**

သည့် အစောဆိုသည့် သူငယ်ချင်းမှ ရုပ်ရှင်ကြည့်ရင်း လက်အုပ်လေးချီထားတော့သည်။ သို့သော် ဇာတ်ဆောင်များမှ ဤရုပ်ထုလေးများမှာ သားသမီး ပျက်စီးသည့် မိခင်များမှ လာရောက်ထုလုပ် ဆုတောင်းထားသည့် ကလေးရုပ်ထုလေးများဖြစ်ကြောင်း ရှင်းပြသောအခါ လက်အုပ်ချီထားသည့် သူငယ်ချင်းကိုကြည့်၍ တဟားဟား ဖြစ်ကြရသည်။ အုပ်စုလိုက် တခွီးခွီးဖြစ်ကြသည်မှာ ရုပ်ရှင်ပြီးသည်အထိ အတောမသတ် နိုင်ကြ။ အလုပ်ဝင်စ ပျော်စရာကာလများပင်။ နောင် ဂျပန်သို့ သင်တန်းတက်ရပြီး ဘုရားသို့ ရောက်သောအခါ အဲဒီအရုပ်လေးများကိုကြည့်ပြီး ကျွန်မမယ် သူငယ်ချင်းကို သတိရပြီး တပြုံးပြုံးဖြစ်ခဲ့ရ။ သူငယ်ချင်းကတော့ အိမ်ထောင်ကျပြီး နေပြည်တော်လိုက်မလာနိုင်၍ အလုပ်ထွက်သွားချေပြီ။ ခုတော့ သူ့ဘဝနဲ့သူ၊ ကိုယ့်ဘဝနဲ့ကိုယ်။

နောက်တစ်ကားရှိသေးသည်။ "The Day after Tomorrow" ဆိုသည့် ဇာတ်ကား။ အုပ်စုလိုက်ပင်။ အပြင်က မိုးတွင်း၊ ဇာတ်ကားက ရေခဲပြင်ကား။ ရုပ်ရှင်ပြီး ရုပ်ရှင်ရုံ အိမ်သာမှာ အုပ်စုလိုက် တဟီးဟီးတဟားဟား တန်းစီခဲ့ကြသည်မှာ အမှတ်တရ။ လစာလောက်သည် မလောက်သည် အသာထား ဘဝအစမှာ ပျော်စရာအတိ။ ချစ်စရာအတိတ်လေးများပင်။

နောက်အမှတ်တရတစ်ခုကတော့ ကန်တော်ကြီးနှင့်သက်ဆိုင်သည်။ တီဗွီထဲတွင် ကျွန်မ မြင်ဖူးသည်က ကန်တော်ကြီးနှင့် ကရဝိတ်သည်တွဲလျက်။ ထို့ကြောင့် ရွှေတိဂုံဘုရား အရှေ့ဘက် မုဒ်ဦးအဆင်း ဗဟန်း (၃) လမ်းမှ မြင်ရသည့် သံတိုင်များနှင့်ဇရိယာကို ကန်တော်ကြီးဇရိယာဟု ကျွန်မ မသိခဲ့။ မေဒေး(၁)ရက် ရုံးပိတ်ရက်။ ထုံးစံအတိုင်း အုပ်စုလိုက်ဆုံပြီး လျှောက်လည်ကြသည်မှာ ကန်တော်ကြီး ကလေးကစားကွင်းဘက်။ ဖုန်းတွေပေါပေါများများ မသုံးနိုင်သေး။ ဖလင်လိပ်ကင်မရာဖြင့် မိန်းမပျိုတို့ ဝါသနာ ဓာတ်ပုံတွေတဖျပ်ဖျပ်ရိုက်ကြ။ အဲဒီနေ့မှ ကန်တော်ကြီး ကျွန်းပတ်လည်အကြောင်း တစ်ယောက်တစ်ပေါက် ဝိုင်းသြဘာပေးပြီး ရှင်းပြခဲ့၍ သိခဲ့ရသည့် ကျွန်မ။ ကျွန်မ အူလည်လည်နိုင်ပုံက သူတို့တွေအတွက် မေဒေးဟာသ။

ရန်ကုန်တွင် ကျွန်မ ကျွမ်းကျွမ်းကျင်ကျင် သွားလာတတ်သည်က အလုပ်နှင့် အမျိုးအဆွေများရှိရာ

**အလုပ်ဝင်စ ပျော်စရာကာလများပင်။ နောင် ဂျပန်သို့ သင်တန်းတက်ရပြီး ဘုရားသို့ ရောက်သောအခါ အဲဒီအရုပ်လေးများကိုကြည့်ပြီး ကျွန်မမယ် သူငယ်ချင်းကို သတိရပြီး တပြုံးပြုံးဖြစ်ခဲ့ရ။ သူငယ်ချင်းကတော့ အိမ်ထောင်ကျပြီး နေပြည်တော်လိုက်မလာနိုင်၍ အလုပ် ထွက်သွားချေပြီ။**

ဆူးလေ၊ လသာနှင့် ကြည့်မြင်တိုင်မြို့နယ်သာ။ ကမာကြည် တံတားဝန်းကျင်တွင်နေသော သူငယ်ချင်းထံ အားရက်စု၍ သွားလည်ကြရာ သာကေတ 'ဗန္ဓုလတံတား' ကိုဖြတ်၍ ဘတ်စ်ကားစီးကြရသည်။ ကျွန်မအတွက် ပထမဆုံးနယ်ကျော်၍ အလည်သွားခြင်းဖြစ်ရာ အရာအားလုံး မှတ်သားစရာတွေ ဖြစ်နေရသည့်အထဲ ကျွန်မတို့အုပ်စုတွင် ဟာသမပြောဘဲ သူပြောလျှင်ပင် ဟာသဖြစ်ဖြစ်သွားသည့် သူငယ်ချင်း လတ်လတ်မှ ကောက်ခါငင်ခါ ထပြောသည်မှာ-

''ငါဟယ် အစက စစ်သူကြီးမဟာဗန္ဓုလကို အထင်ကြီးတယ်ဟဲ့''

ကျွန်မတို့တစ်တွေမှာ လိုင်းကားကြပ်ကြပ်ပေါ်တွင် ခေါင်းတွေ ချာခနဲလည်လာကြကာ

''ခု ဘာဖြစ်လို့တုန်း''ဟု ဝိုင်းမေးလိုက်ကြရာ

ဒေါ်လတ်လတ်မှ မျက်နှာညှိုးညှိုးနှင့် ပြောလာသည်မှာ

''သူသေပုံ သိသွားတဲ့နောက်ပိုင်း ငါမကြိုက်တော့ဘူးဟာ''ဟူ၏။

ဗဟုသုတကြွယ်ဝသော ကျွန်မတို့တစ်တွေ စစ်သူကြီး မည်သို့မည်ပုံ သေသွားသည်ကို အပြင်းအထန်

သီချင်စိတ်ပေါ်လာကြကာ လိုင်းကားကြပ်ကြပ်တွင် အတင်းတိုးဝှေ့ကာ လတ်လတ်ကို ဝိုင်းမေးကြတော့သည်။

“သူက ဘယ်လိုသေသွားလို့လဲဟေ နယ်ချဲ့တော်လှန်ရေးမှာ တိုက်ပွဲကျတာမို့လားလို့”

လတ်လတ်သည် အလွန်လျှို့ဝှက်သော အမူအရာကိုပြုကာ လေသံတိုးတိုးဖြင့် “ဟဲ့ ... သူက ဟိုဟာကို ဗုံးမှန်လို့သေတာတဲ့” ကျွန်မတို့တစ်တွေ သံပြိုင်ပင် “ဘယ်ဟာကိုလဲ” ဟု မေးလိုက်သဖြင့် အုပ်စုလိုက်ဖြစ်၍ အတော်ပင် အသံကျယ်သွားရာ လွန်စွာရှက်နေသော မျက်နှာပေးနှင့်ပြန်ဖြေလိုက်သည်မှာ “နင်တို့ကလည်း ဗန္ဓု ခနု–ဉ ဗုံးမှန်ဆိုတာ မကြားဖူးဘူးလား– ကဲ”

ကျွန်မတို့အုပ်စု အဲဒီတော့မှ စတင်ကြားဖူးသော ကာရံနဘေနှင့် ခံစားမှုတွေ ဆင့်ကဲဆင့်ကဲဖြစ်ပြီးနောက် ကျန်ရှိခဲ့သည်မှာတော့ တခိခိရယ်ချင်စိတ်ပင်။ အူလည်လည် သူငယ်ချင်းလတ်လတ်တစ်ယောက်ကဖြင့် သူ့ဘာသာပြောပြီး ရှက်မဆုံး။ စစ်သူကြီးအဖြစ်ကိုတွေးလိုက်၊ သူငယ်ချင်း၏ ဘာမဆိုင်ညာမဆိုင် စံပြုသည့် ခံစားချက်ကို တွေးလိုက်၊ သူ့အမူအရာကိုကြည့်လိုက်နှင့် မျက်နှာပိုး မသတ်နိုင်သည့်အုပ်စုဖြစ်ကာ လမ်းတစ်လျှောက် မျက်လုံးချင်းဆုံတိုင်း တဟိဟိဖြစ်နေကြသည်မှာ တစ်နေကုန်ပင်။ ကျွန်မလွမ်းသော အလုပ်ဝင်စ ဖြူစင်မှုများ။

နောက်အမှတ်ရစရာတစ်ခုက ဗိုလ်ချုပ်ဈေး ဈေးပွဲတော်ပင်ဖြစ်သည်။ တစ်ခေတ်တစ်ခါက ဝန်ထမ်းသစ်ခေါ်ယူခြင်း၌ ကျွန်မတို့အဖွဲ့သည် အများဆုံးဖြစ်ခဲ့ပြီး ရုံးတွင် ကျောင်းပြီးခါစ အငယ်ဆုံးအုပ်စုဖြစ်ရာ ရုံးမှ အရာရှိကြီးများအတွက် ကလေးသာသာပင်။ ကလေးများကဲ့သို့ တဟဲ့ဟဲ့နှင့် ရုံးစည်းကမ်းကို သင်ကြရသည်။ ခြောက်ထပ်ရုံးမှာ မြို့လယ်စိုက်ရုံးဖြစ်၍ ဈေးပွဲတော်ကို ရုံးဆင်းအိမ်မပြန်ခင် သူငယ်ချင်းအုပ်စုလိုက် သွားကြည့်ချင်ကြရာ နေ့ခင်း လက်ဖက်ရည်သောက်ဟု အကြောင်းပြကာ အောက်ဘလောက် တည်ရှိရာရုံးမှ အထက်ဘလောက် ဈေးပွဲတော်သို့ ချီတက်ကြတော့သည်။ ဈေးထဲတွင် ပတ်ကြည့်ပြီး အပြီးသတ် အင်္ကျီတစ်ထည်အား အုပ်စုထဲမှ တစ်ယောက်က ဈေးဆစ်နေ၍ စောင့်နေကြချိန် လူတစ်ယောက် ရေးကြီးသုတ်ပျာဝင်၍ ဆိုင်ရှင်အား တိုးတိုးကပ်ပြောလိုက်သည်ကို ကြားလိုက်သည်မှာ–

“ဒေါ်ကြည်ဆိုင် ဗုံးပေါက်လို့” တဲ့

ကျွန်မတို့တစ်တွေ ‘ဟာခနဲ’ ဖြစ်လျက် ချက်ချင်း ပြေးထွက်ခဲ့ကြသည်။ ပါးစပ်မှလည်း တတွတ်တွတ်ရေရွတ်ကြသည်မှာ – “သွားပြီ ငါတို့ခိုးထွက်တဲ့နေ့မှ ရုံးနားက ဒေါ်ကြည် မုန့်ဟင်းခါးဆိုင် ဗုံးပေါက်ရတယ်လို့”

ဗိုလ်ချုပ်ဈေးအထွက်တွင် လူအုပ်ကြီးမှာ ကြိတ်ကြိတ်တိုးနေသည်ကို “အလာတုန်းကထက် လူတွေ ပိုစည်နေပါသလား” ဟု တွေးလည်းတွေး ပြောလည်းပြော အတားအဆီးတွေကို အတင်းကျော်ခွကာ အပြေးတစ်ပိုင်း ကျော်လွှားသွားခဲ့ကြသည်။ ရုံးကို အချိန်မီ ပြန်ရောက်ရေး တို့အရေး မဟုတ်ပါလား။ ရုံးရောက်သော် ..... အေးချမ်းလျက်ရှိသည့် ရုံးသူရုံးသားများကိုမြင်၍ ဇောချွေးများသုတ်လျက် အံ့သြဘနန်းဖြစ်ရ၏။ အထက်အရာရှိ အန်တီမှ လက်ဖက်ရည်ဆိုင်မှ ပြန်လာသည် ထင်ကာ “အပြင်မှာ သတင်းမကြားခဲ့ဘူးလား ဘယ်မှလျှောက်မသွားနဲ့နော် ဗိုလ်ချုပ်ဈေးရှေ့က ဇော်ဂျီ ကော်ဖီဆိုင် ဗုံးပေါက်လို့တဲ့” ဟု ပြောသောအခါ ‘ဟိုက်ခနဲ’ ဖြစ်ရလေသည်။

ဇော်ဂျီဆိုင်နှင့် ဒေါ်ကြည်ဆိုင် နားကြားလွဲပြီး တကယ်အခင်းဖြစ်သောနေရာကို အတင်း တွန်းထိုး ကျော်ခွ၍ ထွက်ပြေးလာသော ကျွန်မတို့အုပ်စု ဖြစ်ခဲ့လေတော့သတည်း။ ထူးအိမ်သင် သီဆိုသည့် နည်းနည်းလေးတော့ လွဲနေတယ်၊ လွဲလွဲလေးပဲ ကောင်းပါတယ် သီချင်းနှင့်အတူ အပြိုင်အဆိုင်ကင်းကင်း ဖြူစင်ခဲ့သော လုပ်ငန်းခွင်ဝင်စ ကာလတချို့ အမှတ်တမဲ့မှ အမှတ်တရများစာစုအား ရေးသားသီကုံးကာ သူငယ်ချင်းများကို အမှတ်ရလျက်။ သူငယ်ချင်းများမှလည်း ပြန်ပြောင်းအမှတ်ရစေရန် ရည်ရွယ်လျက်။